


ATHAN အသံ
FREEDOM OF EXPRESSION ACTIVIST ORGANIZATION

အသံ - လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်လှုပ်ရှားမှုအဖွဲ့

# ၄

# “အချိန်မီပြင်ဆင်ခွင့်”

## အစိုးရသက်တမ်း ၄ နှစ် အတွင်း

## လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ဆန်းစစ်ခြင်း

<u>သုတေသနအစီရင်ခံစာ</u>

# “အချိန်မီပြင်ဆင်ခွင့်”

## အစိုးရသက်တမ်း ၄ နှစ် အတွင်း
## လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ဆန်းစစ်ခြင်း

သုတေသနအစီရင်ခံစာ

အသံ - လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်လှုပ်ရှားမှုအဖွဲ့

# မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အဖွဲ့အစည်းနောက်ခံအကျဉ်း | d |
| | - သုတေသနနည်းလမ်း<br>- ဓာတ်ပုံမူပိုင်ခွင့် | ၁ |
| အခန်း (၁) | **နိဒါန်း** | ၂ |
| ၁.၁။ | နောက်ခံအခြေအနေ | ၂ |
| ၁.၂။ | လေးနှစ်အတွင်း အမှုဖွင့်အရေးယူခံရမှုများကို ခြုံငုံလေ့လာခြင်း | ၄ |
| အခန်း (၂) | **လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်** | ၈ |
| ၂.၁။ | ဆက်သွယ်ရေးဥပဒေကိုအသုံးပြု၍တရားစွဲဆိုခြင်း | ၉ |
| ၂.၂။ | နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့်ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို အကာအကွယ်ပေးရေးဥပဒေဖြင့် တရားစွဲဆိုခြင်းများ | ၁၄ |
| ၂.၃။ | အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေ | ၁၈ |
| ၂.၄။ | ရာဇသတ်ကြီး ပုဒ်မ ၅၀၅ (က)၊ (ခ) နှင့် (ဂ) တို့ဖြင့် တရားစွဲဆိုမှုဖြစ်စဉ်များ | ၁၈ |
| ၂.၅။ | ရာဇသတ်ကြီးပုဒ်မ ၅၀၀ ဖြင့်တရားစွဲဆိုမှုများ | ၂၃ |
| ၂.၆။ | ဖျက်သိမ်းရမည့် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ | ၂၄ |
| ၂.၇။ | နိုင်ငံတော်အကြည်ညိုပျက်စေမှု ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၂၄ (က) ဖြင့် တရားစွဲဆိုမှုများ | ၂၆ |
| ၂.၈။ | ရာဇသတ်ကြီးပုဒ်မ ၂၉၅ (က) ဖြင့် တရားစွဲဆိုမှုများ | ၂၇ |
| ၂.၉။ | လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် အချိုးဖောက်အခံရဆုံး ပြည်နယ် (၃) ခု | ၂၇ |
| အခန်း (၃) | **လွတ်လပ်စွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်** | ၃၀ |
| ၃.၁။ | ပြင်ဆင်မည့်ဥပဒေကြမ်းတွင် ပိုမိုကန့်သတ်ဖိနှိပ်မှုများ ပါဝင်နေခြင်း | ၃၁ |
| အခန်း (၄) | **သတင်းမီဒီယာလွတ်လပ်ခွင့်** | ၃၄ |
| ၄.၁။ | သတင်းမီဒီယာဥပဒေသည် သတင်းမီဒီယာလွတ်လပ်ခွင့်နှင့် သတင်းသမားများ၏ အခွင့်အရေးကို ကာကွယ်ပေးထားမှုမရှိခြင်း | ၃၄ |
| ၄.၂။ | ဧရာဝတီသတင်းဌာန မြန်မာပိုင်းအယ်ဒီတာ နှင့် ရိုက်တာသတင်းဌာနများကို တပ်မတော်မှ ဆက်သွယ်ရေး ဥပဒေ ပုဒ်မ ၆၆(ဃ)ဖြင့်တရားစွဲခြင်း | ၃၆ |

## မာတိကာ



| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄.၃။ | သတင်းရယူခြင်းအတွက်မတရားအသင်းဆက်သွယ်ရေးပုဒ်မဖြင့် တရားစွဲဆိုခံရခြင်း | ၃၇ |
| ၄.၄။ | ဆန္ဒပြပွဲ Live လွှင့်သူ သတင်းထောက် အရေးယူခံရခြင်း | ၃၈ |
| ၄.၅။ | ရခိုင်ပြည်နယ် အင်းဒင်ကျေးရွာလူသတ်မှုထုတ်ဖော်မှုကြောင့် ရိုက်တာ သတင်းထောက် ၂ ဦး နိုင်ငံတော် လျှို့ဝှက်အက်ဥပဒေဖြင့် အရေးယူခံရခြင်း | ၃၈ |
| ၄.၆။ | Myanmar Now အယ်ဒီတာချုပ် ကိုဆွေဝင်းအားတရားစွဲဆိုခြင်း | ၃၉ |
| ၄.၇။ | ကျည်ထောင်စုသစ္စာ သရော်စာရေးသူ တရားစွဲခံရခြင်း | ၃၉ |
| ၄.၈။ | သတင်းဖော်ပြမှုကြောင့် သတင်းထောက်များအား ဖမ်းဆီးနှိပ်စက်ခြင်းနှင့် တရားစွဲဆိုခြင်း | ၄၀ |
| အခန်း (၅) | **တားမြစ်ခြင်း၊ ကန့်သတ်ခြင်း၊ အမိန့်ညွှန်ကြားချက်များနှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်** | ၄၁ |
| ၅.၁။ | လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ရန် တားမြစ်ခြင်းများ ဆောင်ရွက်ခြင်း | ၄၂ |
| ၅.၂။ | လူမှုကွန်ရက်တွင် အစိုးရခေါင်းဆောင်များအား အကြည်ညိုပျက်စေရန် ပြုလုပ်လျှင် တရားစွဲဆိုရန် ညွှန်ကြား | ၄၄ |
| ၅.၃။ | ဆန္ဒထုတ်ဖော်ခြင်းနှင့်ပတ်သက်၍ နယ်မြေဒေသကန့်သတ်ခြင်း | ၄၄ |
| ၅.၄။ | ဒီးမော့ဆိုမြို့နယ်၌ ခွင့်ပြုချက်မရှိဘဲ ဆွေးနွေးပွဲ၊ ဟောပြောပွဲ၊ သင်တန်းများ မလုပ်ရန် သတိပေးခြင်း | ၄၅ |
| ၅.၅။ | လူ့အခွင့်ရေးဆိုင်ရာ ပညာပေးပွဲအား တောင်ကြီးစည်ပင်ခွင့်မပြု | ၄၆ |
| ၅.၆။ | ရခိုင်ပြည်နည်နှင့် ချင်းပြည်နယ်ရှိ ဒေသအချို့တွင် အင်တာနက်ဝန်ဆောင်မှုများ ရပ်ဆိုင်းခြင်း | ၄၆ |
| ၅.၇။ | ပညာရေးဝန်ကြီးအား ဝေဖန်သူများကို အရေးယူရန် စောင့်ကြည့်မည်ဟု ပညာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ပြောဆိုခြင်း | ၄၇ |
| ၅.၈။ | မွန်တော်လှန်ရေးနေ့အထိမ်းအမှတ်ဆိုင်းဘုတ်များစိုက်ထူခြင်းနှင့်ပက်သက်၍ မွန်ပြည်နယ်အစိုးရအဖွဲ့က ခေါ်ယူတွေ့ဆုံခြင်း | ၄၇ |
| ၅.၉။ | ငြိမ်းချမ်းရေးလူထုနှီးနှောဖလှယ်ပွဲ သတိပေးခံရခြင်း | ၄၇ |
| ၅.၁၀။ | ရွှေဝါရောင်တော်လှန်ရေး ၁၀နှစ်ပြည့် အခမ်းအနားကို ပြောင်းရွှေ့ကျင်းပခဲ့ရခြင်း | ၄၈ |
| ၅.၁၁။ | ဒုစရိုက်မှုများ လျော့ကျရေး လူထုဆွေးနွေးပွဲကို ဖျက်သိမ်းခြင်း | ၄၈ |

# မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅.၁၂။ | တောင်သူမြေယာနှင့် သယံဇာတ ဆွေးနွေးပွဲတွင် ဝင်ရောက်ဆွေးနွေးခွင့် ကန့်သတ်ခံရ | ၄၈ |
| အခန်း (၆) | **အစီရင်ခံစာအနှစ်ချုပ်** | ၄၉ |
| ၆.၁။ | အဓိကတွေ့ရှိချက်များ<br>- ဥပဒေများကို ထိရောက်စွာမပြင်ဆင်ခဲ့ခြင်း<br>- အင်တာနက်ဖြတ်တောက်ခံရခြင်းနှင့် ဝက်ဘ်ဆိုက်များ ပိတ်သိမ်းခြင်း<br>- မတရားဥပဒေများကို အသုံးပြုပြီး အရေးယူဖမ်းဆီးမှုများ ဆက်လက်လုပ်ဆောင်နေခြင်း | ၄၉ |
| ၆.၂။ | အကြံပြုချက်များ<br>- လွှတ်တော်သို့<br>- အစိုးရနှင့် တပ်မတော်သို့<br>- တရားစီရင်ရေးနှင့် တရားရုံးများသို့<br>- မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသို့ | ၅၂ |

# အဖွဲ့အစည်းနောက်ခံအကျဉ်း

“အသံ”အဖွဲ့ကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပေါ် ယုံကြည်အလေးထားသော လူငယ်များက ဦးဆောင်၍ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၁၅) ရက်နေ့တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်သည်။ ဆက်သွယ်ရေး ဥပဒေဆိုင်ရာသုတေသနအဖွဲ့ နှင့် We Support Journalists အဖွဲ့တို့ပူးပေါင်းကာ လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်နှင့်ဆိုင်သောအရေးကိစ္စများကို ပိုမိုကျယ်ပြန့်စွာ လုပ်ဆောင်နိုင်ရန် ရည်ရွယ်၍ “အသံ”အဖွဲ့ ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

ဆက်သွယ်ရေးဥပဒေ၊ ငြိမ်းစုစီဥပဒေ၊ မတရားအသင်းဥပဒေ၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅(ခ)၊ (ဂ)၊ နှင့် နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့်လုံခြုံမှုကိုအကာအကွယ်ပေးရေးဥပဒေ တို့ဖြင့် တရားစွဲ ဆိုခံထားရသော အမှုစာရင်းများပြုစုခြင်း၊ တရားစွဲဆိုခံထားရသော သတင်းသမားများ စာရင်းကို ပြုစု ခြင်း၊ လွတ်လပ်စွာထုတ်ဖော်ခွင့်ကို ပိတ်ပင်ထားသော ဖြစ်စဉ်များ၊ အရေးယူတရားစွဲဆိုခြင်းများကို စောင့်ကြည့်မှတ်တမ်းတင်ခြင်း၊ အစီရင်ခံစာများ ထုတ်ပြန်ခြင်း၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အဟန့်အတား ဖြစ်နေသောဥပဒေများ ပြုပြင်ပြောင်းလဲရေးအတွက် ဥပဒေပြု အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများကို စည်းရုံးလှုံ့ဆော်ခြင်း အပါအဝင် လိုအပ်သော ဒေသများတွင် လွတ် လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ အသိပညာဖြန့်ဝေမှုများပြုလုပ်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ပြု လုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

# သုတေသန နည်းလမ်း

"အချိန်မီပြင်ဆင်ခွင့် - အစိုးရသက်တမ်း ၄ နှစ် အတွင်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ဆန်းစစ်ခြင်း" အစီရင်ခံစာသည် လက်ရှိအစိုးရလက်ထက် ၂၀၁၆ ခုနှစ်၊ ဧပြီ ၁ ရက်နေ့မှ ၂၀၂၀ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့်ပတ်သက်၍ ချိုးဖောက်ခံရမှုများကို မှတ်တမ်းပြုစုရေးသားထားခြင်းဖြစ်သည်။ အစီရင်ခံစာကိုရေးသားရာတွင် နေ့စဉ်ထုတ်သတင်းစာများ၊ ဂျာနယ်များမှ သတင်းများနှင့် ခိုင်မာသောအွန်လိုင်းသတင်းများမှ သတင်းများကို နေ့စဉ်စောင့်ကြည့်လေ့လာခြင်း၊ သတင်းများနှင့် ဖြစ်စဉ်များအား ပြန်လည်မှတ်တမ်းကောက်ယူခြင်းများဖြင့် ကဏ္ဍအလိုက် ခွဲခြမ်းစိတ်ဖြာကာ မှတ်တမ်းပြုစုထားသည်။ ထို့ပြင် တရားရုံးထုတ်များသို့ သွားရောက်လေ့လာမေးမြန်းခြင်း၊ ဖုန်းဖြင့် ဆက်သွယ်မေးမြန်းခြင်းများနှင့် ဆန္ဒထုတ်ဖော်ပွဲများသို့ သွားရောက်၍ အချက်အလက် မှတ်တမ်းယူခြင်းများလည်း ပြုလုပ်ထားသည်။ ယခင်ထုတ်ဝေပြီးသော အစီရင်ခံစာများ၊ အခြား အရပ်ဘက်အဖွဲ့အစည်းများမှ ထုတ်ဝေသောအစီရင်ခံစာများ နှင့် အစိုးရမှ တရားဝင်ထုတ်ပြန်သော ထုတ်ပြန်ချက်များအား ဖတ်ရှုကိုးကားထားသည်။

## ဓာတ်ပုံမူပိုင်ခွင့်

ဤအစီရင်ခံစာတွင် အသုံးပြုထားသည့် ဓာတ်ပုံအများစုသည် Myanmar Pressphoto Agency (MPA) မှ ဖြစ်သည်။

# နိဒါန်း




## အခန်း (၁) ။ နိဒါန်း

### ၁.၁ ။ နောက်ခံအခြေအနေ

မြန်မာနိုင်ငံသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ပတ်သက်လျှင် ၁၉၆၂ ခုနှစ်နောက်ပိုင်းမှစ၍ ယနေ့အချိန်ထိ အိပ်မက်ဆိုးထဲတွင် ရှင်သန်နေရဆဲဖြစ်သည်။ လွတ်လပ်ရေးရပြီးနောက် ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် လွတ်လပ်စွာတွေးခေါ်ခွင့်ကို အာမခံချက်ပေးထားနိုင်ခဲ့သည်ဟု ဆိုကြသည်။ ၁၉၅၀ တွင် မြန်မာနိုင်ငံ၏ သတင်းစာလွတ်လပ်ခွင့်သည် အာရှတွင် အလွတ်လပ်ဆုံးများထဲမှ တစ်ခုအဖြစ် ရပ်တည်နိုင်ခဲ့သည်။ သို့သော် ၁၉၆၂ ခုနှစ် ဗိုလ်ချုပ်နေဝင်းအစိုးရ အာဏာရယူပြီးချိန်မှစ၍ ဗမာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဦးဆောင်သော တစ်ပါတီစနစ်အောက်တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် အပါအဝင် အခြားသော လူ့ရပိုင်ခွင့်များပါ လျော့နည်းဆုံးရှုံးခဲ့ရသည်။ တစ်ပါတီအာဏာရှင်အစိုးရ၏ ဖိနှိပ်မှု၊ အခြေခံ လူ့ရပိုင်ခွင့်များစွာ ဆုံးရှုံးမှု၊ စီးပွားရေးကျဆင်းမှုနှင့် အစစအရာရာနိမ့်ကျ နွမ်းပါးမှုတို့ကြောင့် နိုင်ငံ တစ်ဝန်းလုံး ပြည်သူတစ်ရပ်လုံး ပါဝင်သော ရှစ်လေးလုံး အရေးတော်ပုံကြီး ပေါ်ပေါက်လာခဲ့သည်။ လူထုတစ်ရပ်လုံး ပါဝင်ဆန္ဒထုတ်ဖော်သည့် အရေးတော်ပုံကြီး ပြီးနောက်တွင် ၁၉၉၀ ပါတီစုံရွေးကောက်ပွဲကို ကျင်းပပေးခဲ့သော်လည်း အနိုင်ရပါတီနှင့် ကိုယ်စားလှယ်များကို တပ်မတော်က အာဏာလွှဲပြောင်းပေးခြင်းမရှိဘဲ နိုင်ငံတော်

အာဏာကို လုံးလုံးလျားလျား သိမ်းပိုက်ခဲ့ပြန်သည်။ အာဏာသိမ်းပြီးနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (စစ်အစိုးရ) မှ နိုင်ငံကို အဘက်ဘက်မှ ဖိနှိပ်အုပ်ချုပ်ခဲ့ကာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်သည်လည်း အခြားရပိုင်ခွင့်များနည်းတူ ဆုံးရှုံးခဲ့ရသည်။

ထို့နောက် စစ်အစိုးရမှ ဦးဆောင်ရေးဆွဲခဲ့သော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ခဲ့ပြီး ၂၀၁၀ အထွေထွေ ရွေးကောက်ပွဲကျင်းပခဲ့သည်။ ရွေးကောက်ပွဲတွင် စစ်ဗိုလ်ချုပ်ဟောင်းများ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီအနိုင်ရပြီး စစ်ဗိုလ်ချုပ်ဟောင်း ဦးသိန်းစိန် ဦးဆောင်သော အစိုးရပေါ်ပေါက်ကာ စစ်အုပ်ချုပ်ရေးစနစ်မှ ဟန်ပြဒီမိုကရေစီစနစ်သို့ စတင်ကူးပြောင်းခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၄ တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ရေးသားဖြန့်ဝေခွင့်၊ ပုဒ်မ ၃၆၅ တွင် အနုပညာဆိုင်ရာလွတ်လပ်ခွင့်တို့ကို ရေးသားဖော်ပြထားသော်လည်း တည်ဆဲဥပဒေများနှင့် မဆန့်ကျင်လျှင် ဖော်ပြပါအခွင့်အရေးများကို ကျင့်သုံးခွင့်ရှိသည်ဟု ခြေဆင်းတွင်ဖော်ပြကာ ပြန်လည်ကန့်သတ်ထားသည်ကို တွေ့ရသည်။ တစ်နည်းအားဖြင့် ဆိုရသော် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်ကို ပေးထားသယောင်နှင့် ကန့်သတ်ထားခြင်းဖြစ်ပေသည်။

ထို့ပြင် သတင်းမီဒီယာလွတ်လပ်ခွင့်နှင့် သတင်းအချက်အလက် လွတ်လပ်ခွင့်အတွက် အကာကွယ်ပေးထားသော ပုဒ်မများလည်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါဝင်ခြင်းမရှိပေ။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ပြဋ္ဌာန်းချက်သည် ပင်စည်သဖွယ်ဖြစ်သည့် အခြေခံဥပဒေတွင်ပင် ကာကွယ်ပေးခံခြင်းမရှိသည့်အပြင် ဖိနှိပ်ခံနေရသည်။

ဦးသိန်းစိန်အစိုးရလက်ထက်၌ ပုဂ္ဂလိက သတင်းစာများ၊ ဂျာနယ်များကို ထုတ်ဝေခွင့်ပြုခဲ့ခြင်း၊ သံချပ်များပြန်လည်လက်ခံခြင်းနှင့် ဆန္ဒပြခြင်းတို့ကို ဥပဒေတစ်ရပ်ရေးဆွဲကာ ခွင့်ပြုခဲ့ခြင်းတို့ကြောင့် ယခင် ဦးသန်းရွှေ ဦးဆောင်သော နအဖ စစ်အစိုးရ နှင့် နှိုင်းယှဉ်လျှင် တိုးတက်လာသည်ဟု ဆိုနိုင်သည်။ ထို့နောက် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၌ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ (NLD) သောင်ပြိုကမ်းပြိုအနိုင်ရခဲ့ပြီး လူ့အခွင့်အရေးနှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်တို့ ပိုမိုရရှိလိမ့်မည်ဟု မျှော်လင့်ခဲ့ကြသည်။ ယခုအစီရင်ခံစာ တွင် NLD အစိုးရသစ်လက်ထက် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၂၀ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ထိ အစိုးရသက်တမ်း ၄ နှစ်အတွင်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့်ပတ်သက်၍ တွေ့ရှိချက်များအား မှတ်တမ်းတင် လေ့လာဖော်ထုတ်ထားပါသည်။

## ၁.၂ ။ လေးနှစ်အတွင်း အမှုဖွင့်အရေးယူခံရမှုများကို ခြုံငုံလေ့လာခြင်း


အစိုးရသက်တမ်း ၄ နှစ်ကာလအတွင်းတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ချိုးဖောက်ခံရမှု အမြောက်အများ ပေါ်ပေါက်ခဲ့ပေသည်။ ချိုးဖောက်ခံရမှုများသည် ပုံစံအမျိုးမျိုးဖြင့် ရှိကြသည်။ ထင်သာ မြင်သာရှိသော ချိုးဖောက်မှုပုံစံမှာ တည်ဆဲဥပဒေတစ်ရပ်ရပ်ဖြင့် အမှုဖွင့်အရေးယူခြင်းဖြစ်ပြီး အခြားသော ချိုးဖောက်မှုပုံစံများမှာ အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်းဖြင့်လည်းကောင်း၊ ဆန္ဒထုတ်ဖော်မှုများနှင့် ပွဲလမ်းသဘင်၊ အခမ်းအနား၊ လူစုဝေးမှုများကို ပိတ်ပင်ခြင်းဖြင့်လည်းကောင်း စသည့် ပြည်သူတို့၏ အသံကို တစ်နည်းမဟုတ် တစ်နည်းဖြင့် ပိတ်ပင်ခြင်းတို့ ဖြစ်ကြသည်။

ယခုအခန်းခွဲတွင် အမှုဖွင့်အရေးယူခံရမှုပုံစံဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ချိုးဖောက်ခံရမှုများကို သီးသန့် တင်ပြသွားမည် ဖြစ်ပါသည်။


### (က) တရားစွဲဆိုခံရမှုများ

လေးနှစ်သက်တမ်းအတွင်းတွင် အမှုဖွင့်တရားစွဲဆိုခံရမှု စုစုပေါင်း ၅၃၉ မှု အထိပေါ်ပေါက်ခဲ့ပြီး အနည်းဆုံး လူပုဂ္ဂိုလ် ၁၀၅၁ ဦး တရားစွဲဆိုခံခဲ့ရသည်။


တရားစွဲဆိုမှုများသည် နှစ်အလိုက် တရိပ်ရိပ်မြင့်တက်လာသည်ကို တွေ့ရပြီး အစိုးရသက်တမ်း ဒုတိယနှစ်အတွင်းဖြစ်ပွားခဲ့သည့် တရားစွဲဆိုမှုများသည် ပထမနှစ်ကထက် ဖြစ်ပွားမှု ၁၉ ရာခိုင်နှုန်း ထပ်မံမြင့်တက်လာသည်ကို တွေ့ရှိရသည်။ အစိုးရသက်တမ်းအတွင်း အမှုဖြစ်ပွားမှုအများဆုံး တတိယမြောက် အုပ်ချုပ်ရေးနှစ်တွင်လည်း အစိုးရတာဝန် စတင်ထမ်းဆောင်သည့် ပထမနှစ်နှင့် နှိုင်းယှဉ်ရင် ၄၉ ရာခိုင်နှုန်း ဆက်လက်မြင့်တက်လာသည်ကို လေ့လာတွေ့ရှိရပါသည်။ အစိုးရသက်တမ်း လေးနှစ်မြောက်တွင် ပေါ်ပေါက်ခဲ့သည့် တရားစွဲဆိုမှုများမှာ တတိယနှစ်အတွင်း ဖြစ်ပွားခဲ့သည့် အမှုအရေအတွက်နှင့် ကွာခြားမှုမရှိသော်လည်း ပထမနှစ်နှင့် နှိုင်းယှဉ်ပါက ၄၆ ရာခိုင်နှုန်း သိသိသာသာ မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။




*ပုံ - နှစ်အလိုက် တရားစွဲဆိုခံရမှု မြင့်တက်လာမှုပြ ပုံဇယား*




*ပုံ – တရားစွဲဆိုရာတွင် အသုံးပြုသည့် ဥပဒေအမျိုးအစားနှင့်*
*စွဲဆိုသည့် အကြိမ်အရေအတွက်အား နှစ်အလိုက် ဖော်ပြမှု*





*ပုံ – တရားစွဲဆိုခံရသူအမျိုးအစားနှင့် အရေအတွက်ပြ ပုံဇယား*

### (ခ) ချိုးဖောက်သူများ


တရားစွဲဆိုမှုပြုလုပ်ရာတွင် တရားလိုပြုလုပ်တိုင်တန်းမှု အများဆုံးမှာ အစိုးရဖြစ်သည်။ ဒုတိယအများဆုံးမှာ အရပ်သားပြည်သူများဖြစ်သည်။ အရပ်သားပြည်သူများက တရားလိုပြုလုပ်တိုင်တန်းရာတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ အစိုးရနှင့် NLD ပါတီ၊ USDP ပါတီ စသည့်တို့ကို ဝေဖန်ပြောဆိုသူများအား ကြားလူအနေဖြင့် အမှုဖွင့်တရားစွဲဆိုခဲ့မှုများကိုလည်း တွေ့ရှိရပါသည်။

ထူးခြားချက်အနေဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ချိုးဖောက်၍ အမှုဖွင့်တရားစွဲဆိုမှုများတွင် သတင်းမီဒီယာများလည်း ပါဝင်ခဲ့သည်ကို တွေ့ရှိရပါသည်။ ၎င်းတို့သည် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့တွင် သတင်းမီဒီယာတိုက်များ၊ မီဒီယာလုပ်ငန်းရှင်များနှင့် သတင်းဖော်ပြမှုပုံစံတို့ကို ဝေဖန်ခဲ့သည့် အရပ်သားပြည်သူများကို ဆက်သွယ်ရေးဥပဒေဖြင့် အမှုဖွင့် အရေးယူခဲ့ကြခြင်း ဖြစ်သည်။ အချို့အမှုများကို သတင်းမီဒီယာတိုက်များက ပြန်လည် ရုတ်သိမ်းပေးခဲ့သည်ကို တွေ့ရှိရပါသည်။




*ပုံ – တရားစွဲဆိုသူအမျိုးအစားနှင့် တရားစွဲဆိုသည့် အကြိမ်အရေအတွက်*

# လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်



## အခန်း (၂) ။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်


လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်သည် အခြေခံအကျဆုံးသော လူ့ရပိုင်ခွင့်တစ်ရပ်ဖြစ်သကဲ့သို့ လွတ်လပ်သော ဒီမိုကရက်တစ် လူ့အဖွဲ့အစည်းတစ်ခု တည်တံ့ဖွံ့ဖြိုးရန် အခြေခံအုတ်မြစ်တစ်ခုလည်းဖြစ်သည်။ ဒီမိုကရေစီအသွင် ကူးပြောင်းခါစဖြစ်သော မြန်မာနိုင်ငံတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့်ပတ်သက်၍ စိန်ခေါ်ချက်များစွာ၊ ဖိနှိပ်မှုများစွာဖြင့် ရင်ဆိုင်နေရဆဲဖြစ်သည်။ နိုင်ငံတော်၏ အမြင့်ဆုံးဥပဒေဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေမှစ၍ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းတို့တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ထိန်းချုပ်ကန့်သတ်ထားပေသည်။

၂၀၁၅ ရွေးကောက်ပွဲတွင် လူထုတခဲနက်ထောက်ခံမှုဖြင့် အစိုးရဖြစ်လာခဲ့သည့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်(NLD) လက်ထက်တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့်ပတ်သက်လျှင် တစ်စုံတစ်ရာ အာမခံချက်ရှိလာနိုင်မည်ဟု မျှော်လင့်ခဲ့ကြသည်။ ဥပဒေပြုပြင်ပြောင်းလဲမှုအပိုင်းတွင် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေနှင့် ဆက်သွယ်ရေးဥပဒေတို့ကို မည်ကာမတ္တ ပြင်ဆင်ပေးခဲ့ပြီး ပြည်သူများ၏ အစိုးရအပေါ် ဝေဖန်မှုများကို အရေးယူအပြစ်ပေးနိုင်ရန် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကိုအကာအကွယ်ပေးရေးဥပဒေကို လက်နက်တစ်ခုအဖြစ် အသုံးပြုနိုင်ရန် ပြဌာန်းခဲ့သည်။ သတင်းသမားများကို လွယ်လင့်တကူ တရားစွဲဆိုခဲ့ခြင်းနှင့် သတင်းမီဒီယာသမားများ စဉ်ဆက်မပြတ်

တောင်းဆိုခဲ့သော သတင်းမီဒီယာဥပဒေကို ပြင်ဆင်မပေးခဲ့ခြင်းသည်လည်း NLD အစိုးရ၏ သတင်းမီဒီယာ လွတ်လပ်ခွင့်အပေါ် ရပ်တည်ချက် သဘောထားကို သက်သေထူနေသည်။ ဤအခန်းတွင် NLD အစိုးရလက်ထက် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို တည်ဆဲဥပဒေပုဒ်မများ အသုံးပြု၍ ချိုးဖောက်ထားခြင်းများကို ဥပဒေတစ်ခုချင်းစီအလိုက် ဖော်ပြပေးသွားမည် ဖြစ်သည်။

## ၂.၁။ ဆက်သွယ်ရေးဥပဒေကိုအသုံးပြု၍ တရားစွဲဆိုခြင်း

ဆက်သွယ်ရေးဥပဒေကို ယခင်အစိုးရလက်ထက် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၈ရက်နေ့တွင် စတင်ပြဋ္ဌာန်းခဲ့ပြီး ယခုအချိန်တွင် ၆ နှစ်နှင့် ၅ လ သက်တမ်းရှိသော ဥပဒေတစ်ခုဖြစ်သည်။ ယင်းဥပဒေ၏ အခန်း (၂)၊ အပိုဒ်ခွဲ (၄) တွင် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်၊ အများပြည်သူဆက်သွယ် အသုံးပြုနိုင်သည့် အခွင့်အလမ်းများ ပိုမိုရရှိစေရန်၊ တည်ထောင်သူနှင့်အသုံးပြုသူများအကြား ဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရန်၊ ကွန်ရက်အထောက်အကူပစ္စည်းများ လိုင်စင်ရယူပြီးမှသာ အသုံးပြုခွင့်ရှိစေရန်ဟူ၍ ၎င်း၏ ရည်ရွယ်ချက်များကို ဖော်ပြထားသည်။ မြန်မာနိုင်ငံသို့ နိုင်ငံတကာမှဝင်ရောက်လာမည့် ဆက်သွယ်ရေးကုမ္ပဏီများအတွက် ရည်ရွယ်ပြီး ပြဋ္ဌာန်းခဲ့သော်လည်း ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကာလမတိုင်ခင်မှစ၍ ပြည်သူလူထု၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ခြိမ်းခြောက်လာသည့် အသုံးချလက်နက်တစ်ခုဖြစ်လာသည်။ ၂၀၁၅ ရွေးကောက်ပွဲကာလအတွင်း တပ်မတော်ကို အွန်လိုင်းပေါ်တွင် ဝေဖန်ခဲ့သည့် ပြည်သူတစ်ဦးအား တရားစွဲဆိုခဲ့ခြင်းဖြင့် ဆက်သွယ်ရေးဥပဒေ၏ အဆိုးကျော့သံသရာစတင်ခဲ့သည်။ ယခင်အစိုးရ လက်ထက်တွင် ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆိုမှု (၁၁) မှု၊ လက်ရှိအစိုးရလက်ထက်တွင် ဥပဒေမပြင်ဆင်ရသေးမီ (၁၀၂) မှုနှင့် ဥပဒေပြင်ဆင်ပြီးနောက် ယခုအချိန်ထိ (၁၂၇) မှု အထိရှိနေခဲ့သည်။ အဆိုပါ ဥပဒေဖြင့်တရားစွဲဆိုခံရလျှင် ထောင်ဒဏ် (၃) နှစ် ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ သို့မဟုတ် ဒဏ် ၂ ရပ်စလုံးဖြစ်စေ ချမှတ်ခံရနိုင်ပြီး အမြင့်ဆုံးပြစ်ဒဏ်မှာ (၃)နှစ်ဖြစ်နေသည့်အတွက် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေအရ အာမခံပေး၍ မရသည့်အတွက် တရားစွဲခံရသူများသည် အမှုစစ်ဆေးမှုမပြီးမချင်း လပေါင်းများစွာကြာအောင် ထောင်အချုပ်ဖြင့် အမှုရင်ဆိုင်ခဲ့ရသည်။




*ပုံ – ဆက်သွယ်ရေးဥပဒေအသုံးပြု၍ တရားစွဲမှုများအား အချိန်အပိုင်းအခြား အလိုက် ဖော်ပြခြင်း*

ထို့နောက် အရပ်ဘက်အဖွဲ့အစည်းများ၊ ဥပဒေပညာရှင်များ၊ တက်ကြွလှုပ်ရှားသူများက ဥပဒေပြင်ဆင်ရန် ကြိုးစားခဲ့ကြပြီးနောက် ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ဥပဒေကို ပြင်ဆင်ခဲ့သည်။ ထိုပြင်ဆင်ချက်တွင် ပုဒ်မ ၆၆ (ဃ) ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် (၂) နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ်တစ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ပါရှိသည်။ ယခင်ကထက် ပြစ်ဒဏ်လျှော့ပေါ့၍ အချုပ်လွတ်ထုချေခွင့်ရှိသော်လည်း ဥပဒေ၏ အဓိက ပြဿနာဖြစ်သည့် အသရေဖျက်မှုအပိုင်းမှာ ပျက်ပြယ်မသွားပေ။ အသရေဖျက်မှုများအတွက် ပြစ်မှုဆိုင်ရာ ရာဇသတ်ကြီးဥပဒေ အခန်း-၂၁၊ ပုဒ်မ-၅၀၀ တွင် ပြစ်မှု၊ ပြစ်ဒဏ်များ၊ ပြဋ္ဌာန်းချက်များတည်ရှိပြီးဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့သော သက်သေခံအက်ဥပဒေအရလည်း လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် (သို့မဟုတ်) အဖွဲ့အစည်းကို ဂုဏ်သိက္ခာ ပျက်ယွင်းစေရန် အကြံအစည်ဖြင့် အွန်လိုင်းတွင်ဆောင်ရွက်ပါက ရာဇသတ်ကြီးဥပဒေ၊ ပုဒ်မ ၅၀၀ ဖြင့် အရေးယူနိုင်သည်။ သို့သော် ဆက်သွယ်ရေးဥပဒေ၌ အသရေဖျက်မှုအား ထပ်မံပြဋ္ဌာန်းထားသဖြင့် ဥပဒေအချင်းချင်း ပဋိပက္ခဖြစ်ပွားစေခဲ့သည်။ ထို့အပြင် ဆက်သွယ်ရေးဥပဒေပုဒ်မ-၆၆(ဃ)ဖြင့် တရားစွဲဆို ပါကအဆင့်များပြားပြီး ရှုပ်ထွေးမှုများရှိသည်။ အမှုကျေအေးခြင်း၊ ပြန်လည်ရုပ်သိမ်း ခြင်းပြုလုပ်ရန်ကိုပင် အဆင့်ဆင့် ဆောင်ရွက် ရသဖြင့် စွပ်စွဲခံရသူအတွက် နစ်နာမှုများ ရှိနေသည်။ အသံအဖွဲ့၏ သုတေသနတွေ့ရှိချက်အရ အမှုဖွင့်ဖြစ်စဉ်သည် တစ်နှစ်နီးပါးအထိ ကြာမြင့်တတ်ပြီး၊ အမှုပိတ်သိမ်းပါက လည်း အနည်းဆုံး ၆ လခန့် ကြာမြင့်တတ်သည်။ ထို့ကြောင့် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ)၊ ၆၈(က)တို့ကို ပယ်ဖျက်သင့်ပါသည်။

ထို့ပြင် ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့မှစ၍ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်ရှိ မြို့နယ်(၉)မြို့နယ်တွင် အင်တာနက် လိုင်းများဖြတ်တောက်ရန် အစိုးရ၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနက သက်ဆိုင်ရာ ဆက်သွယ်ရေးကုမ္ပဏီများထံ ဆက်သွယ်ရေးဥပဒေ၊ ပုဒ်မ (၇၇) အရ အမိန့်ပေးညွှန်ကြားခဲ့ပါသည်။ လူ့ရပိုင်ခွင့် သတ်မှတ်ချက်များအရ အစိုးရတစ်ရပ်သည် မည်သည့်အခြေအနေတွင်မှ ပြည်သူလူထု၏ အင်တာနက်ရရှိမှုနှင့် ဖုန်းဆက်သွယ်မှုများကို ဖြတ်တောက်ခွင့်မရှိသင့်ပေ။ ထိုကဲ့သို့ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို ရပ်ဆိုင်းပစ်ရန် အစိုးရအား အခွင့်အာဏာအပြည့်အဝပေးထားသော ဆက်သွယ်ရေးဥပဒေပါ ပုဒ်မ (၇၇) နှင့် (၇၈) တို့ကိုလည်း ပယ်ဖျက်ရန် လိုအပ်ပါသည်။

### ထင်ရှားသောအမှုများ


### ၂.၁.၁။ လွှတ်တော်ကိုယ်စားလှယ်အား ဝေဖန်မှုကြောင့် ထောင်ဒဏ် (၂) နှစ်ကျခဲ့သူ

၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂ ရက်၌ ပေါင်မြို့နယ် ရဲစခန်းတွင် နစ်နာမှုအတွက် ပေါင်မြို့နယ် မဲဆန္ဒနယ်မြေအမှတ် (၂) လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဇော်ထူးက LarHtar Kay (Facebook Account) ပိုင်ရှင် ဦးအောင် ဆန်းဦးအား Facebook လူမှုကွန်ရက်စာမျက်နှာပေါ်၌ "အဆင့်အတန်းမရှိတဲ့ အရက်သမား၊ အရူးဘုံမြှောက်" ဟု ဆိုရှယ်မီဒီယာပေါ် ရေးသားခဲ့မှုကို Paung Group Page တွင်ကြည့်ရှုသူ နှစ်သောင်းကျော်ခန့်ရှိခဲ့သည်။ "ဆန္ဒမဲပေးသည့်ပြည်သူကို အရူးဟု ခိုင်းနှိုင်းပြောဆိုရာရောက်သည့်အတွက် ၎င်းအား အသရေပျက်အောင်ရေး သည်" ဟုဆိုကာ ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆိုခဲ့သည်။ ယင်းတရားစွဲဆိုမှုအား ပေါင်မြို့နယ်တရားရုံးမှ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁ရက်နေ့တွင် အလုပ်ကြမ်းနှင့် ထောင်ဒဏ်(၂) နှစ် ချမှတ်ခဲ့သည်။ ဆက်သွယ်ရေးဥပဒေ ပြဋ္ဌာန်းပြီးချိန်မှစ၍ ယခုအမှုသည် ပြစ်ဒဏ်အများဆုံးချမှတ်ခံရသော အမှုများထဲမှ တစ်ခုဖြစ်သည်။ ယခု အမှုသည် ပြည်သူ့ရွေးကောက်ခံ ကိုယ်စားလှယ် တစ်ယောက်အနေဖြင့် ပြည်သူ့ထံမှ မည်သည့် ဝေဖန်မှုကိုမှ မလိုလားသော ပြယုဂ်ကို ပြသနေပေသည်။ ယခုကဲ့သို့ ဆိုရှယ်မီဒီယာပေါ်၌ ဝေဖန်ခြင်းကိုပင် အသရေဖျက် သည်ဟုဆိုကာ တရားစွဲဆိုနေခြင်းသည် ပြည်သူတစ်ယောက်၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အဟန့်

အတားဖြစ်စေသည်။ ဤအမှုဖြစ်စဉ်တွင် တရားစွဲခံရသူ ဦးအောင်ဆန်းဦးသည် လွှတ်တော်ကိုယ်စားလှယ်ဆီမှ မြေယာကိစ္စနှင့်ပတ်သတ်ပြီး မတရားစွပ်စွဲခံရမှုကြောင့် ဖြေရှင်းပေးရန် တောင်းဆိုသော်လည်း တိကျသေချာသောဖြေရှင်းချက်မျိုးမရရှိခဲ့ပေ။ ထို့ကြောင့် ဆက်သွယ်ရေးဥပဒေသည် ပြည်သူကို အကာအကွယ်ပေးခြင်းထက် လုပ်ပိုင်ခွင့်ရှိသော လူတန်းစားတစ်ရပ်၏ လက်ကိုင်တုတ်သဖွယ် အသုံးချခံနေရသည်ကို မီးမောင်းထိုးဖော်ပြနေသည်။




လွှတ်တော်ကိုယ်စားလှယ် ၁၄ ဦးသည် အသရေဖျက်မှုဥပဒေများကို အသုံးပြု၍ အရပ်သားပြည်သူ ၃၅ ဦးကို တိုက်ရိုက် တရားစွဲဆိုခဲ့သည်။ ထောင်ဒဏ် ၂ နှစ်အထိ ကျခံခဲ့ရသည်အထိ နစ်နာသူများ ရှိခဲ့သည်။




*[ လွှတ်တော်ကိုယ့်စားလှယ်များ အသုံးပြုတရားစွဲဆိုသည့် ဥပဒေအမျိုးအစားနှင့် အသုံးပြုသည့် အကြိမ်အရေအတွက်ပြပုံဇယား ]*

*လွှတ်တော်ကိုယ်စားလှယ်များကို ဝေဖန်ခြင်း၊ ဆန္ဒပြခြင်း၊ တိုင်စာပေးပို့ခြင်းတို့ ဆောင်ရွက်ခဲ့သည့် ပြည်သူ ၃၁ ဦးသည် အမှုပေါင်း ၁၃ မှုဖြင့် ကြားလူ၏ တရားစွဲဆိုခြင်းကိုခံခဲ့ရသည်။*




*လွှတ်တော်ကိုယ်စားလှယ်များ၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ချိုးဖောက်မှုဆိုင်ရာ အတိုချုံးအချက်အလက်ပြ ပုံဇယား*

## ၂.၁.၂။ သတင်းတင်ဆက်မှုများကြောင့် တရားစွဲဆိုခံရခြင်း

ဆက်သွယ်ရေးဥပဒေဖြင့်တရားစွဲဆိုခံရမှုတွင် အရုပ်သားပြည်သူများ၊ တက်ကြွလှုပ်ရှားသူများ၊ သတင်းမီဒီယာသမားများ အများဆုံးပါဝင်သည်။ သတင်းသမားများနှင့် အငြင်းပွားမှုကို ဖြေရှင်းရန် သတင်းမီဒီယာဥပဒေနှင့် သတင်းမီဒီယာကောင်စီတို့ရှိနေသော်လည်း လက်ရှိအစိုးရသည် ဆက်သွယ်ရေးဥပဒေကိုသာ အများဆုံးအသုံးချပြီး သတင်းသမားများကို ဖမ်းဆီးထောင်ချလေ့ရှိသည်။ မန္တလေးတိုင်း၊ ပြင်လွင်ဦးမြို့နယ်၊ အမှတ် ၃ နယ်မြေ၊ လွန်းကောင်းကျေးရွာအုပ်စု၊ ဝါးနက်ကျေးရွာ၊ မင်းတည်ကွင်းတွင် အမှတ် ၁၂၁ ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ရင်းက နို့စားနွားမွေးမြူရေးစီမံကိန်းဧရိယာအဖြစ် သတ်မှတ်ကာ ၁၇၃ ဧက ကို ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့တွင် ခြံစည်းရိုးခတ်လိုက်၍ ဒေသခံတောင်သူများနှင့် မြေအငြင်းပွားမှုဖြစ်ခဲ့သည်။ ထို အငြင်းပွားမှုနှင့်ပတ်သက်၍ မေလ ၁၉ ရက်တွင် မန္တလေးရှိ မြန်မာနိုင်ငံလုံးဆိုင်ရာ တံခွန်တောင်သူ လယ်သမားများသမဂ္ဂရုံး၌ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။ အဆိုပါသတင်းကို 'နွားမွေးမြူရေး စီမံကိန်း အကြောင်းပြကာ တောင်သူပိုင်မြေများအား သိမ်းဆည်းနေမှုကို ဆန္ဒထုတ်ဖော်တော့မည်' ဟူသော ခေါင်းစဉ်ဖြင့် Channel Mandalay TV ၌ သတင်းတင်ဆက်ခဲ့သူ သတင်းထောက် ဝင်းနိုင်ဦးနှင့် သတင်းစာရှင်းလင်းပွဲတွင် ဦးဆောင်ခဲ့သူ တောင်သူ ၇ ဦးကို အမှတ် ၁၂၁ ထောက်ပံ့နှင့် ပို့ဆောင်ရေး တပ်ရင်းမှ ဗိုလ်ကြီးရဲကိုကိုဝင်းက ပြင်စာရဲစခန်းတွင် ဆက်သွယ်ရေး ဥပဒေ ပုဒ်မ ၆၆ (ဃ) ဖြင့် အမှုဖွင့်ခဲ့သည်။ ယခုကဲ့သို့ သတင်းထောက်တစ်ဦးအား သတင်းတင်ဆက်မှုကို ဆက်သွယ်ရေး ဥပဒေဖြင့် တရားစွဲဆိုခြင်းသည် သတင်းစီးဆင်းမှုကို ထိန်းချုပ်ကန့်သတ်ရာရောက်ပြီး သတင်းမီဒီယာ လွတ်လပ်ခွင့်ကို ချိုးဖောက်ခြင်းဖြစ်သည်။

## ၂.၁.၃။ ဝေဖန်မှုများသည် တပ်မတော်ကိုပြိုကွဲနိုင်စေသည်ဟုဆိုကာတရားစွဲခံရခြင်း

ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ) ဖြင့် တရားစွဲဆိုခံရသူများအထဲတွင် လူ့အခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာရုပ်ရှင်ပွဲတော်(မြန်မာ)၏ တည်ထောင်သူတစ်ဦးဖြစ်သူ ဦးမင်းထင်ကိုကိုကြီးလည်း တစ်ဦးအပါအဝင်ဖြစ်သည်။



*ပုံ – ဦးမင်းထင်ကိုကိုကြီးအား တရားရုံးချိန်းသို့ ရုံးထုတ်လာစဥ်။*

ဦးမင်းထင်ကိုကိုကြီး၏ လူမှုကွန်ရက်စာမျက်နှာ၌ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက် မှ မတ်လ ၂၂ ရက် အတွင်းရေးသားခဲ့သည့် ပို့စ်များထဲတွင် တပ်မတော်၏ဂုဏ်သိက္ခာ ထိခိုက်စေသည်ဟုဆိုကာ ၂၀၁၉ ခုနှစ်၊ ဧပြီလအတွင်း ရန်ကုန်တိုင်းစစ်ဌာနချုပ်မှတရားစွဲဆိုခဲ့သည်။ တရားစွဲဆိုရာတွင် ဆက်သွယ်ရေးဥပဒေပုဒ်မ၆၆(ဃ) အပြင် ရာဇသတ်ကြီးပုဒ်မ ၅၀၅(က) ဖြင့်ပါ အမှုဖွင့်ခဲ့သည်။ ဦးမင်းထင်ကိုကိုကြီးသည် ကင်ဆာရောဂါ ခံစားနေရသည့်အတွက် ရုံးချိန်းများတွင် အာမခံရရှိစေရန် အကြိမ်ကြိမ်တင်ပြခဲ့သော်လည်း ထောင်အချုပ်ဖြင့်သာ တရားရင်ဆိုင်ခဲ့ရသည်။ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့တွင် အင်းစိန်တရားရုံးက ဦးမင်းထင်ကိုကိုကြီးကို အလုပ်ကြမ်းနှင့်ထောင်ဒဏ် (၁)နှစ်ချမှတ်ခံခဲ့ရသည်။

## ၂.၁.၄။ လွှတ်တော်ကိုယ်စားလှယ်များကို ပုတ်ခတ်ပြောဆိုမှုကြောင့် တရားစွဲဆိုခံရသူ

ရန်ကုန်ရှိလေလွင့်ခွေးများကိုစောင့်ရှောက်နေသော ဒေါ်မြတ်သက်မွန်သည် လွှတ်တော်ကိုယ်စားလှယ်များကို ဝေဖန်ပြောဆိုခဲ့သဖြင့် အသရေဖျက်သည်ဟုဆိုကာ (၃)နှစ် ကြာတရားရင်ဆိုင်ခဲ့ရသည်။ တရားစွဲဆိုခံရသူ ဒေါ်မြတ်သက်မွန် အား ဆက်သွယ်ရေးဥပဒေဖြင့် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) မှ ကိုယ်စားလှယ် ဒေါ်သီတာမောင်မှ ရန်ကင်းမြို့နယ်တရားရုံး၌ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလတွင် စတင်တရားစွဲဆိုခဲ့၍ ၂၀၁၇ ခုနှစ်၊ မေလ ၃၁ ရက်နေ့တွင် စတင်ရုံးတင်ခဲ့ပြီး အာမခံရရှိခဲ့သည်။ ထို့အပြင် ရန်ကင်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်မှလည်း ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၀ ဖြင့် ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် ရန်ကင်းမြို့နယ်တရားရုံး၌ပင် တရားစွဲဆိုခဲ့သည်။ ဖြစ်စဉ်မှာ ဒေါ်မြတ်သက်မွန်၏ အိမ်မှ ထွက်ပြေးလာသည်ဟုဆိုသော အိမ်အကူမိန်းကလေးကိစ္စနှင့် ပတ်သတ်၍ ဒေသခံ NLD ပါတီတာဝန်ရှိသူများက ဖြေရှင်းပုံနဲ့ပတ်သတ်၍ မကျေနပ်သောကြောင့် "ကျက်သရေ မရှိတဲ့ရုံး၊ အရည်အချင်းမရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်" ဟု ဆိုရှယ်မီဒီယာပေါ်တွင် ပြောဆိုခဲ့သောကြောင့် တရားစွဲဆိုခံရခြင်းဖြစ်သည်။ ထိုသို့ ဒေါ်မြတ်သက်မွန် မှပြောဆိုခြင်းသည် ၎င်းတို့အပေါ် အသရေဖျက်သည်ဟု ဆိုကာ တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ ယင်းအမှုအား ဆက်သွယ်ရေးကွန်ရက်အား အသုံးပြုပြီး တရားလိုကို အသရေဖျက်မှု ထင်ရှားသည်ဟုဆိုကာ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ) အတွက် ငွေဒဏ်(၅)သိန်း ကျခံစေရန်နှင့် မဆောင်ပါက ထောင် ၃ လ ကျခံစေရန် ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့၌ ရန်ကင်းမြို့နယ်တရားရုံးမှ ပြစ်ဒဏ်ချမှတ်ခဲ့ပြီး ရာဇသတ်ကြီးပုဒ်မ ၅၀၀ အမှုအား တရားသေလွှတ်ပေးခဲ့သည်။ ဒေါ်မြတ်သက်မွန်မှ ငွေဒဏ် ၅ သိန်း ပေးဆောင်ရန် ရွေးချယ်ခဲ့သော်လည်း အမိန့်ချမှတ်မှုအပေါ် ကျေနပ်မှုမရှိ သောကြောင့် အထက်တရားရုံးသို့ အယူခံတက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

## ၂.၁.၅။ တပ်မတော်ကို ဝေဖန်သဖြင့် အာမခံဖြင့်တရားရင်ဆိုင်နေရသူ ဆရာတော်များ

တပ်မတော်ဂုဏ်သိက္ခာ ထိခိုက်အောင် Facebook ပေါ်တွင် ရေးသားသည်ဟုဆိုကာ ပြည်ကြီးတံခွန်မြို့နယ်၊ မဟာဝိဇိတာရာမတိုက် မလိခဝါဆိုကျောင်း ဆရာတော်ဦးစိန္တိတအား တပ်မတော်က ၂၀၁၉ခုနှစ် မေလ ၂၇ ရက်နေ့ တွင် ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၅၀၅(ခ) ဖြင့် အမှုဖွင့်ခဲ့သည်။ ထိုအမှုကို တရားရုံးက ဇူလိုင် (၂၃) တွင် ပလပ်ခဲ့ပြီးနောက် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ) ဖြင့် ထပ်မံတရားစွဲဆိုခြင်းဖြစ်သည်။ ဆရာတော်ဦးစိန္တိတအား ဆရာတော်အား ပြည်ကြီးတံခွန်တရားရုံး ၌ ၂၀၂၀ ခုနှစ်၊ မတ်လ ၅ ရက်နေ့တွင် စတင်စစ်ဆေးခဲ့ပြီး ကျပ်သိန်း ၅၀ ဖြင့် အာမခံပေးလိုက်သည်။



*ပုံ – ဆရာတော်ဦးသောဘိတ (အလင်္ကာကြယ်) အား တရားရုံးချိန်း၌ တွေ့ရစဉ်။*

ထိုနည်းတူစွာ တပ်မတော်ကို ဝေဖန်ခဲ့သည့် မန္တလေးမြို့မှ ဆရာတော် ဦးသောဘိတ (အလင်္ကာကြယ်) ကို ဇွန်လ ၆ ရက်နေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ပုဒ်မ ၅၀၅ (ခ)ဖြင့် တရားစွဲဆိုခဲ့ရာ အမရပူရမြို့နယ်တရားရုံးက ပလပ်သဖြင့် ဦးသောဘိတမှာ ဆက်သွယ်ရေး ဥပဒေပုဒ်မ ၆၆(ဃ) ဖြင့် ထပ်မံတရားစွဲဆိုခြင်းခံခဲ့ရသည်။

## ၂.၂ ။ နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့်ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကိုအကာအကွယ်ပေးရေး ဥပဒေ ဖြင့် တရားစွဲဆိုခြင်းများ

ဒီမိုကရက်တစ် လူ့အဖွဲ့အစည်းတစ်ရပ်တွင် အစိုးရများအနေဖြင့် ပြည်သူများ၏ လုံခြုံရေးကို အပြည့်အဝ အကာအကွယ် ပေးထားရမည့်အပြင် ပြည်သူတစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးလုံခြုံမှုကိုလည်း လေးစားရမည် ဖြစ်သည်။ လူ့အခွင့်အရေး ကြေငြာစာတမ်း၏ အပိုဒ် (၁၂) ၌လည်း မည်သူ၏ကိုယ်ရေးကိုယ်တာ ကိစ္စများကိုမျှ ဥပဒေအရ မဟုတ်သော ဝင်ရောက် စွက်ဖက်မှု မရှိစေရန် ပြဋ္ဌာန်းထားသည်။

နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို အကာအကွယ်ပေးရေးဥပဒေ (နိုင်လွတ်လုံဥပဒေ)ကို ၂၀၁၇ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် စတင်ပြဋ္ဌာန်းခဲ့ပါသည်။ ဥပဒေ၏ ရည်ရွယ်ချက်ဖြစ်သည့် နောက်ယောင်ခံလိုက်ခြင်း၊ ကြားဖြတ်နားထောင်ခြင်းများကို ကာကွယ်ရန်ဟူသော အချက်များသည်လည်း လက်ရှိအချိန်ထိ အကျုံးဝင်နေခြင်းမရှိဘဲ တက်ကြွလှုပ်ရှားသူများနှင့် နိုင်ငံရေးသမားများအပေါ် နောက်ယောင်ခံလိုက်ခြင်း၊ စုံစမ်းထောက်လှမ်းခြင်းတို့ကို သတင်းရဲတပ်ဖွဲ့(SB) နှင့် စစ်ဘက်ရေးရာ လုံခြုံရေးတပ်ဖွဲ့

(စရဖ) တို့က ယခင်ကဲ့သို့ပင် ပြုလုပ်နေဆဲဖြစ်သည်ကို တွေ့ရှိရသည်။ ပြဋ္ဌာန်းရသည့် ဥပဒေ၏ ရည်ရွယ်ချက်ကောင်းမွန်သော်လည်း တကယ့်လက်တွေ့တွင် တလွဲအသုံးချခံရနေသော ဥပဒေဆိုးတစ်ခု ဖြစ်လာခဲ့သည်။ နိုင်လွတ်လုံဥပဒေ ပုဒ်မ(၈)တွင် အသရေဖျက်မှုကိုပြဋ္ဌာန်းထားပြီး ပုဒ်မ (၁၀)တွင် အရေးယူရမည့် ပြစ်ဒဏ်ကို သတ်မှတ်ထားသည်။ အမြင့်ဆုံးပြစ်ဒဏ်မှာ (၃)နှစ်ဖြစ်သည့်အတွက် အာမခံမရဘဲ ထောင်အချုပ် ဖြင့် တရားရင်ဆိုင်ရသည်။ ထို့အပြင် မည်သူက တရားစွဲဆိုနိုင်သည်ကို ရှင်းရှင်းလင်းလင်းဖော်ပြထားခြင်းမရှိသောကြောင့် နစ်နာသူမှ မဟုတ်ဘဲ ကြားလူများမှ တရားစွဲဆိုမှုများရှိနေသည်။ အမှုစစ်ဆေးရာတွင်လည်း ဝေဖန်ခံရသူ ကာယကံရှင်များမှာ သက်သေစာရင်းတွင်ပင်မပါဝင်ဘဲ အမှုများကိုစီရင်ချက်ချလေ့ရှိသည်ကို အသံအဖွဲ့က ပြုစုထားသော တရားရုံးမှတ်တမ်းများအရ လေ့လာတွေ့ရှိရသည်။ ဤဖြစ်စဉ်ကို ကြည့်ခြင်းအားဖြင့် ဝေဖန်ပြောဆိုချက်များသည် တစ်ဖက်သူကို နစ်နာစေမှု၊ ဂုဏ်သရေညှိုးနွမ်းစေမှုတို့ မရှိကြောင်း ကောက်ချက်ချနိုင်သည်။

ဒီမိုကရေစီနိုင်ငံ၏ ဥပဒေမူဘောင်များကို တိုးမြှင့်ရာတွင် လူ့အခွင့်အရေး၊ ဒီမိုကရေစီ စံနှုန်းများနှင့်အညီ ပြုပြင် ပြောင်းလဲရန် လိုအပ်သည်။ ဒီမိုကရေစီစံနှုန်းများအရ အသရေဖျက်မှုဟုဆိုရာတွင် နိုင်ငံခေါင်းဆောင်များ၊ အစိုးရ ဝန်ထမ်းများ၊ နိုင်ငံရေးသမားများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် အများပြည်သူဆိုင်ရာ အရပ်ဘက်အဖွဲ့အစည်းများအပေါ် အသရေဖျက်မှု ကျူးလွန်လာပါက တရားစွဲဆိုခြင်း မပြုဘဲ(လိုအပ်ပါက) အချက်အလက်မှားများကို သတင်းထုတ်ပြန်သည့် ဌာနများ၊ သတင်းစာရှင်းလင်းပွဲများ အသုံးပြု၍သာ တုံ့ပြန်ဖြေရှင်းရမည်။ ထိုသို့မဟုတ်ဘဲ ပြည်သူများ၏ ဝေဖန်ပြောဆိုမှုမှန်သမျှကို ဥပဒေများအသုံးပြု၍ ဖြေရှင်းမည်ဆိုလျှင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ချိုးဖောက်ရာရောက်သည်။

နိုင်လွတ်လုံဥပဒေသည် ပြည်သူတစ်ဦးချင်းစီ၏ လွတ်လပ်မှုနှင့် လုံခြုံမှုကိုအကာအကွယ်ပေးနိုင်ရန်ဟုဆိုသော်လည်း ကိုယ်ရေးကိုယ်တာ အချက်အလက်များ တောင်းယူကြည့်ရှုခြင်း၊ စောင့်ကြည့်ခြင်း၊ နောက်ယောင်ခံလိုက်ခြင်းကဲ့သို့သော ကိစ္စများကို အပြည့်အဝ အကာအကွယ်ပေးနိုင်ခြင်း မရှိပေ။ လူမှုနေ့စဉ်ဘဝတွင် ပြည်သူများ ထိတွေ့နေရသည့် ဝန်ဆောင်မှုလုပ်ငန်းများထံ လူတစ်ဦးချင်းစီ၏ ကိုယ်ရေး အချက်အလက်များ ပေးရခြင်းနှင့် ယင်းအချက်အလက်များကို ဝန်ဆောင်မှုလုပ်ငန်းများက ကျင့်ဝတ်နှင့်အညီ စီမံစေခြင်းကဲ့သို့သော ကျယ်ပြန့်သည့် ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် လုံခြုံမှုရှုထောင့်များကိုလည်း ထည့်သွင်းစဉ်းစားမှု မရှိခြင်းများကို တွေ့ရှိရပါသည်။

ယနေ့အချိန်တွင် နိုင်လွတ်လုံဥပဒေဖြင့် တရားစွဲဆိုမှုများမှာ ၅၄ မှုအထိတိုင် ရှိလာပြီဖြစ်သည်။

### ထင်ရှားသောအမှုများ

### ၂.၂.၁။ ဝန်ကြီးချုပ်ဗီဒီယိုဖိုင်အား လိုင်းပေါ်တင်ခဲ့သဖြင့် တရားစွဲဆိုခံရသူ

နိုင်လွတ်လုံဥပဒေပြဋ္ဌာန်းပြီးနောက် ပထမဦးစွာတရားစွဲဆိုခံရသူမှာ သထုံမြို့မှ ဦးအောင်ကိုကိုလွင် ဖြစ်သည်။ ဦးအောင်ကိုကိုလွင်သည် မွန်ပြည်နယ် အစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများပါဝင်သည့် လူထုတွေ့ဆုံပွဲတစ်ခု၌ မွန်ပြည်နယ် ဝန်ကြီးချုပ်ပြောကြားခဲ့သော “ဟင်းတစ်မျိုးလျှော့စား” ဗီဒီယို ဖိုင်အား ဆိုရှယ် မီဒီယာပေါ်တင်ခဲ့သည့်အတွက် နိုင်လွတ်လုံဥပဒေ၏ ပုဒ်မ ၈(စ) ဖြင့်တရားစွဲဆိုခံရသည်။ အမှုကို (၄) လကြာ စစ်ဆေးပြီးနောက် ၂၀၁၉ ခုနှစ် ၊ စက်တင်ဘာ ၂၇ရက်နေ့တွင် တရားရုံးမှ ဦးအောင်ကိုကိုလွင်အား ထောင်ဒဏ် (၁) နှစ် ချမှတ်ခဲ့သည်။

## ၂.၂.၂။ ရာအိမ်မှူးအား ဓာတ်ပုံရိုက်ယူခဲ့သောကြောင့် ထောင်ဒဏ် ၂ နှစ် ချမှတ်ခံရသူ

နိုင်လွတ်လုံ့ဥပဒေသက်တမ်း (၃) နှစ်တာ ကာလအတွင်း ဦးငြိမ်းမောင်၏ အပြစ်ဒဏ်ကျခံရမှုသည် အများဆုံးဖြစ်သည်။ အမှုဖြစ်စဉ်မှာ ပလောင်ကျေးရွာအတွင်းရှိလုပ်ငန်းရှင် ဒေါက်တာမြင့်စိန်ပိုင်ဆိုင်သည့် အော့ချက်ဒ်ကုမ္ပဏီနှင့် ဒေသခံများအကြား အငြင်းပွားမှုများဖြစ်ပွားရာ ထိုမြေပေါ်တွင်ဝင်ရောက်စိုက်ပျိုးလုပ်ကိုင်နေသူအားလုံး ဖယ်ရှားပေးရန် ပလောင်ကျေးရွာမှ ရာအိမ်မှူးဦးမောင်ရင်ထွေးသည် လော်စပီကာဖြင့် လိုက်လံကြေညာခဲ့သည်။ ထိုသို့ကြေညာနေစဉ် ရာအိမ်မှူးဦးမောင်ရင်ထွေးကို ဓာတ်ပုံရိုက်ကူးခဲ့သည့် လယ်သမားခေါင်းဆောင် ဦးငြိမ်းမောင်ကို နိုင်လွတ်လုံ့ဥပဒေဖြင့် အမှုဖွင့်တရားစွဲဆိုခဲ့သည်။ ယင်းအမှုအား (၁) နှစ်ကြာ စစ်ဆေးပြီးနောက် ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် မအူပင်မြို့နယ်တရားရုံးက ဦးငြိမ်းမောင်အား ထောင်ဒဏ် (၂) နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

## ၂.၂.၃။ ဝန်ကြီးချုပ်နှင့်ဝန်ကြီးများအား အမျိုးသားသစ္စာဖောက်ဟုဝေဖန်သဖြင့် တရားစွဲဆိုခံရသူများ

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကရင်နီဒေသခံထောင်ပေါင်းများစွာတို့သည် (လူဦးရေ ၃၀၀၀ ဝန်းကျင် ရှိမည်ဟုခန့်မှန်း) ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ကန္တာယောဝန်ပန်းခြံ၌ ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်စိုက်ထူခြင်းအား ကန့်ကွက်ကြောင်း ချီတက်ဆန္ဒပြခဲ့ကြသည်။ ရဲတပ်ဖွဲ့ဝင်များ၏ ရာဘာကျည်၊ အဓိကရဏ်းနှိမ်နင်းရေး ရေအမြောက်ကားတို့၏ ပစ်ခတ်မှုကြောင့် လူ ၂၀ ဦး ဒဏ်ရာ ရရှိခဲ့သည်။ နံနက် ၁၀ နာရီခန့်တွင် ကန္တာယောဝန်ပန်းခြံရှေ့၌ ထောင်ပေါင်းများစွာသောဒေသခံများနှင့် ကရင်နီခေါင်းဆောင်များသည် ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးခွင့်ရရန် ထိုင်သပိတ်ဆင်နွှဲခဲ့သည်။ ထို့နောက် ပြည်နယ်အစိုးရအဖွဲ့က ညနေ ၃ နာရီခန့်တွင် ခေါ်ယူတွေ့ဆုံခဲ့ပြီး သဘောတူညီမှုတစ်ရပ်ကို ရရှိခဲ့ကြသည်။ နောက်ပိုင်းတွင် အဆိုပါသဘောတူညီချက်များကို အစိုးရဘက်က ဖောက်ဖျက်ခဲ့သဖြင့် ကရင်နီလူငယ်များက “ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် စီမံ/ဘဏ္ဍာဝန်ကြီး ဦးမော်မော်၊ ဗိုလ်ချုပ်ကြေးရုပ်ဖြစ်မြောက်ရေး ကော်မတီဝင်များကို နိုင်ငံတော် ရာဇဝတ်ကောင်များ၊ ကရင်နီအမျိုးသားသစ္စာဖောက်များ၊ တိုင်းရင်းသား သွေးစည်းညီညွတ်ရေး၏ ရန်သူများ၊ ကျေးဇူးကန်းသူများ” အဖြစ် မတ်လ ၂၅ ရက်နေ့တွင် ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ ယင်းကြေညာချက် ထုတ်ပြန်ခဲ့သည့်အတွက် မေလတွင် ကယားပြည်နယ် ဝန်ကြီးချုပ်၏ အမိန့်ညွှန်ကြားချက်ဖြင့် ပြည်နယ်အစိုးရအဖွဲ့ရုံးလက်ထောက် ညွှန်ကြားရေးမှူးက ကရင်နီ ပြည်သူ့ အင်အားစု အဖွဲ့ဝင်များဖြစ်သည့် ကိုမျိုးလှိုင်ဝင်း (ခ) ပါစကားလွယ်၊ ကိုဒီးဒီ (ခ) စစ်မုန်း၊ ကိုဂျွန်ပေါ (ခ) ပျားလေး၊ ခွန်သောမတ်စ်၊ ခူးရီဒူး၊ ခွန်ဘားနဒ်တို့အား နိုင်လွတ်လုံ့ဥပဒေဖြင့် တရားစွဲဆိုဖမ်းဆီးခဲ့သည်။ အဆိုပါ ကရင်နီလူငယ် (၆)ဦးကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့တွင် လွိုင်ကော် မြို့နယ်တရားရုံးမှ အလုပ် နှင့်ထောင်ဒဏ် ၆ လ ချမှတ်ခဲ့သည်။

## ၂.၂.၄။ ဗိုလ်ချုပ်အောင်ဆန်းကို အွန်လိုင်းတွင် ဝေဖန်ပြောကြားသူ တရားစွဲခံရခြင်း

၂၀၁၉ခုနှစ်၊ မတ်လ ၂၉ ရက်တွင် မကွေးမြို့ ဇမ္ဗူရာဇ် စိန်ရွှေရတနာဆိုင်ပိုင်ရှင် ဦးသူရစိုးသည် Thu Ya Soe အကောင့်တွင် ‘‘အောင်ဆန်းသမိုင်း လေ့လာထားတယ်။ အောင်ဆန်းစစ်တိုက်ဖူးပါသလား’’ ဟူ၍ ရေးတင်ခဲ့သဖြင့် မကွေးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးမိုးက ဧပြီလတွင် နိုင်လွတ်လုံ့ဥပဒေ ပုဒ်မ ၁၀ ဖြင့် ဧပြီ ၁ ရက်တွင် အမှုဖွင့်ခဲ့သည်။ အမှုဖွင့်တရားစွဲဆိုခံရပြီး နောက် ဦးသူရစိုးက ၎င်း၏ဖေ့ဘွတ်စ်စာမျက်နှာမှ ဇွန်လ ၁၉ရက်နေ့တွင် ဗီဒီရိုရုပ်သံဖိုင်တင်၍ ပြန်လည်တောင်းပန်ခဲ့ကြောင်းသိရသည်။ သို့သော်လည်း ဦးသူရစိုးကို တရားစွဲဆိုထားခြင်းနှင့် ပတ်သက်၍ ပါတီ၏ တစ်စုံတစ်ရာ ညွှန်ကြားချက်မရှိသေးသဖြင့် ဥပဒေကြောင်း

အရသာ ဆက်လက်ဆောင်ရွက်ရမည် ဖြစ်ကြောင်း ဦးစိုးမိုးမှ သတင်းမီဒီယာတစ်ခုအား ပြန်လည် ဖြေကြားခဲ့သည်။




[ ပုံ – အစိုးရက လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကိုချိုးဖောက်ပြီး တရားစွဲဆိုရာတွင် အသုံးပြုသည့်ဥပဒေနှင့်အကြိမ်အရေအတွက် ]

*အစိုးရ၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ချိုးဖောက်မှုဆိုင်ရာ အတိုချုံးအချက်အလက်ပြ ပုံဇယား*

## ၂.၃။ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေ

၁၉၉၀ ခုနှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ပြဋ္ဌာန်းခဲ့သော အမျိုးသားမှတ်တမ်း နှင့် မော်ကွန်းဥပဒေကို အစားထိုးပြင်ဆင်သည့်အနေဖြင့် အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေအသစ်ကို ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလတွင် အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ဥပဒေတွင် ပြဋ္ဌာန်းချက်များအရ ပြည်သူလူထုသည် သတင်းအချက်အလက်များကို လုံခြုံရေးသက်တမ်းအဆင့်ကုန်လွန်ပြီးမှသာ ကြည့်ရှုခွင့်၊ အသုံးပြုခွင့်ရှိမည်ဖြစ်သည်။ လုံခြုံရေးသက်တမ်းအဆင့်များကိုလည်း ပုဒ်မ ၁၂ တွင် (က)ထိပ်တန်းလျှို့ဝှက်အဆင့်ဖြစ်လျှင် နှစ်ပေါင်း ၃၀၊ (ခ)လျှို့ဝှက်အဆင့်ဖြစ်လျှင် ၂၅ နှစ်၊ (ဂ)အတွင်းရေးအဆင့်ဖြစ်လျှင် နှစ်ပေါင်း ၂၀၊ (ဃ)ကန့်သတ်အဆင့်ဖြစ်လျှင် ၅ နှစ် ဟူ၍ သတ်မှတ်ပြဋ္ဌာန်းထားသည်။ ထို့ပြင် ပုဒ်မ ၁၃(က)တွင် ဖော်ပြချက်အရ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းတိုက်ဦးစီးဌာနသည် လုံခြုံမှုအဆင့်သက်တမ်းကုန်ဆုံးပြီးဖြစ်သော မော်ကွန်းများကို ကြည့်ရှုခွင့်၊ အသုံးပြုခွင့်ကို ဆက်လက်ကန့်သတ်ထားနိုင်သည်။ ထို့ကြောင့် အဆိုပါဥပဒေသည် အစိုးရထံ ပြည်သူလူထု၏ သတင်းအချက်အလက်ရပိုင်ခွင့်ကို ငြင်းဆိုပိတ်ပင်နိုင်ရန် အခွင့်အာဏာ အပြည့်အဝပေးအပ်သကဲ့သို့ ဖြစ်နေသည်။

လက်ရှိဥပဒေအရ အစိုးရသည် မည်သည့်သတင်းအချက်အလက်ကိုမဆို “ထိပ်တန်းလျှို့ဝှက်အဆင့်” အဖြစ်သတ်မှတ်နိုင်ပြီး၊ အဆိုပါအချက်အလက်ကို နှစ်ပေါင်း (၃၀) သို့မဟုတ် ထို့ထက်ကျော်လွန်၍ ထိန်းချုပ်ဖုံးကွယ်ထားနိုင်မည်ဖြစ်သည်။ အစိုးရ၏ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ရန် အခွင့်အလမ်းကို ဥပဒေတွင် ဖန်တီးပေးထားခြင်းမရှိပေ။ ထို့ကြောင့် အစိုးရ၏ အကျင့်ပျက်ခြစားမှုများ၊ စီမံခန့်ခွဲမှုအမှားများ နှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဖုံးကွယ်ပစ်ရန် “ထိပ်တန်းလျှို့ဝှက်အဆင့်” သတ်မှတ်သောစနစ်ကို လွယ်ကူစွာပင် တလွဲအသုံးချနိုင်မည် ဖြစ်သည်။

ထို့ကြောင့် အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကို လူ့အခွင့်အရေး၊ ဒီမိုကရေစီစံနှုန်းများနှင့်အညီ ပြင်ဆင်ပြီး သတင်းအချက်အလက်ရပိုင်ခွင့်ဥပဒေ (Right to Information law) ဖြစ်မြောက်ရေးကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါ သည်။

## ၂.၄။ ရာဇသတ်ကြီး ပုဒ်မ ၅၀၅ (က)၊ (ခ) နှင့် (ဂ) တို့ဖြင့် တရားစွဲဆိုမှုဖြစ်စဉ်များ

ရာဇသတ်ကြီးပုဒ်မ ၅၀၅ သည် အများပြည်သူ၏ အကျိုးပျက်ဆီးမှုကိုဖြစ်စေသော ဖော်ပြချက်ကိုဖြစ်စေ၊ ကောလဟာလကိုဖြစ်စေ၊ သတင်းကိုဖြစ်စေ ထုတ်ပြန်ကြေညာရာတွင် သို့မဟုတ် ဖြန့်ချီရာတွင် (က) တပ်မတော်၏ အကျိုးစီးပွား ပျက်စီးအောင်လှုံ့ဆော်လျှင် (သို့မဟုတ်) ကြံဆောင်လျှင် (ခ) နိုင်ငံတော်အစိုးရနှင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်အောင်ကြံဆောင်လျှင် (သို့မဟုတ်) လုပ်ဆောင်လျှင် (ဂ) လူမျိုးစုတစ်ခုနှင့်တစ်ခု ပြစ်မှုကျူးလွန်ရန်လှုံ့ဆော်လျှင် (သို့မဟုတ်) ကြံဆောင်လျှင် ထိုသူကို ၂ နှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုး ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

NLD အစိုးရလက်ထက်တွင် ၅၀၅ ပုဒ်မများကိုအသုံးပြု၍ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ချိုးဖောက်ကာ တရားစွဲဆိုမှုများသည် ပိုမိုများလာသည်။ ရာဇသတ်ကြီးပုဒ်မ ၅၀၅(က) ဖြင့် တရားစွဲဆိုခံခဲ့ရမှု ၁၂ မှု၊ ၅၀၅(ခ) ဖြင့် တရားစွဲဆိုခံခဲ့ရမှု ၄၀ မှု၊ ၅၀၅(ဂ) ဖြင့် တရားစွဲဆိုခံခဲ့ရမှု ၆ မှုတို့ကို အသံအဖွဲ့က မှတ်တမ်းတင်နိုင်ခဲ့သည်။ တရားစွဲဆိုရာတွင် တပ်မတော်မှ “တပ်မတော်၏ ဂုဏ်သိက္ခာထိခိုက်သည်” ဟုဆိုကာ တရားစွဲဆိုခြင်းမှာ အများဆုံးဖြစ်သည်ကို တွေ့ရသည်။ ထို့ပြင် အစိုးရအား ဆန့်ကျင်ဆန္ဒပြသူများနှင့် ဝေဖန်သူများကို စွဲဆိုသော အခါတွင်လည်း ၅၀၅ (ခ) ကို တွင်ကျယ်စွာ အသုံးပြုနေပြီး ကရင်နီလူငယ်များ ဆန္ဒထုတ်ဖော်မှုတွင် ၅၀၅ (ဂ) ကိုပါ အသုံးပြုခဲ့သည်ကို တွေ့ရသည်။

## ထင်ရှားသောအမှုများ

### ၂.၄.၁။ ဂုဏ်သိက္ခာထိခိုက်သည်ဟုဆိုကာ တပ်မတော်၏တရားစွဲဆိုမှုများ

ယခုအစိုးရသက်တမ်းအတွင်းတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကိုချိုးဖောက်၍ တပ်မတော်၏ တရားစွဲဆိုမှုသည်လည်း အများအပြားရှိနေသည်ကိုတွေ့ရသည်။ တရားစွဲဆိုရာတွင် တပ်မတော်၏ ဂုဏ်သိက္ခာ ထိခိုက်ခြင်း၊ တပ်မတော်အား အသရေဖျက်ခြင်းတို့ကြောင့်ဟုဆိုကာ ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅ (က)၊ (ခ) တို့ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုကြောင်းတွေ့ရသည်။

၂၀၁၉ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့က တနင်္သာရီတိုင်း ကော့သောင်းမြို့တွင် ကျင်းပသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး ပူးပေါင်းကော်မတီကို ထောက်ခံပွဲ ဟောပြောချက်များနှင့် ပတ်သက်၍ တရားလွှတ်တော်ရှေ့နေ ဦးကြီးမြင့်၊ နိုင်ငံရေးအကျဉ်းသားဟောင်း ကဗျာဆရာစောဝေ၊ ဗိုလ်ကြီးဟောင်း ဦးနေမျိုးဇင်တို့ကို ကော့သောင်းမြို့နယ်၊ ခမောက်ကြီးတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးဇော်ဇော်က ရာဇသတ်ကြီး ပုဒ်မ ၅၀၅ (က) ဖြင့် တရားရုံးသို့ ဦးတိုက်လျှောက်ထား တရားစွဲဆိုခဲ့သည်။ အဆိုပါအမှုကို လာရောက်တရားရင်ဆိုင်ရန် တနင်္သာရီ တိုင်းဒေသကြီး ကော့သောင်းမြို့နယ်တရားရုံးက ဟောပြောပွဲအပြီး ခုနှစ်လခန့်အကြာ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလတွင်မှ စွပ်စွဲခံရသူများထံ သမ္မန်စာပေးပို့ခဲ့ခြင်းဖြစ်သည်။ ရှေ့နေဦးကြီးမြင့်နှင့် ကဗျာဆရာစောဝေတို့ကို ဖေဖော်ဝါရီ ၃ ရက်နေ့တွင် ကော့သောင်း မြို့နယ်တရားရုံးမှ ကျပ်သိန်း ၅၀ စီဖြင့် အာမခံပေးခဲ့သည်ကို တွေ့ရသည်။

နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ဦးနေမျိုးဇင်သည် ဧပြီလ ၁ ရက်တွင် တိုက်ကြီးမြို့နယ် အဖျောက်မြို့၊ ဗိုလ်ချုပ်ကြေးရုပ်အနီး မြက်ခင်းပြင်၌ ပြုလုပ်သည့် ဟောပြောပွဲတွင် တပ်မတော်ခေါင်းဆောင်များ၏ ကိုယ်ကျင့်တရားအပေါ် ဝေဖန်ပြောဆိုခဲ့သည်ဟုဆိုကာ တိုက်ကြီးမြို့ အမှတ် (၁) တပ်မတော် တန်းမြင့်လေ့ကျင့်ရေးကျောင်းမှ ဒုတိယဗိုလ်မှူးကြီး တိုးလွင် က တပ်မတော်အကျိုးပျက်စီးစေမှု ပုဒ်မ ၅၀၅ (က) ဖြင့် တရားစွဲဆိုခံခဲ့ ရသည်။ အချုပ်ဖြင့် (၅) လကျော်ကြာ တရားရင်ဆိုင်အပြီး စက်တင်ဘာ ၂၀ တွင် ထောင်ဒဏ် (၁) နှစ် ချမှတ် ခံခဲ့ရသည်။

ထို့ပြင် ဦးနေမျိုးဇင်ကို စစ်ကိုင်းတိုင်း၊ ခင်ဦးမြို့နယ်တရားရုံးနှင့် ဧရာဝတီတိုင်း၊ ဝါးခယ်မ မြို့နယ်တရားရုံးတို့တွင် ပုဒ်မ ၅၀၅ (က) ဖြင့်ပင် တပ်မတော်မှ ထပ်မံတရားစွဲဆိုခဲ့သေးသည်။ ဦးနေမျိုးဇင် အား တပ်မတော်ဘက်မှ တစ်နေရာနှင့်တစ်နေရာ မိုင်ရာချီဝေးသည့် မြို့နယ်တရားရုံး ၃ ခုတွင် တရားစွဲဆိုခဲ့ရာ တိုက်ကြီးမြို့နယ်တရားရုံးက ပုဒ်မ ၅၀၅(က) ဖြင့် ထောင်ဒဏ် (၁) နှစ်၊ ဝါးခယ်မ မြို့နယ်တရားရုံးက ပုဒ်မ ၅၀၅(က) ဖြင့် ထောင်ဒဏ် (၁) နှစ်၊ ပုဒ်မ ၅၀၅(ခ) ဖြင့် ထောင်ဒဏ် (၁)နှစ် နှင့် ခင်ဦးမြို့နယ်တရားရုံးက ၅၀၅(က) ဖြင့် ထောင်ဒဏ် ၂ နှစ် ထပ်မံ ချခံခဲ့ရသည်။

မြဝတီမင်းကြီးဆရာတော် အရှင်အရိယာဝံသဘိဝံသအား မီဒီယာအင်တာဗျူးတစ်ခု၌ တပ်မတော်ဂုဏ်သိက္ခာကို ညှိုးနွမ်းစေရန် ပြောဆိုသည်ဟုဆိုကာ မန္တလေးတိုင်း၊ ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတွင် ရာဇသတ်ကြီး ပုဒ်မ ၅၀၅(ခ)၊ ရာဇသတ်ကြီးဥပဒေဆိုင်ရာ အသရေဖျက်မှု ပုဒ်မ ၅၀၀ တို့ဖြင့် တရားစွဲဆိုရန် တပ်မတော်က ဦးတိုက် လျှောက်ထားခဲ့ပြီး အောက်တိုဘာ ၂၄ ရက်တွင် တရားရုံးက ပုဒ်မ ၅၀၀ ဖြင့် တရားစွဲဆိုရန် လက်ခံခဲ့သည်။


တိုက်ရိုက်တရားစွဲဆိုမှု

**၅၂ မှု**


ကြားလူက တရားစွဲဆိုမှု

**၁၄ မှု**

*လေးနှစ်အတွင်းတပ်မတော်က လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကိုချိုးဖောက်ပြီး တိုက်ရိုက် တရားစွဲဆိုမှုများ ၅၂ ကြိမ် အထိရှိခဲ့သည်။ တပ်မတော်ကို ဝေဖန်သဖြင့် လည်းကောင်း၊ဆန္ဒထုတ်ဖော်သဖြင့်လည်းကောင်း ရဲတပ်ဖွဲ့က ကိုယ်စား တရားစွဲဆိုပေးသော အမှုများ လည်း တွေ့ရှိရသည်။*




*တပ်မတော်ကတရားစွဲဆိုသည့် အမှုများတွင် ၄၈ ရာခိုင်နှုန်းမှာ ဆိုရှယ်မီဒီယာနှင့် အခြားသော ဒစ်ဂျစ်တယ်ပလက်ဖောင်းများ တွင် ၎င်းအား ဝေဖန်ပြောဆို၍ဖြစ်ပြီး ၅၂ ရာခိုင်နှုန်းမှာ မြေပြင်တွင် ဝေဖန်ပြောဆိုမှုများကြောင့် ဖြစ်သည်။*




*[ ပုံ – တပ်မတော်က တိုက်ရိုက်တရားစွဲဆိုရာတွင် အသုံးပြုသည့် ဥပဒေနှင့် အကြိမ်အရေအတွက် ]*

*တပ်မတော်၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ချိုးဖောက်မှုဆိုင်ရာ အတိုချုံးအချက်အလက်ပြ ပုံဇယား*

## ၂.၄.၂။ ဟောပြောပွဲတွင် ရခိုင်အချုပ်အချာအာဏာ ဟု သုံးစွဲမိ၍ နှစ်ရှည်ထောင်ဒဏ်ချမှတ်ခံခဲ့ရသော ဒေါက်တာ အေးမောင်နှင့် စာရေးဆရာ ဝေဟင်အောင်

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့ ညပိုင်းတွင် ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့၌ ပြုလုပ်သည့် ရက္ခိုင့်နိုင်ငံတော် အချုပ်အခြာအာဏာ ကျဆုံးခြင်း ဝမ်းနည်းမှု အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် ပတ်သက်ပြီး ဒေါက်တာ အေးမောင်နှင့် စာရေးဆရာ ဝေဟင်အောင်တို့၏ ဟောပြောချက်များသည် ဥပဒေနှင့် မလွတ်ကင်းဟုဆိုကာ မတရားအသင်း အက်ဥပဒေ ပုဒ်မ ၁၇(၁)၊ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုဆိုင်ရာ ရာဇသတ်ကြီး ဥပဒေ ပုဒ်မ ၁၂၂၊ ရာဇသတ်ကြီး ဥပဒေ ပုဒ်မ ၅၀၅(ခ) တို့ဖြင့် အစိုးရမှ တရားစွဲဆိုခဲ့သည်။

“ဟောပြောချက်များတွင် ဗမာများက ရခိုင်လူမျိုးများကို ကျွန်အဖြစ်လောက်သာထားပြီး တန်းတူအခွင့်အရေး မပေးကြောင်း၊ အချုပ်အခြာအာဏာ ရရှိရေးအတွက် လက်နက်ကိုင်တော်လှန်ရေး ဆောင်ရွက်နေသည့် ပုဂ္ဂိုလ်များ ရှိကြောင်းနှင့် လက်ရှိနိုင်ငံရေးအားနည်းချက်ကိုအခွင့်ကောင်းယူ၍ ပန်းတိုင်ရောက်အောင် ဆောင်ရွက်ရန်၊ အချုပ်အခြာအာဏာ ပြန်လည်ရယူလိုရေး စိတ်ဓာတ်မွေးမြူရန်” တို့ပါဝင်ကြောင်း အစိုးရမှ ထုတ်ပြန်ခဲ့သည်။ ရုံးချိန်းပေါင်း (၄၁) ကြိမ် ကြားနာပြီးနောက် ၂၀၁၉ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့တွင် စစ်တွေခရိုင်တရားရုံးမှ နိုင်ငံတော်ပုန်ကန်မှု ပုဒ်မ ၁၂၂ ဖြင့် ထောင်ဒဏ် အနှစ် (၂၀)၊ ပုဒ်မ ၅၀၅ (ခ) အတွက် ထောင်ဒဏ် (၂) နှစ်တို့အား တပေါင်းတည်းအဖြစ် ထောင်ဒဏ် အနှစ် (၂၀) ကျခံရန် ချမှတ်ခဲ့သည်။

## ၂.၄.၃။ ကလေးစစ်သားကိုအောင်ကိုထွေး နှင့် ၎င်းအား ဝန်ရံသူများကိုတရားစွဲအရေးယူခြင်း

ကိုအောင်ကိုထွေးသည် အသက် ၁၃ နှစ်အရွယ်တွင် တပ်မတော် သို့ရောက်ရှိခဲ့သည့် ကလေးစစ်သား အတွေ့အကြုံအား ၂၀၁၇ ခုနှစ်၊ ဩဂုတ်လတွင် RFA သတင်းဌာနသို့ အင်တာဗျူး ဖြေကြားခဲ့သဖြင့် ရာဇသတ်ကြီး ပုဒ်မ ၅၀၅(ခ) ဖြင့် တရားစွဲဆိုခံခဲ့ရသည်။ ထို့အပြင် ၎င်းအမှုဖြင့် တရားရင်ဆိုင်နေစဉ်အတွင်း ရုံးချိန်းတစ်ခု၌ ဆန္ဒပြခဲ့သောကြောင့် တရားရုံး မထီမဲ့မြင်ပြုမှုဖြင့် ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင်ထောင်ဒဏ် ၆ လ ချမှတ်ခံခဲ့ရသည့်ပြီး ၂၀၁၈ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင်လည်း ပုဒ်မ ၅၀၅(ခ) ဖြင့် ထောင်ဒဏ် ၂ နှစ်ထပ်မံ၍ အမိန့်ချမှတ်ခံခဲ့ရသည်။ ဆက်လက်ပြီး ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ ၁၇ ရက်နေ့ ဒဂုံမြို့သစ်ဆိပ်ကမ်းတရားရုံးတွင် ကိုအောင်ကိုထွေးအမှု ရုံးထုတ်၌ အမှုစစ်ဆေးနေစဉ် ဖွဲ့စည်းပုံအခြေခံဥပဒေ စာအုပ်ကို ခြေထောက်ဖြင့် နင်း၍ ဆန္ဒပြခဲ့သည်ဟုဆိုကာ လာရောက်ဝန်းရံသူ ကိုနောင်နောင်နှင့် ဒေါ်လေးလေးတို့ကို ထပ်မံဖမ်းဆီးခဲ့သည်။ ထိုဆန္ဒထုတ်ဖော်မှုနှင့် ပတ်သက်၍ တရားရုံးမှ တရားရုံးဆူပူစေမှု၊ တရားသူကြီးကို ခွေးတရားသူကြီးဟု ခေါ်ခဲ့သည်ဟုသူသော စွပ်စွဲချက်ဖြင့် ရာဇသတ်ကြီး ပုဒ်မ ၅၀၅(ခ)၊ ဆူပူအောင်ဖန်တီး စေမှု ပုဒ်မ ၁၅၃ စသည့် ပုဒ်မနှစ်ခုဖြင့် တရားစွဲဆိုကာ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်တရားရုံးက ၂၀၁၈ ခုနှစ်၊ စက်တင်ဘာ ၁၁ ရက်နေ့တွင် အလုပ်နှင့် ထောင်ဒဏ် တစ်နှစ်နှင့်ခြောက်လ အမိန့်ချမှတ်ခဲ့သည်။

တစ်ဆက်တည်းမှာပင် ဆန္ဒပြမှုတွင် ပါဝင်ခဲ့သော အောင်ကိုထွေး၏ အစ်မဖြစ်သူ မနေဇာထွန်း၊ နိုင်ငံရေး တက်ကြွလှုပ်ရှားသူ ကိုဇော်ကြီးနှင့် မခင်ချိုနိုင်တို့ကို နိုင်ငံတော်ကို အကြည်ညိုပျက်စေသည်၊ ရှန်းရင်းဆန်ခတ်ဖြစ်ရန် ဖန်တီးသည်၊ ဖွဲ့စည်းပုံအခြေခံဥပဒေစာအုပ်ကို ခြေဖြင့်နင်းသည်ဟုဆိုကာ ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၅၀၅(ခ)၊ ပုဒ်မ ၁၅၃၊ နိုင်ငံတော်အထိမ်းအမှတ်အက်ဥပဒေ ပုဒ်မ ၇ တို့ဖြင့် အသီးသီး တရားစွဲဆိုခဲ့သည်။ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာ ၂၄ ရက်နေ့ ရုံးချိန်းတွင် ဒဂုံဆိပ်ကမ်းမြို့နယ်တရားရုံးမှ အစ်မဖြစ်သူ မနေဇာထွန်းအား ထောင်ဒဏ် ၁ နှစ်နှင့် ဝန်ရံသူ ၂ ဦးအား ထောင်ဒဏ် ၁နှစ်ခွဲစီ အပြီးသတ် အမိန့်ချမှတ်ခဲ့သည်။



*ပုံ – မနေဇာထွန်းအား အမိန့်ချသည့်နေ့၌ တရားရုံးတွင် တွေ့ရစဉ်။*

## ၂.၄.၄။ အစိုးရဆန့်ကျင်ရေးဆန္ဒပြပွဲတွင် ပါဝင်ခဲ့သူများကို ပုဒ်မ ၅၀၅ (ခ) ဖြင့်တရားစွဲဆိုခြင်း

၂၀၁၇ ခုနှစ်အတွင်းက မန္တလေးမြို့တွင် အမျိုးသားရေးဝါဒီ သံဃာများ၊ လူပုဂ္ဂိုလ်များနှင့် ပြုလုပ်ခဲ့သည့် အစိုးရဆန့်ကျင်ရေးဆန္ဒပြပွဲတွင် ဦးဆောင်ပါဝင်ခဲ့သော ဦးကျော်မျိုးရွှေကို ဖမ်းဆီးအရေးယူခဲ့ပြီး ၂၀၁၈ ခုနှစ်၊ ဇူလိုင် ၂၅ ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်တရားရုံးမှ ရာဇသတ်ကြီးပုဒ်မ ၅၀၅(ခ) ဖြင့် ထောင်ဒဏ် တစ်နှစ်ခွဲ ချမှတ်ခဲ့သည်။ ဦးကျော်မျိုးရွှေသည် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၇ ရက်တွင် အဖမ်းခံခဲ့ရပြီး ပြစ်ဒဏ်ချမှတ်ချိန်တွင် မန္တလေးအိုးဘိုအကျဉ်းထောင်၌ တစ်နှစ်ခန့်နေထိုင်ပြီးဖြစ်၍ ထောင်ဒဏ် ၇ လခန့်သာ ထပ်မံကျခံရသည်။ ယင်းဆန္ဒပြပွဲတွင် ပါဝင်ခဲ့သောသံဃာ ၆ ပါးသည်လည်း ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၆ လ ချမှတ်ခံခဲ့ရသည်။

## ၂.၄.၅။ သင်္ကြန်ကာလအတွင်း တပ်မတော်ကိုဝေဖန်သည့် သံချပ်စာသားဖျော်ဖြေမှုကြောင့် ၅၀၅ (က) အပြင် ၆၆ (ဃ) ဖြင့်ပါ တရားစွဲဆိုခံရသော ဒေါင်းတို့မျိုးဆက်သံချပ်အဖွဲ့

၂၀၁၉ ခုနှစ်၊ ဧပြီလတွင် ဒေါင်းတို့မျိုးဆက်သံချပ်အဖွဲ့သည် သင်္ကြန်ကာလအတွင်း ခေတ်ကာလကို ဝေဖန်ထောက်ပြသည့် သံချပ်ထိုးဖျော်ဖြေမှုများကို မြို့နယ်အသီးသီးတွင် လှည့်လည်ဖျော်ဖြေခဲ့ကြသည်။ ဖျော်ဖြေမှုတွင် ပါဝင်သောစာသားများသည် တပ်မတော်၏ ဂုဏ်သိက္ခာညှိုးနွမ်းစေခြင်း၊ တပ်တွင်းပုန်ကန်မှုများ ဖြစ်ပေါ်စေအောင် လှုံ့ဆော်ခြင်းများ ဖြစ်စေသည်ဟုဆိုကာ တပ်မတော်မှ တရားစွဲဆိုခဲ့သည်။ ယင်းဖြစ်စဉ်၏ ထူးခြားချက်မှာ စတင်တရားစွဲဆိုသည့်အချိန်၌ ပုဒ်မ တစ်ခုတည်းဖြင့်စွဲသော်လည်း တရားရင်ဆိုင်နေသည့်ကာလတွင် အခြားပုဒ်မများဖြင့် ထပ်မံစွဲဆိုခြင်း၊ အခြားမြို့နယ်များတွင်လည်း ထပ်မံစွဲဆိုခြင်းများရှိခဲ့သည်။ ထိုသို့စွဲဆိုရာတွင် ရန်ကုန်တိုင်း ဒေသကြီး၌ ၆၆ (ဃ) ဖြင့် ၂ မှု၊ ၅၀၅ (က)ဖြင့် ၂ မှု၊ ဧရာဝတီတိုင်းဒေသကြီး၌ ၆၆ (ဃ) ဖြင့် ၁ မှု၊ ၅၀၅ (က) ဖြင့် ၃ မှု၊ စုစုပေါင်း ၈ မှုဖြင့် တရားစွဲဆိုခံခဲ့ရသည်။ ယခုအချိန်တွင် ၅၀၅ (က) အမှု ၂ မှုနှင့် ၆၆

(ဃ) အမှု ၂ မှုအတွက် စုစုပေါင်း အလုပ်နှင့်ထောင်ဒဏ် ၂ နှစ်နှင့် ၆ လကျခံနေရသည်။ လက်ရှိတွင် ဒေါင်းတို့ မျိုးဆက်သံချပ်အဖွဲ့သည် တရားစီရင်ရေးစနစ်အား အယုံအကြည်မရှိတော့သဖြင့် ကျန်ရှိနေသော အမှုများကို ဆက်လက် ခုခံချေပခြင်းမရှိတော့ဘဲ တရားရုံးကို သပိတ်မှောက်ထားကြောင်းသိရသည်။

## ၂.၅။ ရာဇသတ်ကြီးပုဒ်မ ၅၀၀ ဖြင့်တရားစွဲဆိုမှုများ

ရာဇသတ်ကြီးပုဒ်မ ၅၀၀ တွင် "မည်သူမဆို၊ အခြားသူတစ်ဦးဦး၏ အသရေကိုဖျက်လျှင် ထိုသူကို ၂ နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ် ၂ ရပ်လုံးဖြစ်စေ ချမှတ်ရမည်" ဟု ပြဋ္ဌာန်းထားသည်။ မြန်မာနိုင်ငံရှိ ဥပဒေများတွင် အသရေဖျက်မှုနှင့်ပတ်သက်လျှင် ဥပဒေ (၆)ခု ရှိကာ ကင်းလွတ်ချက် (၁၀) ချက်ပါရှိသော ရာဇသတ်ကြီးပုဒ်မ ၅၀၀ သည် စနစ်တကျပြင်ဆင်နိုင်ပါက အသုံးဝင်နိုင်ပါသည်။ သို့သော် ယနေ့ အချိန်တွင် ပုဒ်မ ၅၀၀ ဖြင့် နိုင်ငံရေးသဘောအရ အစိုးရအား ဝေဖန်သူများနှင့်တပ်မတော်အား ဝေဖန်သူများကို တရားစွဲ ခြင်းများဖြင့်သာ တလွဲအသုံးပြုနေသည်ကိုတွေ့ရသည်။ ရာဇသတ်ကြီး ပုဒ်မ ၅၀၀ ဖြင့် တရားစွဲခံရသူများတွင် တက်ကြွလှုပ်ရှားသူများ၊ စာရေးဆရာနှင့် သတင်းမီဒီယာများကို အများဆုံးတွေ့ရသည်။

လက်ရှိအစိုးရသက်တမ်းအတွင်းတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ချိုးဖောက်ကန့်သတ်၍ ရာဇသတ် ကြီး ပုဒ်မ ၅၀၀ ဖြင့် အမှုဖွင့်တရားစွဲဆိုမှုပေါင်း ၁၄ မှုကို အသံအဖွဲ့က မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

**ထင်ရှားသောအမှုများ**

### ၂.၅.၁။ စစ်ဘေးဒုက္ခသည်များကို ကယ်ဆယ်နိုင်ရေးဆန္ဒပြသူများကို ပုဒ်မ ၅၀၀ ဖြင့်အရေးယူခြင်း

၂၀၁၈ ဧပြီလတွင် ကချင်ပြည်နယ်တွင်း တိုက်ပွဲများကြောင့် ပိတ်မိနေသော ထောင်နှင့်ချီ နေရပ်စွန့်ခွာ ထွက် ပြေးသူများကို ကယ်ထုတ်ပေးရန် ဦးဇော်ဂျတ်၊ ဦးလွမ်းဇောင်းနှင့် ဒေါ်နန်ပူတို့က ဦးဆောင်ပြီး လမ်းလျှောက် ချီတက်ခြင်း၊ သပိတ်စခန်းဖွင့်ပြီး ဆန္ဒပြခြင်းများကို ပြုလုပ်ခဲ့ကြသည်။ ထိုဆန္ဒပြပွဲ၌ ဟောပြောခဲ့သည်တို့တွင် တပ်မတော်က တဖက်သတ် ထိုးစစ်ဆင်မှုများကြောင့် ရွာသားများထွက်ပြေးရကြောင်း၊ ပိတ်မိနေသော ပြည်သူ များကို လမ်းဖွင့်ပေးရန်သည် တပ်တော်၏တာဝန်သာဖြစ်ကြောင်းနှင့် လေကြောင်းဖြင့်ဗုံးကြဲခြင်းကို ချက်ချင်း ရပ်ဆိုသော အသုံးအနှုန်းများသည် တပ်မတော်၏ အသရေကို ဖျက်ဆီးသည်ဟုဆိုကာ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယဗိုလ်မှူးကြီး မျိုးမင်းဦးက မြစ်ကြီးနားတရားရုံးသို့ ဦးတိုက်လျှောက်ထား တရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။ ထိုသူ ၃ ဦးကို မြစ်ကြီးနားမြို့နယ် တရားရုံးမှ ထောင်ဒဏ် ၆ လနှင့် ငွေဒဏ် ၅ သိန်းစီ ချမှတ်ခဲ့သည်။ ထိုသို့ ထောင်ဒဏ်၊ ငွေဒဏ် ချမှတ်လိုက်ခြင်းအပေါ် တက်ကြွလှုပ်ရှားသူ အယောက် ၅၀ ခန့် ပါဝင်သော ကချင်လူငယ် အဖွဲ့ဝင်တချို့က မြစ်ကြီးနားမြို့နယ်တရားရုံး၌ ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ တစ်ဆက်တည်း မှာပင် လမ်းလျှောက်ဆန္ဒပြရာ၌ ဦးဆောင်သူ ကိုဘရန်မိုင်၊ ကိုဆိုင်းခွမ်အောင်၊ မဆွတ်ဆိုင်းထွယ်တို့ကို မြို့မ ရဲစခန်းမှ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး မြင့်မိုးက တရားလိုပြုလုပ်ကာ ငြိမ်းစုစီပုဒ်မဖြင့် အမှုဖွင့်ခဲ့သေးသည်။

### ၂.၅.၂။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ဟောပြောသည့် စာရေးဆရာ မာန်(တောင်လုံးပြန်)အား ပုဒ်မ ၅၀၀ ဖြင့် တရားစွဲအရေးယူခြင်း

မြိတ်မြို့တွင် ၂၀၁၉ ခုနှစ်၊ မေ ၉ ရက်က ပြုလုပ်ခဲ့သော ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ရေး ဟောပြော ပွဲ၌ စာရေးဆရာမာန်(တောင်လုံးပြန်) အနေဖြင့် တပ်မတော်ဂုဏ်သိက္ခာ ကျဆင်းစေခြင်း၊ လူထုက တပ်မတော်

အပေါ် အထင်အမြင်လွဲမှားအောင် ဟောပြောခြင်းများပြုလုပ်ခဲ့သည်ဟု ဆိုကာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး ကျော်မင်းဦးက တရားလိုလုပ်ကာ ၂၀၁၉ ခုနှစ်၊ ဇွန် ၄ ရက်တွင် တရားရုံးသို့ ဦးတိုက်တရားစွဲခဲ့ကြောင်း သိရသည်။ တရားရုံးကို ဦးတိုက်လျှောက်ထားစဉ်က ရာဇသတ်ကြီးပုဒ်မ ၅၀၅ (က) ဖြင့် တိုင်ကြားခဲ့သော်လည်း တရားရုံးမှ စီစစ်ပြီးနောက် ပုဒ်မ ၅၀၀ ဖြင့် အမှုကို လက်ခံခဲ့သည်။ အဆိုပါအမှုအား ၁၉ ကြိမ်မြောက် ရုံးချိန်းဖြစ်သည့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၂၃ ရက်တွင် မြိတ်မြို့နယ်တရားရုံးက ဒဏ်ငွေ သုံးသောင်း(သို့မဟုတ်) ထောင်ဒဏ်သုံးလကျခံစေရန် အမိန့်ချမှတ်ခဲ့ရာ စာရေးဆရာမာန် (တောင်လုံးပြန်) က ဒဏ်ငွေ သုံးသောင်းပေးဆောင်ခဲ့ကြောင်း သိရသည်။

### ၂.၅.၃။ တပ်မတော်မှ ပြည်သူကိုနှိပ်စက်သည့် ပြကွက်ကပြဖျော်ဖြေခဲ့သည့်အတွက် ဇွဲ အငြိမ့်အဖွဲ့ အရေးယူခံရခြင်း

၂၀၁၉ ခုနှစ် မတ်လအတွင်းက နေပြည်တော်၌ ကျင်းပခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ထောက်ခံပွဲ တစ်ခုတွင် တင်ဆက်ခဲ့သည့် ပြက်လုံး၌ တပ်မတော်သားပုံစံ ဝတ်ဆင်ထားသူတစ်ဦးက အရပ်သားတစ်ယောက်၏ ပခုံးကို ခြေထောက်ဖြင့်ဖိထားသည့် ပြကွက်ပါဝင်ခဲ့သည်။ ထိုပြကွက်သည် တပ်မတော်၏ဂုဏ်သိက္ခာ ထိခိုက်စေသည်ဟုဆိုကာ အငြိမ့်အဖွဲ့ခေါင်းဆောင် ကိုပန်းသီးအပါအဝင် လူရွှင်တော် အာလူး၊ စိမ်းလန်း၊ ဇောက်ထိုး၊ ဒိုးပေါက် တို့ကို နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယဗိုလ်မှူးကြီး မြင့်ဦးက ရာဇသတ်ကြီး ပုဒ်မ ၅၀၀ ဖြင့် ဧပြီတွင် တရားစွဲဆိုခဲ့သည်။ တရားစွဲဆိုခံရသူများထဲမှ တစ်ဦးဖြစ်သော ကိုပန်းသီးမှ "အငြိမ့်မင်းသမီး တစ်ဦးနှင့် တပ်မတော်သားတစ်ဦး၏ ချစ်ခြင်းမေတ္တာကို ဖွဲ့ထားသည့် ဟာသခွင်တစ်ခုအတွင်းမှ ပြကွက် တစ်ကွက်သာဖြစ်ပြီး တပ်မတော်ကို စော်ကားထိခိုက်စေသည့် စကားလုံးများ ပါဝင်ခြင်းမရှိဟု" ဆိုသည်။ ထို့နောက် နိုဝင်ဘာ ၁၄ ရက်တွင် ဇမ္ဗူသီရိမြို့နယ်တရားရုံးက 'ဇွဲ' အငြိမ့်အဖွဲ့မှ လူရွှင်တော်ငါးဦးအား ဒဏ်ငွေ တစ်သိန်း (သို့မဟုတ်) ထောင်ဒဏ်လေးလ ကျခံစေရန် တွင် အမိန့်ချလိုက်ရာ ၎င်းတို့က ဒဏ်ငွေပေးဆောင်ရန် ရွေးချယ်ခဲ့ကြသည်။

## ၂.၆။ ဖျက်သိမ်းရမည့် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေကို ၂၀၀၄ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ ယင်းဥပဒေ၏ ပုဒ်မ ၃၄(ဃ)တွင် အဖွဲ့အစည်း တစ်ခုခု သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးဦးကို ထိခိုက်နစ်နာစေရန်ဖြစ်စေ၊ ဂုဏ်သိက္ခာကျဆင်းစေရန် ဖြစ်စေ၊ သတင်းအချက်အလက်ကို အီလက်ထရောနစ်နည်းပညာဖြင့် ပြုလုပ်ခြင်း၊ ပြုပြင်ခြင်း သို့မဟုတ် ပြောင်းလဲခြင်း ပြုလုပ်ထားသည့် အချက်အလက်ကို ဖြန့်ချီခြင်းဟူ၍ ဖော်ပြထားသည်။ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေသည် ၂၀၀၇ ခုနှစ် ရွှေဝါရောင် တော်လှန်ရေးကာလ ဖမ်းဆီးတရားစွဲဆိုမှုများတွင် အသုံးများလာပြီး နာမည်ဆိုးဖြင့် ကျော်ကြားလာခဲ့သည်။ အဆိုပါ ဥပဒေကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဥပဒေပြင်ဆင်ခဲ့ပြီး ပုဒ်မ ၃၃ တွင် ပါရှိသော ပြစ်ဒဏ်များအား အနည်းဆုံး ပြစ်ဒဏ် (၅) နှစ်မှ အများဆုံး (၇)နှစ်အထိ လျှော့ချခဲ့သည်။ ပုဒ်မ ၃၄ တွင် ပါရှိသော ထောင်ဒဏ်များကို ငွေဒဏ် ကျပ်သိန်း ၅၀ မှ ကျပ်သိန်း ၁၀၀ အထိသာချမှတ်ရန် ပြောင်းလဲ သတ်မှတ်ခဲ့သည်။ ပြစ်ဒဏ်များကို လျှော့ချပေးခဲ့သော်လည်း ဥပဒေ၏ ရည်ရွယ်ချက်များ၊ ဦးတည်သုံးစွဲမှုများ ပြောင်းလဲသွားခြင်းမရှိဘဲ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကြီးမားသော အကန့်အသတ်ဖြစ်နေဆဲ ဖြစ်သည်။ လက်ရှိအစိုးရလက်ထက်တွင် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကို အသုံးပြုတရားစွဲဆို ခြင်းများ အနည်းငယ်သာတွေ့ရသော်လည်း အသက်ဝင်နေဆဲ

ဥပဒေဖြစ်သည့်အတွက် လူထုအပေါ် ဖိနှိပ်ရာတွင် အစိုးရနှင့်တပ်မတော်ဘက်က အချိန်မရွေးအသုံးပြုလာနိုင်သည့်အတွက် အမြန်ဆုံးဖျက်သိမ်းသင့်သည်။ အွန်လိုင်းအသုံးပြု၍ ကျူးလွန်နိုင်သောရာဇဝတ်မှုများကို အရေးယူနိုင်ရန် ဆိုက်ဘာရာဇဝတ်မှုဥပဒေကို လူ့အခွင့်အရေးစံနှုန်းများနှင့် အညီ ရေးဆွဲပြဌာန်းသင့်ပါသည်။

**ထင်ရှားသောအမှုများ**

### ၂.၆.၁။ ရဲတပ်ဖွဲ့၏ဂုဏ်သိက္ခာထိခိုက်သည်ဟုဆိုကာ အရေးယူခြင်း

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ညွှန်ကြားချက်ဖြင့် သက္ကမိုးညို (ခ) ဒေါက်တာဝင်းကိုကိုသိန်းအား နေပြည်တော်မြို့၊ ပျဉ်းမနား ရဲစခန်းမှ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ပုဒ်မ ၃၄(ဃ) ဖြင့် ၂၀၁၉ခုနှစ်၊ ဇူလိုင်လ ၁၀ရက်တွင် အမှုဖွင့်ခဲ့ခြင်း ဖြစ်သည်။ သက္ကမိုးညိုအား ၃ နာရီခန့် စစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီးနောက် ပျဉ်းမနား ရဲစခန်းမှ ကျပ်သိန်း ၁၀၀ အာမခံဖြင့် ပြန်လွှတ်ပေးလိုက်သည်။ နေပြည်တော်ရှိပုဂ္ဂလိကကျောင်းတစ်ကျောင်းမှ အသက် ၃ နှစ် အရွယ် မိန်းကလေးငယ်တစ်ဦး လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှု ကျူးလွန်ခံရသောအမှုဖြစ်စဉ်နှင့် ပတ်သက်၍ လူမှုကွန်ရက်စာမျက်နှာပေါ်မှာ သက္ကမိုးညိုရေးသားမှုများသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဂုဏ်သိက္ခာကို ထိခိုက်စေသောကြောင့်ဆိုကာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ သို့သော် မည်သည့် အသုံးအနှုန်းများက မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဂုဏ်သိက္ခာကို ထိုက်ခိုက်စေသလဲဆိုသည်ကိုမူ တရားစွဲဆိုသူများဘက်မှ ရှင်းရှင်းလင်းလင်း ပြောဆိုခြင်းမရှိပေ။

### ၂.၆.၂။ တပ်မတော်(ရေ)အကြောင်းကို အွန်လိုင်းတွင်ရေးသားခဲ့သူအား အရေးယူခြင်း

တပ်မတော်နှင့်ဆိုင်သည့် အချက်အလက်များကို လူမှုကွန်ရက်တွင် ရေးသားခဲ့သည်ဟုဆိုကာ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ စစ်တောကျေးရွာမှ မောင်တင်ချမ်းအား ၂၀၁၉ ခုနှစ်၊ ဇူလိုင်လတွင် အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ပုဒ်မ ၃၃(ခ) ဖြင့် တပ်မတော်က အမှုဖွင့်ခဲ့သည်။ မောင်တင်ချမ်းသည် "ဂျပန်ခေတ်က ရခိုင်သားချေ" နာမည်ဖြင့် Facebook စာမျက်နှာတွင် တပ်မတော်(ရေ)၏ လုံခြုံရေးအား ရေးသားခဲ့သည်ဟုဆိုကာ ဓညဝတီရေတပ်စခန်းဌာနချုပ်မှ ဗိုလ်ကြီးပြည့်ဖြိုးအောင်က တရားလိုပြုလုပ်ကာ တိုင်တန်းခဲ့ခြင်းဖြစ်ကြောင်းသိရပြီး မည်သည့်အချက်ကို ရေးသားခဲ့မှုကြောင့် တရားစွဲသည်ကို အသေးစိတ်ပြောဆိုခြင်းမရှိပေ။

အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ပုဒ်မ ၃၃ (ခ)တွင် နိုင်ငံတော်၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်၏ စီးပွားရေး သို့မဟုတ် အမျိုးသားယဉ်ကျေးမှုနှင့်စပ်လျဉ်းသည့် နိုင်ငံတော်၏ လျှို့ဝှက်ချက်နှင့်သက်ဆိုင်သော သတင်းအချက်အလက် တစ်ရပ်ရပ်ကိုရယူခြင်း သို့မဟုတ် ပေးပို့ဖြန့်ချိသည်ဟု ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ်အနည်းဆုံး ငါးနှစ်မှ အများဆုံး ခုနစ်နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်ဟု ဖော်ပြထားသည်။

## ၂.၇။ နိုင်ငံတော်အကြည်ညိုပျက်စေမှု ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၂၄ (က) ဖြင့် တရားစွဲဆိုမှုများ

နိုင်ငံတော်အကြည်ညိုပျက်စေမှု ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၂၄ (က) တွင် "မည်သူမဆို နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ အမှတ်အသားဖြင့်ဖြစ်စေ၊ ထင်ရှားသောပုံသဏ္ဍာန်ဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ ပြည်ထောင်စု

အတွက် (သို့တည်းမဟုတ်) ပြည်ထောင်စုအဖွဲ့ဝင်များအတွက် ဥပဒေအရ တည်ထောင်ထားသော အစိုးရကို မုန်းထားအောင်သော်လည်းကောင်း၊ မလေးမစားအောင်သော်လည်းကောင်းပြုလျှင် (သို့တည်းမဟုတ်) မေတ္တာပျက်အောင်လှုံ့ဆော်လျှင် (သို့တည်းမဟုတ်) ထိုသို့လှုံ့ဆော်ရန်အားထုတ်လျှင် ထိုသူကိုငွေဒဏ်နှင့်တကွ တစ်သက်တစ်ကျွန်း ဖြစ်စေ၊ ငွေဒဏ်နှင့်တကွ တစ်သက်တစ်ကျွန်းအောက်လျော့သည့် တစ်ကျွန်းဒဏ်ဖြစ်စေ၊ ငွေဒစ်နှင့်တကွ သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်သက်သက်ဖြစ်စေ ချမှတ်ရမည်" ဟုပါရှိသည်။ အစိုးရသစ် လက်ထက်တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ချိုးဖောက်ကာ ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၂၄ (က) ဖြင့် တရားစွဲဆိုမှုများ ၆ မှုရှိကြောင်း တွေ့ရှိခဲ့သည်။

**ထင်ရှားသည့်အမှုများ**

## ၂.၇.၁။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား ဝေဖန်ပြောဆိုသောကြောင့် တရားစွဲဆိုခံရမှုများ

လူမှုကွန်ရက်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို ပြည့်တန်ဆာ အမျိုးသမီးထက်ပင် ယုတ်ညံ့ကြောင်း၊ ထို့ပြင် တပ်နှင့် ပြည်သူကို သွေးကွဲအောင်လုပ်နေသူဟု ရေးသားခဲ့သည့်အတွက် ဦးမင်းဆွေ (ခေါ်) ငါးမင်းဆွေကို လှိုင်မြို့နယ် ရဲတပ်ဖွဲ့မှ ရာဇသတ်ကြီး ဥပဒေ ပုဒ်မ ၁၂၄ (က) ဖြင့် ၂၀၁၈ ခုနှစ် ဇူလိုင် ၁၂ ရက်တွင် ဖမ်းဆီးအမှုဖွင့်ခဲ့သည်။ တရားခွင်စစ်ဆေးမှု ၂ လကြာပြီးနောက် စက်တင်ဘာလ ၁၈ ရက်နေ့တွင် အနောက်ပိုင်းခရိုင် တရားရုံးမှ ထောင်ဒဏ် ၇ နှစ် နှင့် ငွေဒဏ် ၁ သိန်းပေးဆောင်ရန် အမိန့်ချခဲ့သည်။

ဒုတိယဖြစ်စဉ်မှာ ဘာသာရေးပဋိပက္ခ နှင့် လူမျိုးရေးမုန်းတီးအောင် လှုံ့ဆော်သူဟုနာမည်ကြီးသော ဦးဝီရသူသည် တနင်္သာရီတိုင်း၊ မြိတ်မြို့နှင့် ရန်ကုန်တိုင်း၊ ကျောက်တံတားမြို့နယ်တို့တွင် ပြုလုပ်ခဲ့သည့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေထောက်ခံပွဲနှင့် အမျိုးသားရေးလှုပ်ရှားမှုဟောပြောပွဲများတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို ပြင်းထန်စွာ ဝေဖန်ဟောပြောခဲ့မှုများကြောင့် မေလ ၂၈ ရက်နေ့တွင် ရာဇသတ်ကြီး ဥပဒေ ပုဒ်မ ၁၂၄ (က) ဖြင့် ရန်ကုန်အနောက်ပိုင်းခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးစန်းမင်းမှ တရားလိုပြုလုပ်၍ ဦးတိုက်လျှောက်ထားခဲ့သည်။ ထို့နောက် တရားရုံးသို့ လာရောက်ခြင်းမရှိဘဲ တိမ်းရှောင်နေသည့်အတွက် အနောက်ပိုင်းခရိုင်တရားရုံး တွဲဖက်တရားသူကြီး ဦးကျော်ကျော်မှ ဦးဝီရသူအား ဖမ်းဝရမ်းထုတ်ခဲ့သည်။

တတိယဖြစ်စဉ်မှာ စစ်တပ်ထောက်ခံရေးနှင့် အမျိုးသားရေးတက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ်ဟောင်းတစ်ဦးဖြစ်သော ဘူးလက်လှဆွေသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေထောက်ခံသော ဟောပြောခြင်းများ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို ဝေဖန်ပုတ်ခတ်ခြင်းများ အများအပြား ဆောင်ရွက်သူ တစ်ဦးဖြစ်သည်။ ဘူးလက်လှဆွေကို ရန်ကုန်မြို့လယ် မြို့တော်ခန်းမရှေ့ လူထုဟောပြောပွဲတွင် အစိုးရနှင့် ဒေါ်အောင်ဆန်းစုကြည် လုပ်ဆောင်ချက်များ အပေါ် သွယ်ဝိုက်ပြစ်တင်ရှုတ်ချပြောဆိုမှုများအတွက် နိုင်ငံတော် အကြည်ညိုပျက်စေမှု ရာဇသတ်ကြီးပုဒ်မ ၁၂၄(က) ဖြင့် ကျောက်တံတားမြို့နယ်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးမှ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတွင် ဩဂုတ်လ ၇ ရက်နေ့၌ တရားစွဲဆိုရန် ဦးတိုက်လျှောက်ထားခဲ့သည်။

## ၂.၈။ ရာဇသတ်ကြီးပုဒ်မ ၂၉၅ (က) ဖြင့် တရားစွဲဆိုမှုများ

ရာဇသတ်ကြီးဥပဒေ ဘာသာသာသနာဆိုင်ရာပြစ်မှု ၂၉၅ (က) တွင် “ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် နေထိုင်သော လူတစား၏ ဘာသာရေးစိတ်ကို နာကြည်းစေရန် တမင်မသမာသော အကြံဖြင့် မည်သူမဆို၊ စကားဖြင့် ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ ထင်ရှားသော ပုံသဏ္ဌာန်ဖြင့်ဖြစ်စေ၊ ထိုလူတစား ကိုးကွယ်သည့်ဘာသာ သာသနာကို သော်လည်းကောင်း၊ ဘာသာ သာသနာရေး ယုံကြည်မှုကိုသော်လည်းကောင်း၊ စော်ကားလျှင်၊ သို့တည်းမဟုတ် စော်ကားရန် အားထုတ်လျှင်၊ ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်တမျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ၊ ချမှတ်ရမည်” ဟုပါရှိသည်။

NLD အစိုးရသစ်လက်ထက်တွင် ရာဇသတ်ကြီး ပုဒ်မ ၂၉၅ (က) ကိုအသုံးပြုပြီး တရားစွဲဆိုသော အမှုပေါင်းများစွာရှိသည်။ ထိုအထဲတွင်မှ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ချိုးဖောက်၍ တရားစွဲဆိုမှု ၇ မှုပေါ်ပေါက်ခဲ့သည်ကို တွေ့ရှိရပါသည်။ တရားစွဲဆိုမှုများတွင် သတင်းစာများ၌ ရေးသားဖော်ပြသော သတင်း၊ သရော်စာ ရေးသားသူများကိုပင် ပုဒ်မ ၂၉၅ (က) ဖြင့်အမှုဖွင့်တရားစွဲဆိုခဲ့ကြသည်။ ၂၀၁၇ ခုနှစ်၊ ဧပြီလတွင် သာသနာမြေတစ်ခု၌ ထန်းရည်၊ အရက်ဆိုင်တွေ ဖွင့်လှစ်ရောင်းချနေကြောင်း လူမှုကွန်ရက်တွင် ရေးသားထားချက်များကို ထပ်ဆင့်ကူးယူဖော်ပြမှုဖြင့် ပဲခူးသမဂ္ဂဂျာနယ်အယ်ဒီတာချုပ် ကိုအောင်စိုးမိုး၊ သူရိယအလင်းဂျာနယ် သတင်းထောက် ကိုလွင် တို့နှင့်အတူ အခြားအရပ်သား လူမှုကွန်ရက်သုံးစွဲသူ ၂ ဦး စုစုပေါင်း ၄ ဦးကို ပဲခူး အမှတ် ၂ ရဲစခန်းကအမှုဖွင့်တရားစွဲဆိုခဲ့သည်။ ဒီဗွီဘီစီဂျေသတင်းထောက် ကိုအောင်စိုးမိုးသည် ဖမ်းဆီးချုပ်နှောင်ခံရပြီး သုံးလခန့်အကြာ နိဝင်ဘာလတွင် ဒုတိယအကြိမ် အာမခံလျှောက်ထားခဲ့ရာ ပုဒ်မ ၂၉၅ (က)၊ ပုဒ်မ ၆၆(ဃ) တို့ကို တရားရုံးက အာမခံပေးခဲ့သည်။

၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ရွှေတိဂုံစေတီတော်မှ ရွှေပြားများ မဲနေသောကိစ္စနှင့်ပတ်သက်ပြီး "ပြောမိတော့မှာပဲ" ဆိုသော ခေါင်းစဉ်ဖြင့် သရော်စာ ရေးသားခဲ့သော ဆောင်းပါးရှင် ကောင်းဆက်နိုင် အပါအဝင် စံတော်ချိန် သတင်းစာ ထုတ်ဝေသူနှင့် အယ်ဒီတာချုပ် စုစုပေါင်း ၃ ဦးကို သာသနာ ညှိုးနွမ်းစေမှုပုဒ်မ ၂၉၅ဖြင့် အမှုဖွင့်ခဲ့သည်။ အမှုဖွင့်တိုင်ကြားသူသည် မြောက်ဥက္ကလာပမြို့နယ်တွင်နေထိုင်သော ဦးစိုးမင်းဦး ဆိုသူဖြစ်ပြီး ရွှေတိဂုံစေတီတော်ကို ငွေတိဂုံ၊ ဘော်တိဂုံစေတီ ဆိုသော အသုံးအနှုန်းများသုံးပြီး ရေးသားထားခြင်းသည် ဗုဒ္ဓဘာသာကို စော်ကားရာ ရောက်သည့်အတွက် အမှုဖွင့်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

## ၂.၉။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် အချိုးဖောက်အခံရဆုံး ပြည်နယ် (၃) ခု

မြန်မာနိုင်ငံတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ ပြည်သူများ အားလုံး ချိုးဖောက်ခံရသည်ကို ယခုအစီရင်ခံစာတွင် တွေ့နိုင်သည်။ တိုင်းဒေသကြီးများတွင် ရန်ကုန်နှင့် မန္တလေးတွင် အများဆုံးချိုးဖောက်ခံရပြီး တိုင်းရင်းသားပြည်နယ်များတွင် ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကချင်ပြည်နယ် တို့တွင် အများဆုံးချိုးဖောက်ခံရကြောင်းတွေ့ရသည်။

### (က) ရခိုင်ပြည်နယ်

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ကျရောက်မည့် နှစ်စဉ်ကျင်းပမြဲဖြစ်သော ရခိုင်ပြည်နယ် အချုပ်အခြာအာဏာကျဆုံးခြင်း ဝမ်းနည်းအောက်မေ့ဖွယ်အခမ်းအနား ကျင်းပခွင့်ပိတ်ထားသောကြောင့် ဒေသခံများသည် အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းရှေ့၌ သွားရောက်တောင်းဆို ဆန္ဒပြထုတ်ဖော်ရာ ရဲတပ်ဖွဲ့မှ အကြမ်းဖက်ဖြိုခွင်းခဲ့သည်။ အပြစ်မဲ့ပြည်သူ ၇ ဦးထက်မနည်း သေဆုံးခဲ့ပြီး ၁၂ ဦး ဒဏ်ရာ

ရခဲ့သည်။ ငြိမ်းချမ်းစွာစုဝေးဆန္ဒပြမှုအပေါ် ရဲတပ်ဖွဲ့မှ အကြမ်းဖက်ဖြိုခွင်းခြင်းသည် ပြည်သူများ၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ချိုး ဖောက်ခြင်းဖြစ်သည်။ ထို့ကြောင့် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် “ရခိုင်ပြည်နယ် အချုပ်အခြာအာဏာကျဆုံးခြင်း ဝမ်းနည်းအောက်မေ့ဖွယ်”နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲပြုလုပ်ခဲ့သည်။ ထိုပွဲ၌ ရခိုင်ပြည်နယ်၊ အမ်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်နှင့် စာရေးဆရာ ကိုဝေဟင်အောင် တို့၏ ဟောပြောချက်များသည် ဥပဒေနှင့်ငြိစွန်းသည်ဟုဆိုကာ နိုင်ငံတော်ပုန်ကန်မှု ပုဒ်မ ၁၂၄၊ ရာဇ သတ်ကြီးပုဒ်မ ၅၀၅ (ခ)၊ နှင့် မတရားအသင်းများအက်ဥပဒေပုဒ်မ ၁၇(၁)၊ (၂) ဖြင့် တရားစွဲဆိုခဲ့ပြီး ထောင်ဒဏ် နှစ် (၂၀) ချမှတ်ခဲ့သည်။

ရခိုင်ပြည်နယ်၏ သတင်းရယူပိုင်ခွင့်များကိုလည်း ဆိုးရွားစွာချိုးဖောက်နေဆဲဖြစ်သည်။ ဧရာဝတီ သတင်းဌာန ၏ တာဝန်ခံအယ်ဒီတာ ဦးရဲနည် နှင့် RFAသတင်းဌာနတို့ကို ရခိုင်အရေးနှင့်ပတ်သတ်ပြီး သတင်းများရေးသားခဲ့သည့်အတွက် တပ်မတော်မှ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ) ဖြင့် တရားစွဲဆိုခဲ့သည်။ ထို့အပြင် ရခိုင်ပြည်နယ် အခြေစိုက် သတင်းမီဒီယာ ဖြစ်သည့် Development Media Group (DMG) သတင်းဌာန အယ်ဒီတာချုပ် ကိုအောင်မင်းဦးအပါအဝင် တာဝန်ရှိသူများကို သတင်းတပ်ဖွဲ့က မေလ ၁ ရက်တွင် မတရား အသင်းများအက်ဥပဒေ ပုဒ်မ ၁၇ (၂) ဖြင့် စစ်တွေမြို့အမှတ် (၁) ရဲစခန်း၌ အမှုဖွင့်ထားသည်။ နိရဉ္စရာ သတင်း ဌာနနှင့် Voice of Myanmar (VoM) သတင်းဌာန တို့သည် ရက္ခိုင့်တပ်တော်(အေအေ)နှင့် ဆက်သွယ်မေးမြန်းခဲ့သည့်အတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၀ (က)၊ ၅၂ (ခ) တို့ဖြင့် တရားစွဲဆိုခြင်းခံခဲ့ရသည်။ ယခုကဲ့သို့ ကပ်ရောဂါဖြစ်နေသော အရေးပေါ် စောင့်ကြည့်နေရသည့်ကာလတွင် ဒေသတွင်းရှိ သတင်းမီဒီယာများကို ပိတ်ထားခြင်းသည် သတင်းရယူပိုင်ခွင့်၊ ဖြန့်ဝေပိုင်ခွင့်ကို ကန့်သတ်ထားပြီး လွတ်လပ်စွာထုတ်ဖော် ပြောဆိုခွင့်ကို ချိုးဖောက်နေခြင်းဖြစ်သည်။

ထို့ပြင် မြန်မာ့တပ်မတော်နှင့် ရက္ခိုင့်တပ်တော် တို့အကြား တိုက်ပွဲများဆက်လက် ဖြစ်ပွားနေမှုကြောင့် ဟုဆိုကာ မြန်မာအစိုးရသည် ၂၀၁၉ခုနှစ်၊ ဇွန်လ ၂၁ရက်နေ့တွင် စတင်၍ ရခိုင်ပြည်နယ်ရှိ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်၊ မြောက်ဦး၊ မင်းပြား၊ မြေပုံ နှင့် ချင်းပြည်နယ်ရှိ ပလက်ဝမြို့နယ် စသည့် မြို့နယ် (၉) ခုတွင် မိုဘိုင်းအင်တာနက်ဆက်သွယ်မှုများ စတင်ဖြတ်တောက်ခဲ့သည်။ (၂) လ ကြာပြီးနောက် စက်တင်ဘာ ၁ ရက်နေ့တွင် မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်၊ မြေပုံ နှင့် ပလက်ဝမြို့နယ် စသည့် (၅) မြို့နယ်အား ပြန်လည်ဖွင့်ပေးခဲ့သော်လည်း ၂၀၂၀ ခုနှစ် ဇန်နဝါရီလတွင် ပြန်လည် ပိတ်ပင်ခဲ့သည်။ ထိုဒေသရှိ ပြည်သူများသည် စစ်ဘေးဒုက္ခများခံစားနေရသည့်အပြင် ယခုကဲ့သို့ ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေသည့် အချိန်တွင် မိုဘိုင်းအင်တာနက်သည် အမှန်တကယ် လိုအပ်နေသည်။ အရေးပေါ်ကာလများတွင် အစိုးရအနေဖြင့် တယ်လီဖုန်းဆက်သွယ်ရေးလိုင်းများ ဖြတ်တောက်မှုများသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ သတင်းအချက်အလက်ရယူခွင့်၊ ဖြန့်ဝေခွင့်ကို ဆိုးရွားစွာ ချိုးဖောက်နေခြင်းဖြစ်သည်။

## (ခ) ကယားပြည်နယ်

ကယားပြည်နယ်သည်လည်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုပိုင်ခွင့် ချိုးဖောက်ခံနေရမှု မြင့် တက်လျှက်ရှိသော ပြည်နယ်တစ်ခုဖြစ်သည်။ ချိုးဖောက်မှုများအထဲမှ ဖြစ်စဉ်အချို့ကို ကောက်နုတ် ဖော်ပြသွားပါမည်။

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ရက်နေ့တွင် တပ်မတော်၏ စစ်ဆင်ရေးကွပ်ကဲရေးဌာနချုပ်မှ တပ်ဖွဲ့များက လွိုင်ကော်မြို့ရှိ KNPP စခန်းကိုဝင်ရောက်စီးနင်းပြီး အရပ်သားတစ်ဦးနှင့် KNPP တပ်ဖွဲ့ဝင် ၃ ဦးကို ဖမ်းဆီးကာ မီးရှို့သတ်ဖြတ်ခဲ့သည်။ ထိုသို့ ရက်စက်စွာသတ်ဖြတ်ခံရမှုကြောင့် ကရင်နီလူငယ် ၁၅ ဦးခန့်သည် တပ်မတော်၏ လုပ်ရပ်ကို ရှုံ့ချကာ ဆန္ဒပြခဲ့သည်။ ဆန္ဒပြမှုကို ဦးဆောင်သူ ကယားပြည်နယ် သမဂ္ဂမှ လူငယ် ၅ ဦးအား ဖမ်းဆီး ပြီး ငြိမ်းစုစီဥပဒေဖြင့် တရားစွဲဆိုခဲ့သည်။ လွိုင်ကော်မြို့နယ် တရားရုံးမှ ငွေဒဏ်(၃)သောင်းအား ချမှတ်ခဲ့သော်လည်း ဒဏ်ငွေမဆောင်သည့်အတွက် ထောင်ဒဏ် ရက် ၂၀ ချမှတ်ခဲ့သည်။

မျိုးဆက်သစ် ကရင်နီလူငယ်များမှ ဦးဆောင်၍ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့တွင် ကယားပြည်နယ် အစိုးရအဖွဲ့ထံ ဗိုလ်ချုပ်ကြေးရုပ်စိုက်ထူခြင်းကို ကန့်ကွက်ကြောင်း အိတ်ဖွင့်ပေးစာ ပေးပို့ခဲ့ကြသည်။ အကြောင်းပြန်ကြားခြင်း မရှိသည့်အတွက် ကရင်နီပြည် လူထုအဖွဲ့အစည်းများက ဦးဆောင်၍ သက်ဆိုင်ရာသို့ အကြောင်းကြားစာပေးပို့ကာ ဇူလိုင်လ ၃ ရက်နေ့တွင် လွိုင်ကော်မြို့နယ်၌ ချီတက် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ ထိုဆန္ဒပြ ပွဲကို ရဲတပ်ဖွဲ့က အကြမ်းဖက်ဖြိုခွင်းခဲ့ပြီး ဦးဆောင်ပါဝင်သူ လူငယ် ၁၆ ဦးကို ငြိမ်းစုစီဥပဒေ ပုဒ်မ ၁၉၊ ၂၀ တို့ဖြင့် လွိုင်ကော်မြို့နယ် တရားရုံးတွင် တရားစွဲဆိုခဲ့သည်။ ထို့အပြင် လွိုင်ကော်မြို့နယ်တွင် ပုဒ်မ ၅၀၅ (ခ) အပြင် ၅၀၅ (ဂ) ကိုပါ ထည့်သွင်းတရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့တွင် ကယား ပြည်နယ်၊ လွိုင်ကော်မြို့နယ်တွင် တောင်သူလယ်သမားများ၏ ထွန်တုံးတိုက်ပွဲသတင်းရယူခဲ့သည့် သတင်းသမား ၃ ဦးသည်လည်း နိုင်လွတ်လုံ ဥပဒေဖြင့် တရားစွဲဆိုခံခဲ့ရသည်။ ကယားပြည်နယ်၊ လွိုင်ကော်မြို့၏ အချို့နေရာများတွင် ငြိမ်းချမ်းစွာ စီတန်းလှည့်လည် ဆန္ဒပြခြင်းကို တားမြစ်ထားသည်။ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့တွင် ကယားပြည်နယ်အစိုးရအဖွဲ့မှ လွိုင်ကော်မြို့တွင် ဆန္ဒပြခွင့်မရှိသည့် ကန့်သတ်နေရာများအား ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီးပြီးလျှင် ငြိမ်းချမ်းစွာဆန္ဒပြခြင်းကို ကန့်သတ်ထားသော ဒုတိယနယ်မြေဖြစ်သည်။

## (ဂ) ကချင်ပြည်နယ်

နှစ်ကာလကြာရှည်စွာ ပြည်တွင်းစစ်ခံစားနေရသော ကချင်ပြည်နယ်တွင်လည်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ချိုးဖောက်နေသော ဖြစ်ရပ်များရှိသည်။ မြန်မာနိုင်ငံတွင် ဘာသာရေးနှိပ်ကွပ်မှုများကို စစ်တပ်က ကျူးလွန်နေကြောင်း အမေရိကန်သမ္မတထံ တင်ပြခဲ့သော ကချင်နှစ်ခြင်း ခရစ်ယာန်အဖွဲ့ချုပ် (KBC) ဥက္ကဋ္ဌ ဒေါက်တာခလမ်ဆမ်ဆွန်ကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးသန်းထိုက်က တရားစွဲရန် ဩဂုတ်လ ၂၆ ရက်နေ့တွင် မြစ်ကြီးနားမြို့နယ်တရားရုံးထံသို့ ဦးတိုက်လျှောက်ထားခဲ့သည်။ ထို့ပြင် ကချင်ပြည်နယ်တွင် စစ်ဘေးဒုက္ခသည်များ အရေးသရုပ်ဖော်ခဲ့သဖြင့် လူငယ် ၂ ဦးဖြစ်သော ကိုပေါလုနှင့် မဆိုင်းနုပန်း တို့အား ငြိမ်းစုစီပုဒ်မ ၁၉ ဖြင့်တရားစွဲကာ ထောင်ချခဲ့သည်။

ထို့အပြင် ကချင်ပြည်နယ်တွင် တပ်မတော် နှင့် ကချင်လက်နက်ကိုင်တပ်ဖွဲ့ ကေအိုင်အေတို့အကြား ဖြစ်ပွားနေခဲ့သော တိုက်ပွဲများအတွင်း ပိတ်မိနေသည့် စစ်ဘေးရှောင်များအား ကယ်တင်နိုင်ရေး ဆန္ဒပြပွဲကို ဦးဆောင်ခဲ့သူ ဦးဇော်ဂျတ်၊ ဦးလွမ်းဇောင်း နှင့်ဒေါ်နန်ပူတို့ ၃ ဦးကို တပ်မတော်မှ အသရေပျက်စေမှု ပုဒ်မ ၅၀၀ ဖြင့် မြစ်ကြီးနားမြို့နယ် တရားရုံးမှ ထောင်ဒဏ် ၆ လနဲ့ ငွေဒဏ် ၅ သိန်းစီ ချမှတ်ခဲ့သည်။



# လွတ်လပ်စွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်

## အခန်း (၃) ။ လွတ်လပ်စွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်

ဒီမိုကရေစီနိုင်ငံတွင် ပြည်သူများ၏ဆန္ဒသဘောထားများကို ဖော်ပြနိုင်ရန် လွတ်လပ်စွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်မှာ အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်သည်။ ဒီမိုကရေစီကူးပြောင်းနေသော မြန်မာနိုင်ငံတွင် လွတ်လပ်စွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်ကို ကန့်သတ်ထားသောဥပဒေမှာ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေ ဖြစ်သည်။

၁၉၆၂ ခုနှစ် နောက်ပိုင်း တစ်ပါတီအာဏာရှင်စနစ်မှစ၍ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပါအဝင် လွတ်လပ်စွာစုဝေးခြင်းနှင့် ဆန္ဒပြခြင်းများကို ဆယ်စုနှစ်ပေါင်းများစွာတိုင် ဖိနှိပ်ကန့်သတ်ခံခဲ့ရသည်။ ၂၀၁၀ အထွေထွေ ရွေးကောက်ပွဲပြီး လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်တို့အတွက် မျှော်လင့်ချက်များစွာရှိခဲ့သည်။

ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေ (သို့) ငြိမ်းစုစီဥပဒေကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂ ရက်နေ့တွင် ပြဌာန်းခဲ့ပြီး ၂၀၁၄ ခုနှစ် ဇွန်လတွင် တစ်ကြိမ်၊ ၂၀၁၆ခုနှစ် အောက်တိုဘာလတွင် တစ်ကြိမ်ပြင်ဆင်ခဲ့သည်။ ဥပဒေတွင်ပါရှိသော ဆန္ဒပြပွဲဦးဆောင်ပုဂ္ဂိုလ်များ၏ ကိုယ်ရေးအချက်အလက်များ တောင်းခံခြင်း၊ စီတန်း လှည့်လည်ရာတွင် အသုံးပြုမည့် အလံ၊ ပိုစတာ၊ ကြွေးကြော်သံ၊ ပါဝင်မည့် လူဦးရေ

အရေးအတွက် စသည့် အသေးစိတ်အချက်အလက်များကို တောင်းခံခြင်း၊ စီတန်းလှည့်လည်မည့် မြို့နယ်တစ်လျှောက် နယ်မြေခံရဲစခန်းများကို ကြိုတင်အသိပေးတင်ပြရန် လိုအပ်ခြင်း၊ ရှောင်တခင် ဖြစ်ပေါ်လာနိုင်သော စုဝေးမှုနှင့်ပတ်သက်သည့် အချက်အလက်များ မပါဝင်ခြင်းနှင့် ပုဒ်မ ၁၀(ဠ) အရ ကြိုတင်သတ်မှတ်ထားသော ဒေသန္တရစည်းမျဉ်း၊ စည်းကမ်းများနှင့် သဘောတူညီချက်များကို လိုက်နာရခြင်း တို့သည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်ကို အဓိက ကန့်သတ်မှုများ ဖြစ်သည်။

## ၃.၁။ ပြင်ဆင်မည့်ဥပဒေကြမ်းတွင် ပိုမိုကန့်သတ်ဖိနှိပ်မှုများ ပါဝင်နေခြင်း

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ တွင် ငြိမ်းစုစီဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီမှ တင်သွင်းခဲ့သည်။ ပြင်ဆင်ချက် ပုဒ်မ ၄ (ဃ) တွင် "ဆန္ဒထုတ်ဖော်မှု၏ ခန့်မှန်းကုန်ကျငွေနှင့် ကျခံသူ၏အမည်ကို အာဏာပိုင်ထံသို့ တင်သွင်းရမည်" ဟုပါရှိသည်။ ထို့ပြင် ထပ်မံဖြည့်စွက်လိုက်သောပုဒ်မ ၁၈ တွင် "မည်သူမဆို နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရား၊ အကျိုးတို့ကို ပျက်ပြားစေရန် အကြံဖြင့်ဖြစ်စေ၊ ထိုသို့ ပျက်ပြားတန်ရာသော အခြေအနေ ဖြစ်နိုင်ကြောင်း သိလျက်နှင့်ဖြစ်စေ၊ ငွေ သို့မဟုတ် ပစ္စည်းကိုသော်လည်းကောင်း၊ အခြားနည်းလမ်းတစ်ခုခုသော်လည်းကောင်း သုံးစွဲ၍ သူတစ်ဦးဦးအား ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းပြုအောင် လှုံ့ဆော်ခြင်း၊ သွေးဆောင်ခြင်း၊ ဖြားယောင်းခြင်း၊ သို့တည်းမဟုတ် တိုက်တွန်းခြင်းကိုပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ၃ နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်မည်" ဟူ၍ဖြစ်သည်။ ယင်းဖြည့်စွက်လိုက်သော အချက်များသည် ပြည်သူများအား လွတ်လပ်စွာစုဝေခွင့်နှင့် စီတန်း လှည့်လည်ခွင့် အခွင့်အရေးကို ပိုမိုကောင်းမွန်အောင် ဖော်ဆောင်မပေးနိုင်ဘဲ ပိုမိုဖိနှိပ်ကန့်သတ်ရန်အတွက်သာ ထည့်သွင်းထားကြောင်းပေါ်လွင်သည်။ ထို့ပြင် ထိုအသစ်ဖြည့်စွက်လိုက်သည့် ပုဒ်မအတွက် ပြစ်ဒဏ်မှာလည်း ထောင်ဒဏ် ၃ နှစ်အပြင် ငွေဒဏ်ပါချမှတ်နိုင်သည့်အတွက် ဆန္ဒထုတ်ဖော်ပွဲများတွင် အများပြည်သူများ မပါဝင်ရဲတော့အောင် ဥပဒေဖြင့် ခြိမ်းခြောက်ကန့်သတ်ထားသကဲ့သို့ဖြစ်နေသည်။ ထို့ပြင် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၀ရက်နေ့တွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေမှ အလုပ်သမားများအနေဖြင့် အလုပ်သမား အဖွဲ့အစည်းဥပဒေအရ သပိတ်မှောက်ခွင့်ရှိသော်လည်း စက်ရုံဝင်းပြည်ပသို့ရောက်ရှိကာ အများပြည်သူနှင့် သက်ဆိုင်သော နေရာများတွင် သပိတ်မှောက်ပါက ငြိမ်းစုစီဥပဒေနှင့် အညီဆောင်ရွက်မည်ဟု အလုပ်ရှင်၊ အလုပ်သမားပဋိပက္ခမှု များနှင့်ပတ်သက်၍လိုအပ်မည့် စည်းမျဉ်း၊ စည်းကမ်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားသွားခဲ့သည်။

**ထင်ရှားသောအမှုများ**

### ၃.၁.၁။ ကချင်ပြည်နယ်တွင် စစ်ဘေးဒုက္ခသည်များအရေးသရုပ်ဖော်ခဲ့သဖြင့် အရေးယူခံရသော လူငယ် ၂ ဦး

၂၀၁၉ခုနှစ် ဇွန်လ ၉ ရက်နေ့သည် တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ် (KIA) တို့ ၁၇ နှစ်တိုင် ရရှိခဲ့သည့် အပစ်အခတ်ရပ်စဲမှု ကျိုးပျက်ပြီးနောက် တိုက်ပွဲများ တစ်ကျော့ပြန် စတင်ခဲ့သည့် ရှစ်နှစ်ပြည့်ခဲ့သည်။ ထို ၈ နှစ်ပြည့်အထိမ်းအမှတ် ဆုတောင်းပွဲကို ဇွန်လ ၈ ရက်နေ့တွင် မြစ်ကြီးနားမြို့ မနောကွင်း၌ ကျင်းပခဲ့ပြီး တေးသရုပ်ဖော်ပြဇာတ်ကို မြစ်ကြီးနားမြို့လယ်၌ ကချင်လူငယ်များက ဦးဆောင်ကျင်းပခဲ့သည်။ သရုပ်ပြ တင်

ဆက်မှုနှင့်ပတ်သက်ပြီး ခွင့်ပြုချက်မတောင်း၍ဟုဆိုကာ တာဝန်ခံနှစ်ဦးဖြစ်သည့် မဆိုင်းနူးပန် နှင့် ကိုပေါလု တို့အား မြစ်ကြီး နားမြို့နယ်ရဲတပ်ဖွဲ့ ယာယီရဲမှူး မင်းသန့်ဇော်မှ ငြိမ်းစုစီ ပုဒ်မ ၁၉ ဖြင့် တရားစွဲဆိုခဲ့သည်။

ကိုပေါလုနှင့် မဆိုင်းနူးပန်တို့အား တရားစွဲဆိုပြီး လေးလအကြာတွင် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်းလှည့်လည် ခွင့်ဆိုင်ရာဥပဒေ ပုဒ်မ ၁၉ အရ မြစ်ကြီးနားမြို့နယ်တရားရုံးမှ ထောင်ဒဏ် ၁၅ ရက်စီ ကျခံစေရန် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့တွင် အမိန့်ချမှတ်ခဲ့သည်။ ထိုသို့အမိန့်ချပြီးနောက် တရားခွင်မှမထွက်မီ တရားသူကြီး အား ကြိုးပြတ်နေသော ချိန်ခွင်တစ်လက် သွားပေးခဲ့သည့် ကိုပေါလုကို ယင်းတရားသူကြီး ဦးသန်းထွန်း ကိုယ်တိုင် ရာဇသတ်ကြီး ပုဒ်မ ၂၂၈ ဖြင့် စက်တင်ဘာလ ၃ ရက်နေ့က တရားစွဲဆိုခဲ့ပြီး စက်တင်ဘာလ ၆ ရက်နေ့တွင် ဒုတိယမြို့နယ်တရားသူကြီး ဒေါ်တင်နွယ်ဝင်းက ထောင်ဒဏ် သုံးလ ပြစ်ဒဏ်ချမှတ်ခဲ့သည်။

## ၃.၁.၂။ အလုပ်သမားခေါင်းဆောင် (၈) ဦး ငြိမ်းစုစီဥပဒေဖြင့် တရားစွဲခံရခြင်း

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ (၁၇) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာစည် မြို့နယ် နှင့် မဟာအောင်မြေမြို့နယ်များ၌ အလုပ်ရှင်၊ အလုပ်သမားအငြင်းပွားမှု ဖြေရှင်းရေးဥပဒေကို ဒုတိယ အကြိမ်ပြင်ဆင်သည့် ဥပဒေတွင် အလုပ်သမားများ၏ ဆန္ဒသဘောထားများ ပါဝင်နိုင်ရေးအတွက် အလုပ် သမား အင်အား ၂၀၀၀ ဖြင့် ချီတက်ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ ထိုသို့ ဆန္ဒထုတ်ဖော်ရာတွင် ခရိုင်ရဲတပ်ဖွဲ့၏ ခွင့်ပြုမိန့်မပါရှိဘဲ လမ်းလျှောက်ဆန္ဒပြတောင်းဆိုမှု၊ စုဝေးဟောပြောမှုတို့အပါအဝင် ငြိမ်းစုစီဥပဒေပုဒ်မ ၂၀ ဖြင့် မြန်မာနိုင်ငံလုံး ဆိုင်ရာ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ် CTUM နှင့် မြန်မာနိုင်ငံ ကုန်ထုတ်နှင့် စက်မှု လက်မှု လုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် MICS-TUsF မှ ဦးဆောင်သူ ခေါင်းဆောင် ၈ ဦးအား ဖေဖော်ဝါရီ ၂၄ ရက်နေ့တွင် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ အမှုရင်ဆိုင်ချိန် တစ်နှစ် နီးပါးအကြာ ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီ ၂၁ ရက်နေ့တွင် (၇) ဦးအား ငြိမ်းစုစီဥပဒေဖြင့် ငွေဒဏ် ၁၀၀၀၀ ကျပ်ပေးဆောင်ရန် အမိန့်ချမှတ်ခဲ့ ပြီး တစ်ဦးကို အမှုမှ ကွင်းလုံးကျွတ် လွှတ်ပေးခဲ့သည်။

## ၃.၁.၃။ “ကရင့်အာဇာနည်” ဟူသော စကားရပ် သုံးစွဲခြင်းကြောင့် တရားစွဲဆိုခံရခြင်း

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့တွင် ရန်ကုန်မြို့၊ မဟာဗန္ဓုလပန်းခြံရှေ့၌ နော်အုန်းလှ အပါအဝင် ကရင် တိုင်းရင်းသားများက ကရင်တိုင်းရင်းသားခေါင်းဆောင် စောဘဦးကြီး ကျဆုံးသည့် အထိမ်းအမှတ်နေ့အဖြစ် အောက်မေ့ဖွယ် အခမ်းအနားကျင်းပခဲ့သည်။ ထိုသို့ကျင်းပရာတွင် အခမ်းအနား၌ ကရင့်အာဇာနည်နေ့ဟု သုံးစွဲ ခဲ့ခြင်းကြောင့် နော်အုန်းလှ အပါအဝင် စောအဲလ်ဘတ်ချို နှင့် စသိန်းမင်းဇော် တို့ ၃ ဦးကို ကျောက်တံတား မြို့နယ် ရဲမှူးမျိုးသက် က တရားလိုပြုလုပ်၍ ငြိမ်းစုစီပုဒ်မ ၂၀ ဖြင့် အမှုဖွင့်ခဲ့သည်။ ၂၀၁၉ အောက်တိုဘာ ၁၅ ရက်နေ့တွင် နော်အုန်းလှ၊ စောအဲလ်ဘတ်ချို နှင့် စသိန်းမင်းဇော် တို့ကို ထောင်ဒဏ် ၁၅ ရက် အမိန့်ချမှတ် ခဲ့သည်။

## ၃.၁.၄။ အကြောင်းကြားထားသော်လည်းငြိမ်းစုစီပုဒ်မ ၂၀ အပြင် ပုဒ်မ ၅၀၅ (ခ) နှင့်ပါ တရားစွဲခြင်း

၂၀၁၈ခုနှစ်၊ စက်တင်ဘာလအတွင်းတွင် ရန်ကုန်မြို့၊ မဟာဗန္ဓုလပန်းခြံရှေ့၌ နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC) တွင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တပ်မတော်ကို အရေးယူပေးရန် တစ်ကိုယ်တော်ဆန္ဒပြခဲ့သည့် ဒီမို ကရေစီအရေး စဉ်ဆက်မပြတ်လှုပ်ရှားသူများအင်အားစု (MDCF) ဗဟိုကော်မတီဝင် ဦးတင်မောင်ကြည်အား

ရဲတပ်ဖွဲ့မှ အကြမ်းဖက် ဖမ်းဆီးခဲ့သည်။ ထိုသို့ဆန္ဒပြရန် MDCF အဖွဲ့မှ ကျောက်တံတားမြို့နယ်ရဲစခန်းသို့ ကြိုတင်အသိပေး အကြောင်းကြားခဲ့သော်လည်း သက်ဆိုင်ရာမှ ခွင့်မပြုခဲ့ခြင်းဖြစ်သည်။ ကြိုတင်အသိပေး အကြောင်းကြားပြီးမှ ခွင့်မပြုသော ဆန္ဒပြပွဲများကို ငြိမ်းစုစီပုဒ်မ ၂၀ ဖြင့်သာ အရေးယူလေ့ရှိသော်လည်း ယခု ကိစ္စတွင် ဦးတင်မောင်ကြည်အား ကျောက်တံတားမြို့နယ်ရဲတပ်ဖွဲ့မှ ပုဒ်မ ၂၀ အပြင် ရာဇသတ်ကြီးပုဒ်မ ၅၀၅ (ခ) ဖြင့်ပါ တရားစွဲဆိုခဲ့ပြီး ထောင်ဒဏ် ၆လနှင့် ၁၅ရက်ပြစ်ဒဏ်ချမှတ်ခဲ့သည်။

## ၃.၁.၅။ တကျော့ပြန်ကချင်ဒေသစစ်ပွဲ ၇ နှစ်ပြည့် ဆုတောင်းပွဲပြုလုပ်သူကို တရားစွဲခဲ့ခြင်း

၂၀၁၈ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မနောကွင်း၌ ပြုလုပ်သော တစ်ကျော့ပြန် ကချင်ဒေသစစ်ပွဲ ၇ နှစ်ပြည့်ဆုတောင်းခြင်း အခမ်းအနားကိုခွင့်ပြုချိန်ထက် နောက်ကျပြီးမှ ပြုလုပ်ခြင်း၊ တားမြစ်ထားသော စစ်ရှောင်လူငယ်များ၏ သရုပ်ဖော်ပြဇာတ်ပြုလုပ်ခြင်းတို့ကြောင့်ဟုဆိုကာ မြစ်ကြီးနား မြို့နယ် ရဲတပ်ဖွဲ့မှူးက အခမ်းအနား ဖြစ်မြောက်ရေးတာဝန်ခံ ယိန်းကယန်းကို ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၂၀ ဖြင့်တရားစွဲဆိုခဲ့သည်။ ဆုတောင်းပွဲ အခမ်းအနားပြု လုပ်မည့်အချိန်ကို ရဲတပ်ဖွဲ့ထံ အကြောင်းကြားစဉ်က မနက် ၈ နာရီမှ နေ့လယ် ၁၂ နာရီအထိ သတ်မှတ်ထား သော်လည်း ရာသီဥတုဆိုးရွားမှုကြောင့် အနည်းငယ် နောက်ကျမှ ပြုလုပ်ခဲ့ရပြီး နေ့လယ် ၁၂ နာရီ ၅၀ မိနစ်မှ အခမ်းအနား ပြီးဆုံးခဲ့ကြောင်း သိရသည်။ ဇွန်လ ၁၁ ရက်နေ့တွင်ဆုတောင်းပွဲ ဦးဆောင်သူ ဦးယိန်းကယန်းကို မြို့နယ်တရားရုံးမှ ငြိမ်းစုစီ ပုဒ်မ(၂၀)အဖြစ် ငွေဒဏ် တစ်သောင်း စီရင်ချမှတ်ခဲ့ပါသည်။

## ၃.၁.၆။ ငြိမ်းချမ်းရေးကဗျာရွတ်ဆိုပွဲ ပြုလုပ်သူများအား တရားစွဲထောင်ချခြင်း

ကချင်ပြည်နယ်အတွင်း မြန်မာ့တပ်မတော်နှင့်ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တို့ကြား ဖြစ်ပွားနေ သော တိုက်ပွဲများ အမြန်ရပ်တန့်ရေးကို ရည်ရွယ်ပြီး ၂၀၁၈ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင် ရန်ကုန်မြို့ရှိ မဟာ ဗန္ဓုလပန်းခြံ၌ ငြိမ်းချမ်းရေးကဗျာရွတ်ဆိုပွဲ ပြုလုပ်ခဲ့သည်။ ထိုကဗျာရွတ်ပွဲပြုလုပ်ခြင်းကြောင့် ကိုဇေယျာလွင်၊ ကိုခန့်မင်းထက် နှင့် ရွှေကြယ်မိုး (ခေါ်) ကိုရဲဝင့်အောင်တို့ကို ကျောက်တံတားမြို့နယ် ရဲစခန်းက ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၉ ဖြင့် အမှုဖွင့်ခဲ့သည်။ ထို့နောက် အဆိုပါ သုံးဦးကို စက်တင်ဘာလ၊ ၁၉ ရက်နေ့တွင် ကျောက်တံတားမြို့နယ် တရားရုံးက ဒဏ်ငွေနှစ်သောင်း ပေးဆောင် ရန်၊ သို့မဟုတ် ထောင်ဒဏ် ၁၅ ရက် ကျခံရန် အမိန့်ချမှတ်ခဲ့သည်။ ကဗျာဆရာကိုခန့်မင်းထက်နှင့် ရွှေကြယ်မိုး (ခေါ်) ကိုရဲဝင့်အောင်တို့က ဒဏ်ငွေ ကျပ်နှစ်သောင်းပေးဆောင်ခဲ့ပြီး ကိုဇေယျာလွင်က ငြိမ်းချမ်းရေးကို စော် ကားခံရသည်ဟုယူဆကာ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် တရားစီရင်ရေးစနစ် ပျက်ယွင်းမှုအား ထောက်ပြသည့် အနေဖြင့် ထောင်ဒဏ် ၁၅ ရက်ကို ရွေးချယ်ခဲ့ကြောင်း သိရသည်။ ထို့ပြင် မန္တလေးမြို့တွင် ပြုလုပ်ခဲ့သည့် ငြိမ်းချမ်းရေး တောင်းဆိုသည့် ဆန္ဒပြပွဲတွင် ပါဝင်ကဗျာရွတ်ဆိုသည့် ကဗျာရွတ်ဆိုသည့် ကဗျာ ဆရာ ကလင့် (မန္တလေး) ကိုလည်း ၂၀၁၈ ခုနှစ်၊ မေလ ၁၀ ရက်နေ့တွင် ထောင်ဒဏ် ၂ လ ချမှတ်ခဲ့ပါသည်။




# သတင်းမီဒီယာလွတ်လပ်ခွင့်

## အခန်း (၄) ။ သတင်းမီဒီယာလွတ်လပ်ခွင့်

### ၄.၁။ သတင်းမီဒီယာဥပဒေသည် သတင်းမီဒီယာလွတ်လပ်ခွင့်နှင့် သတင်းသမားများ၏ အခွင့်အရေးကို ကာကွယ်ပေးထားမှုမရှိခြင်း

မြန်မာနိုင်ငံတွင် သတင်းမီဒီယာဥပဒေကို ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့၊ ဦးသိန်းစိန်အစိုးရလက်ထက်တွင် ပြဋ္ဌာန်းခဲ့သည်။ ထိုဥပဒေတွင် သတင်းမီဒီယာသမားများ၏ ရပိုင်ခွင့်များ ကို ပုဒ်မ ၄ မှ ၈ အထိ ဖော်ပြထား သော်လည်း ထိုရပိုင်ခွင့်များသည် မြေပြင်ပကတိအခြေအနေတွင် အကန့်အသတ်ဖြင့်ရှိနေသည်။ ထို့အပြင် ဥပဒေ တစ်ရပ်ရပ်အရဖြစ်စေ၊ အာဏာပိုင်အဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေ အမိန့်ညွှန်ကြားချက်ဖြင့် လုံခြုံရေး အဆင့် အတန်းသတ်မှတ်ထားသော စာရင်းဇယား၊ ဓာတ်ပုံ၊ မှတ်တမ်းရေးသားချက်များကို ကြည့်ရှုသတင်း ယူပိုင်ခွင့်မရှိကြောင်း ဥပဒေတွင်ပါရှိသည်။

သတင်းမီဒီယာဥပဒေ အခန်း (၃)၊ ပုဒ်မ (၇) တွင် သတင်းမီဒီယာသမား တစ်ဦးသည် စစ်မက်ဖြစ်ပွားရာဒေသ၊ အရေးအခင်း၊ အဓိကရုဏ်း၊ အများပြည်သူ ဆန္ဒပြရာ နေရာဒေသတို့၌ သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းက သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ သတင်းရယူစဉ်တွင် (က)လုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းတစ်ရပ်ရပ်၏ ဖမ်းဆီးထိန်းသိမ်းခြင်း၊ သတင်းမှတ်တမ်း စသည့် သတင်းရယူခြင်းနှင့် သက်ဆိုင်သော ကိရိယာများကို သိမ်းယူခံရခြင်းနှင့် ဖျက်ဆီးခံရခြင်းတို့မှ ကင်းလွတ်စေရမည်၊ (ခ)လုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းများရှိက ယင်းတို့၏ ကာကွယ်စောင့်ရှောက်မှုကို တောင်းခံခွင့်ရှိစေရမည် ဟု ပြဋ္ဌာန်းထားသည်။ သို့သော် ယနေ့အချိန်တွင် စစ်မက်ဖြစ်ပွားရာဒေသ၊ အရေးအခင်း၊ အဓိကရုဏ်း နှင့် ပဋိပက္ခ ဖြစ်ပွားရာ နေရာများသို့ သတင်းသမားများ ဝင်ရောက်ခွင့်နှင့် သတင်းရယူခွင့်တို့ကို အာဏာပိုင်များက ပိတ်ပင်ထားခြင်းများသာ တွေ့ရပါ သည်။

သတင်းမီဒီယာဥပဒေ အခန်း (၈)၊ ပုဒ်မ (၂၁) တွင် သတင်းမီဒီယာသမား တစ်ဦးဦးက ပုဒ်မ (၉) ပါ တာဝန်နှင့် ကျင့်ဝတ် သိက္ခာတစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်း ယူဆလျှင် နစ်နာသူအနေဖြင့် ရှေးဦးစွာ ကောင်စီသို့ တိုင်ကြားနိုင်သည်ဟု ဖော်ပြထားသည်။ တိုင်ကြားနိုင်သည်ဟူသောသဘောသည် ကောင်စီသို့ အရင်မတိုင်ဘဲ ရဲစခန်းတွင်အမှုဖွင့်ခြင်း၊ တရားရုံးသို့ ဦးတိုက်လျှောက်ထားခြင်းတို့ကိုလည်း ချက်ချင်းဆောင်ရွက်၍ရသည် ဆိုသည့် သဘောသက်ရောက်သွားပြီး သတင်းမီဒီယာသမားများကို ကောင်စီအနေဖြင့် တိကျသောအကာအကွယ် မပေးနိုင်တော့ပေ။ ထို့ကြောင့် အဆိုပါအသုံးအနှုန်းကို ပြန်လည်သုံးသပ်ပြင်ဆင်သင့်ပေသည်။

ထိုကဲ့သို့ သတင်းမီဒီယာဥပဒေ၏ အားနည်းချက်များကြောင့် မြန်မာနိုင်ငံတွင် သတင်းထောက်၊ အယ်ဒီတာချုပ် အပါအဝင် သတင်းမီဒီယာနှင့်ပတ်သက်၍ အလုပ်လုပ်ကိုင်နေသူများသည် ပုဒ်မ အမျိုးမျိုးတပ်၍ တရားစွဲဆိုခံရသည်။ တရားစွဲဆိုရာတွင် သတင်းမီဒီယာ ကျင့်ဝတ်များကို ချိုးဖောက်ခြင်းကြောင့်မဟုတ်ဘဲ သတင်းရယူခြင်း၊ သတင်းတင်ဆက်ခြင်း၊ သတင်းရေးသား ဖော်ပြခြင်းတို့ကြောင့် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ (ဃ)၊ မတရားအသင်းဆက်သွယ်ရေးဥပဒေ ၁၇ (၁) (၂)၊ သတင်းမီဒီယာဥပဒေပုဒ်မ ၂၅ (ခ)၊ အသရေဖျက်မှု ပုဒ်မ ၅၀၀၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅ (ခ) နှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ တို့ဖြင့် တရားစွဲဆိုကြ သည်။ ထို့ကြောင့် သတင်းမီဒီယာဥပဒေသည် သတင်းမီဒီယာအခွင့်အရေး၊ သတင်းသမားများ၏ အခွင့်အရေး နှင့် လွတ်လပ်စွာထုတ်ဖော်ခွင့်တို့ကို အမှန်တကယ် အကာအကွယ်မပေးနိုင်ကြောင်း တွေ့ရှိရသည်။ သို့ဖြစ်၍ သတင်းမီဒီယာလွတ်လပ်ခွင့်ကို မြှင့်တင်ရန်နှင့် အပြည့်အဝအာမခံနိုင်ရန်အတွက် သတင်းမီဒီယာဥပဒေ ကို အမြန်ဆုံးပြင်ဆင်သင့်သည်။


သတင်းမီဒီယာလွတ်လပ်ခွင့်ကို ဥပဒေဖြင့်အရေးယူပြီးချိုးဖောက်ခြင်းများရှိသကဲ့သို့ အစိုးရ၏ ညွှန်ကြားချက်များဖြင့် ချိုးဖောက်ခြင်းမျိုးကိုလည်း ယခုအစိုးရလက်ထက်တွင် တွေ့ရသည်။ ၂၀၂၀ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် အစိုးရညွှန်ကြားချက်ဖြင့် ဆက်သွယ်ရေးအော်ပရေတာများမှ ဝက်ဘ်ဆိုက်ပေါင်း နှစ်ရာကျော်ကိုပိတ်ချခဲ့ပြီး တရားဝင်မှတ်ပုံတင်ထားသည့် သတင်းဌာနအချို့လည်း ပါဝင်ခဲ့သည်။ အပိတ်ခံခဲ့ရသည့် သတင်းဌာနများတွင် ရခိုင်ပြည်နယ် အခြေစိုက် နိရဉ္စရာသတင်းဌာနနှင့် DMG (Development Media Group)၊ မန္တလေးအခြေစိုက် Mandalay In-Depth News နှင့် VOM(Voice Of Myanmar)၊ တာချီလိတ် မြို့အခြေစိုက် Mekong News-မဲခေါင်သတင်း စသည့် သတင်းဌာနများပါဝင်သည်။ ထိုသို့ အများပြည်သူ ဖတ်ရှုနေသော သတင်းဝက်ဘ်ဆိုက်များအား အစိုးရ၏ညွှန်ကြားချက်ဖြင့် ပိတ်ချခြင်းသည် သတင်းမီဒီယာလွတ်လပ်ခွင့်ကို ဆိုးရွားစွာချိုးဖောက်ခြင်းဖြစ်သည်။

လက်ရှိအစိုးရ သက်တမ်းအတွင်း သတင်းမီဒီယာလွတ်လပ်ခွင့် ချိုးဖောက်ခံရမှု အများအပြား ရှိခဲ့သည်။ ထိုအထဲမှ သတင်းမီဒီယာများ တရားစွဲဆိုခံရမှု ၆၇ မှု ရှိခဲ့ပြီး သတင်းမီဒီယာသမား ၆၇ ဦး တရားစွဲဆိုခံခဲ့ရသည်။


၂၀၁၉ ခုနှစ်အတွင်းက ဆန္ဒပြပွဲသတင်းကို မှတ်တမ်းရယူခဲ့သည့် ချန်နယ်မန္တလေး သတင်းထောက် ကိုနန္ဒသည် ရာဇဝတ်မှုဥပဒေများဖြင့် တရားစွဲဆိုခံခဲ့ရကာ ယခု အချိန်တွင် ထောင်ဒဏ် ၂ နှစ် ကျခံနေရသည်၊




*မှတ်ချက်။ အချို့အမှုများတွင် သတင်းသမားတစ်ဦး ထက်ပို၍ တရားစွဲဆိုခံရခြင်းများရှိခဲ့သည်။ သတင်းသမား တစ်ဦးတည်းအပေါ် တစ်မှုထက်ပိုပြီး တရားစွဲဆိုခြင်းများလည်း တွေ့ရသည်။*




*[ ပုံ – သတင်းမီဒီယာများကို တရားစွဲဆိုသူအမျိုးအစားနှင့် စွဲဆိုသည့် အကြိမ်အရေအတွက်ပြပုံဇယား ]*




*[ ပုံ – သတင်းမီဒီယာများ တရားစွဲဆိုခံခဲ့ရသည့် ဥပဒေအမျိုးအစားနှင့် အရေအတွက်ပြပုံဇယား ]*

*သတင်းသမားများ တရားစွဲဆိုခံရမှုဆိုင်ရာ အတိုချုံးအချက်အလက်ပြ ပုံဇယား*

## ၄.၂။ ဧရာဝတီသတင်းဌာန မြန်မာပိုင်းအယ်ဒီတာ နှင့် ရိုက်တာသတင်းဌာနများကို တပ်မတော်မှ ဆက်သွယ်ရေး ဥပဒေ ပုဒ်မ ၆၆(ဃ)ဖြင့်တရားစွဲခြင်း

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့တွင် တပ်မတော်နှင့် AA ရခိုင်လက်နက်ကိုင် အဖွဲ့တို့ တိုက်ပွားဖြစ်ပွားမှုကို သတင်းဆောင်းပါး ရေးသားဖော်ပြသည့်အတွက် ဆက်သွယ်ရေးပုဒ်မ ၆၆ (ဃ) ဖြင့် ဧရာဝတီသတင်းဌာန၊ မြန်မာပိုင်း

အယ်ဒီတာ ဦးရဲနည်ကို ရန်ကုန်တိုင်း စစ်ဌာနချုပ်၊ ဒုတိယ ဗိုလ်မှူးကြီး ဇော်မင်းထွန်းမှ ၂၀၁၉ ခုနှစ်၊ ဧပြီလတွင် တရားစွဲထားခဲ့သည်။ "သတင်းထောက်တစ်ဦး၏ မြောက်ဦးမှတ်တမ်း" ဆောင်းပါးသည် တစ်ဖက်သတ် ဆန်ဆန် ရေးသားထားပြီး ဖော်ပြပုံသည် တပ်မတော်၏ဂုဏ်သိက္ခာကို ထိခိုက်သည်ဟုဆိုကာ တရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။ အယ်ဒီတာ ဦးရဲနည်ကို ၂၀၂၀ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် ကျောက်တံတားမြို့နယ် တရားရုံးတွင် အမှုကို စတင်ကြားနာခဲ့ပြီး ငွေကျပ် သိန်း ၁၀၀ ဖြင့် အာမခံပေးခဲ့သည်။ ထို့နောက် မတ်လ ၁၈ ရက်နေ့တွင် တပ်မတော်က အမှုကို ရုတ်သိမ်းပေးခဲ့ကြောင်းသိရသည်။

ထို့ပြင် ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊ ကင်းတောင်ကျေးရွာတွင် ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့က လက်နက်ကြီး ကျည်ကျရောက် ပေါက်ကွဲ၍ ဒေသခံပြည်သူ ၂ ဦးသေဆုံးပြီး ၇ ဦး ဒဏ်ရာရရှိခဲ့တဲ့အပေါ် Reuters သတင်းဌာနက ဖော်ပြခဲ့ခြင်းကြောင့် Reuters သတင်းဌာနအပါအဝင် သတင်းဖြေကြားပေးသူ ဘူးသီးတောင် မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ကျော်ဇံကိုပါ တပ်မတော်က အမှုဖွင့်ခဲ့သည်။ ရိုက်တာသတင်းဌာနကို စွဲထားသော အမှုအား မတ်လ ၁၈ ရက်နေ့တွင် ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း မြန်မာ သတင်းမီဒီယာကောင်စီမှ ပြောကြားခဲ့ခြင်းဖြစ်သည်။ တပ်မတော်အနေဖြင့် သတင်းမီဒီယာကောင်စီ၏ မေတ္တာရပ်ခံမှု၊ တပ်မတော်နှင့် သတင်းမီဒီယာများအကြား ဆက်ဆံရေး နှင့် သတင်းမီဒီယာများ၏ စတုတ္ထ မဏ္ဍိုင်အဖြစ် ခိုင်မာစွာရပ်တည်နိုင်ရေး အပေါ်ရည်ရွယ်၍ ထိုမီဒီယာနှစ်ခုအပေါ် တရားစွဲဆိုထားမှုများကို ရုပ်သိမ်းပေးသွားမည်ဟုပါရှိကြောင်း မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက သတင်းထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

## ၄.၃။ သတင်းရယူခြင်းအတွက်မတရားအသင်းဆက်သွယ်ရေးပုဒ်မဖြင့် တရားစွဲဆိုခံရခြင်း

DVB သတင်းဌာနမှ သတင်းထောက် နှစ်ဦးဖြစ်သူ ဦးအေးနိုင်၊ ကိုပြည့်ဘုန်းအောင် နှင့် ဧရာဝတီ သတင်းဌာနမှ ဦးသိန်းဇော် (ခ) ကိုလဝီဝမ်တို့သည် သတင်းမီဒီယာဥဒေနှင့်မဆန့်ကျင်ဘဲ တအာင်းလွတ်မြောက်ရေး တပ်မ တော် (TNLA) နယ်မြေသို့ မူးယစ်ဆေးဝါး တိုက်ဖျက်သည့် သတင်းသွားယူခဲ့သည်။ အပြန်တွင် သတင်း ထောက် သုံးဦး အား တပ်မတော် စစ်ကြောင်းမှ ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ၊ နမ့်ဆန် - သီပေါကားလမ်း၊ ဘုရားကြီးကျေးရွာ အနီးတွင် ၂၀၁၇ ခုနှစ်၊ ဇွန်လ (၂၆) ရက်နေ့က ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး အကြမ်းဖက်သောင်း ကျန်းသူများနှင့် ဆက်သွယ် သည်ဆိုကာ မတရားအသင်းဥပဒေ ပုဒ်မ ၁၇(၁) ဖြင့် အမှုဖွင့်အရေးယူခဲ့သည်။ ထိုအမှုအားစစ်ဆေးနေစဉ် ၆၇ ရက်ကြာ ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး အာမခံ လျှောက်ထားမှုကို အကြိမ်ကြိမ် ပယ်ချခဲ့ သည်။ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ (၁) ရက်နေ့တွင် တပ်မတော်က ရုပ်သိမ်းပေးခဲ့သော အမှု (၅) မှုတွင် ပါဝင်ခဲ့ပြီး အမှုမှာ ပြီးဆုံးခဲ့သည်။

ထို့အပြင် ရခိုင်အခြေစိုက်သတင်းမီဒီယာတခုဖြစ်သည့် Development Media Group (DMG) မှ အယ်ဒီတာ ချုပ် ဦးအောင်မင်းဦးအား သတင်းရဲတပ်ဖွဲ့မှ မတရားအသင်း ဥပဒေပုဒ်မ ၁၇ (၂) ဖြင့် ၂၀၁၉ ခုနှစ်၊ မေလ ၁ရက်နေ့တွင် စစ်တွေမြို့အမှတ် (၁) ရဲစခန်း၌ အမှုဖွင့်ခဲ့သည်။ ၂၀၁၉ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် DMG သတင်းဌာနမှ သတင်းထောက်ချုပ်နှင့် သတင်းထောက် တစ်ဦးကို စစ်တွေမြို့ အမှတ်(၁) ရဲစခန်းမှ "မြောက်ဦးမှာကွယ်တဲ့လ" ဆိုသည့် သတင်းဆောင်းပါးကို ဖော်ပြခဲ့ခြင်းနှင့် ပတ်သက်၍ ခေါ်ယူစစ်ဆေး မေးမြန်းခဲ့သည်။ ထိုဆောင်းပါးတွင် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလအတွင်းက ရသေ့တောင်မြို့နယ်၊ သမီးလှကျေးရွာ တွင် တပ်မတော်နှင့် ရက္ခိုင့်တပ်တော်တို့ တိုက်ပွဲများဖြစ်ပွားခဲ့ပြီး ဒေသခံများကို လက်နက်ကိုင်အဖွဲ့များမှ ရိုက်နှက်မှုများနှင့် ကျည်ထိမှန်ကာ အသက် ၇ နှစ် အရွယ် ကလေးငယ်တစ်ဦး သေဆုံးခဲ့သည် ဆိုသည့် အချက်များပါဝင်ခဲ့သည်။ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် အစိုးရ လုံခြုံရေးတပ်ဖွဲ့မှ ငွေကြေးနှင့် အဖိုးတန် လက်ဝတ် ရတနာများ ယူဆောင်သွားခဲ့သည်ဟု ဒေသခံများ၏ ပြောဆိုချက်များကို ကွင်းဆင်းသတင်းရေးသား

ဖော်ပြခဲ့သည်။ သို့သော် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလထိ လေးလတိုင်အောင် သက်ဆိုင်ရာအာဏာပိုင်များမှ တရားစွဲဆိုရသည့်အကြောင်းအရင်း အသေးစိတ်အား စွပ်စွဲခံရသူများထံသို့ တရားဝင် အကြောင်းကြားခြင်း မရှိခဲ့ပေ။ မတရားအသင်းများအက် ဥပဒေပုဒ်မ ၁၇ (၁) သည် ၂ နှစ်ထက်မနည်း ၃ နှစ်ထက် မပိုသော ထောင်ဒဏ်နှင့် ငွေဒဏ်ပါချမှတ်နိုင်ပြီး ပုဒ်မ ၁၇ (၂) သည်လည်း သုံးနှစ်ထက်မနည်း ငါးနှစ်ထက်မပိုသော ထောင်ဒဏ်နှင့် ငွေဒဏ်ကိုပါ စီရင်ခြင်းခံရနိုင်သည်။

## ၄.၄။ ဆန္ဒပြပွဲ Live လွှင့်သူ သတင်းထောက် အရေးယူခံရခြင်း

၂၀၁၉ ခုနှစ် မေလ ၁၅ ရက်နေ့တွင် မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့နယ် အောင်သပြေကျေးရွာ၌ တည်ဆောက်နေသော အယ်လ်ဖာ ဘိလပ်မြေစက်ရုံစီမံကိန်း ဖျက်သိမ်းရေးအတွက် ဒေသခံရွာသားများ၏ ဆန္ဒပြပွဲကို သတင်းရယူ တိုက်ရိုက် Live လွှင့်နေသည့် Channel Mandalay သတင်းထောက် ကိုနန္ဒကို ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။ သတင်းထောက် ကိုနန္ဒသည် ဆန္ဒပြပွဲတွင် အခြားအဖမ်းခံရသူများနှင့် အတူ ရာဇဝတ်ကြီး အမှုအမှတ် ၄၆၈/၂၀၁၉၊ ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၁၄၇(ရုန်းရင်းဆန်ခတ်မှု)၊ ၃၃၃(ပြည်သူ့ဝန်ထမ်းကို ပြင်းထန်ဒဏ်ရာရအောင်ပြုမှု)၊ ၃၃၂ (ပြည်သူ့ဝန်ထမ်းကို သာမန်ဒဏ်ရာရအောင်လုပ်မှု)၊ ၃၅၃ (ပြည်သူ့ဝန်ထမ်းကို နှောက်ယှက်ဟန့်တားမှု)၊ ၁၁၄ (အားပေးကူညီမှု)တို့ဖြင့် ပုသိမ်ကြီးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးညွန့်သန်းက တရားလိုပြုလုပ်၍ ပုသိမ်ကြီးမြို့နယ် တရားရုံးသို့ တရားစွဲဆိုထားခြင်း ဖြစ်သည်။

## ၄.၅။ ရခိုင်ပြည်နယ် အင်းဒင်ကျေးရွာလူသတ်မှုထုတ်ဖော်မှုကြောင့် ရိုက်တာသတင်းထောက် ၂ ဦး နိုင်ငံတော် လျှို့ဝှက်အက်ဥပဒေဖြင့် အရေးယူခံရခြင်း

ရခိုင်ပြည်နယ်၊ အင်းဒင်ရွာတွင် ဖြစ်ပွားခဲ့သည့် တပ်မတော်က ကျူးလွန်သော အင်းဒင်လူသတ်မှုအကြောင်း စုံစမ်းဖော်ထုတ်ရေးသားခဲ့သည့်အတွက် ရိုက်တာသတင်းဌာနမှ ကိုဝလုံးနှင့်ကိုကျော်စိုးဦးတို့ နှစ်ဦးအား ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက် အက်ဥပဒေ ပုဒ်မ ၃ ဖြင့် ရဲတပ်ဖွဲ့က ဖမ်းဆီးအရေးယူခဲ့သည်။ ကိုဝလုံးသည် စက်တင်ဘာလအတွင်းက ရခိုင်ပြည်နယ်၊ အင်းဒင်ကျေးရွာတွင် ဖြစ်ပွားခဲ့သော အင်းဒင်ရွာသား ၁၀ ဦး အသတ်ခံရခြင်းနှင့်ပတ်သက်၍ စုံစမ်းဖော်ထုတ် သတင်းရေးသားနေသူ ဖြစ်သည်။ ကိုဝလုံးသည် သတင်းအား ခိုင်လုံစေရန်အတွက် နိုဝင်ဘာလနှင့် ဒီဇင်ဘာလအဆန်းပိုင်းတွင် ရန်ကုန်တွင်ရှိနေပြီး ရခိုင်ပြည်နယ်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် ရဲအရာရှိအချို့နှင့် အင်းဒင်ကျေးရွာ လူသတ်မှုအခင်းတွင် ရှိနေခဲ့သည့် ရဲအရာရှိများကို ဆက်သွယ်မေးမြန်းခွင့်ရရှိရန် အားထုတ်ကြိုးပမ်းခဲ့သည်။ ထိုအထဲမှ မောင်တောဒေသတွင် တာဝန်ထမ်း ဆောင်ခဲ့ပြီး လက်ရှိတွင် ရန်ကုန်တိုင်း၊ ထောက်ကြန့်မြို့နယ်တွင် တာဝန်ကျနေသည့် ရဲအရာရှိတစ်ဦးကိုလည်း ဆက်သွယ်မေးမြန်းခဲ့သည်။ ထိုရဲအရာရှိတစ်ဦးသည် ကိုဝလုံးအား စားသောက်ဆိုင်တစ်ခု၌ တွေ့ဆုံရန် ဖုန်းဆက်ချိန်းဆိုခဲ့ရာ ကိုဝလုံးသည် လုပ်ဖော်ကိုင်ဖက်ဖြစ်သော သတင်းထောက် ကိုကျော်စိုးဦး နှင့်အတူ သွားရောက်ခဲ့သည်။ စားသောက်ဆိုင်အရောက်တွင် ရဲအရာရှိတစ်ချို့နှင့် တွေ့ဆုံခဲ့ပြီး ရဲအရာရှိတစ်ဦးသည် ကိုဝလုံးတို့ တောင်းဆိုခြင်းမရှိဘဲ စာရွက်စာတမ်းများ လက်ထဲသို့အပ်ခဲ့သည်။ သတင်းထောက် ၂ ဦး စားသောက်ဆိုင်မှ ထွက်ခွာချိန်တွင် အသင့်စောင့်ဆိုင်းနေသော ရဲတပ်ဖွဲ့ဝင်များက ရခိုင်ပြည်နယ်အရေးနှင့်ဆိုင်သော နိုင်ငံတော်လုံခြုံရေးနှင့် ပတ်သက်သည့် စာရွက်စာတမ်းများ လက်ဝယ်တွေ့ ရှိမှုဖြင့် ဖမ်းဆီးသွားခဲ့သည်။ ထို့နောက် သတင်းထောက် ၂ ဦးကို ရဲတပ်ဖွဲ့မှ ကိုလိုနီခေတ်၊ ၁၉၂၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ထောင်ဒဏ် ၁၄ နှစ် အထိချမှတ် ခံရနိုင်သည့် မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်အက် ဥပဒေ ပုဒ်မ

၃ ဖြင့် အရေးယူ အမှုဖွင့်ခဲ့သည်။ ထို့ပြင် ကိုဝလုံးတို့ တွေ့ဆုံမေးမြန်းခဲ့သည့် ဒုတိယရဲမှူး မိုးရန်နိုင်ကိုလည်း ရဲစည်းကမ်း ထိန်းသိမ်းရေးဥပဒေဖြင့် ထောင်ဒဏ်တစ်နှစ် ချမှတ်ခဲ့ပြီး ရဲတပ်ဖွဲ့မှလည်းထုတ်ပယ်ခဲ့သည်။

ရုံးချိန်းပေါင်း ၄၀ နီးပါး ရင်ဆိုင်ခဲ့ပြီး ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့တွင် သတင်းထောက်၂ ဦးကို ရန်ကုန် မြောက်ပိုင်းခရိုင်တရားရုံး၊ ဒုတိယခရိုင်တရားသူကြီး ဦးရဲလွင်မှ မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်အက်ဥပဒေ ပုဒ်မ ၃ (၁) (ဂ) နှင့် စွဲချက်တင်ခဲ့ပြီး စက်တင်ဘာလ ၃ ရက်နေ့တွင် ထောင်ဒဏ် ၇ နှစ်ချမှတ်ခဲ့သည်။ အမိန့်ချမှတ်ခြင်း အပေါ် ပြည်တွင်းနှင့် နိုင်ငံတကာ အရပ်ဘက်အဖွဲ့အစည်းများက ပြင်းထန်စွာ ကန့်ကွက် ရှုံ့ချခဲ့ပြီးနောက် ၂၀၁၉ ခုနှစ်၊ မေလ ၇ ရက်နေ့တွင် နိုင်ငံတော်သမ္မတ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လည် လွတ်မြောက် လာခဲ့သည်။

## ၄.၆။ Myanmar Now အယ်ဒီတာချုပ် ကိုဆွေဝင်းအားတရားစွဲဆိုခြင်း

Myanmar Now အယ်ဒီတာချုပ်ကိုဆွေဝင်းသည် အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့(မဘသ) ဦးဆောင် ဆရာတော်ဦးဝီရသူကို အွန်လိုင်းတွင် အသရေဖျက်ခြင်းကြောင့် ဟုဆိုကာ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ (ဃ) ဖြင့် တရားစွဲဆိုခံခဲ့ရသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီ၏ ဥပဒေရေးရာ အကြံပေး တရားလွှတ်တော် ရှေ့နေ ဦးကိုနီ အသတ်ခံရသည့် ကိစ္စနှင့်ပတ်သက်၍ ဦးဝီရသူ၏ အမုန်းစကားပြောဆိုမှုများ အပေါ် Myanmar Now သတင်းဌာနမှ အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့(မဘသ) ၏ ရှေ့နေ၊ အထွေထွေအတွင်းရေးမှူးနှင့် မန္တလေးမြို့နေ ဆရာတော် ဦးစိန္တိတ သုံးဦးတို့ကို အင်တာဗျူးပြုလုပ်ခဲ့သော သတင်းအား ကိုဆွေဝင်းက သူ၏ လူမှုကွန်ရက်စာမျက်နှာတွင် "ဝီရသူ ပါရာဇိကကျပြီး ရဟန်းဘဝနိဠိတံ သွားပြီ ဖြစ်ကြောင်းသိရပါတယ်၊ ပါရာဇိကကျတာ ခုမှတော့ မဟုတ်လောက်ဘူး" ဟုရေးကာ မျှဝေခဲ့သော ကြောင့် ဦးဝီရသူ၏မိန့်ကြားချက်ဖြင့် အမျိုးသားရေး ဝါဒီတစ်ဦးဖြစ်သူ မဘသအဖွဲ့ဝင် ကိုကျော်မျိုးရွှေက ၂၀၁၇ခုနှစ်၊ မတ်လ ၇ ရက်နေ့တွင် မန္တလေး၊ မဟာအောင်မြေ မြို့နယ် အမှတ် (၇) နယ်မြေရဲစခန်း၌ ဆက် သွယ်ရေးဥပဒေပုဒ်မ ၆၆ (ဃ) ဖြင့် အမှုဖွင့် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

ရန်ကုန်မြို့တွင်နေထိုင်သောကိုဆွေဝင်းသည် မန္တလေးသို့ သွားရောက်ကာ ၂ နှစ်ကျော်ကြာ စစ်ဆေးခံရပြီး နောက် စွပ်စွဲထားသည့်ပုဒ်မနှင့် ငြိစွန်းမှုမရှိခြင်း၊ ငြိစွန်းသည်ဟု သက်သေမပြနိုင်ခြင်း၊ တရားလိုသက်သေများ ရုံးတော်ရှေ့လာရောက်ရန် စွပ်စွဲသူဘက်မှ ပျက်ကွက်ခြင်းတို့ကြောင့် ၂၀၁၉ ခုနှစ် ဇူလိုင် ၂ ရက်နေ့တွင် မဟာ အောင်မြေမြို့နယ် တရားရုံးမှ စွဲချက်မတင်ဘဲ အမှုရုပ်သိမ်းရန် အမိန့်ချမှတ်ခဲ့သည်။ အမှုရုပ်သိမ်းခံရပြီး နောက်ပိုင်းတွင် Myanmar Now သည် တပ်မတော်ထိပ်ပိုင်းခေါင်းဆောင်များနှင့် ဆက်စပ်ပတ်သက်သည့် ပြည်သူများသိသင့်သည့် သတင်းများကို စုံစမ်းဖော်ထုတ်ရေးသားတင်ဆက်လာခဲ့သည်။ ထို့နောက်တွင် မဟာ အောင်မြေမြို့နယ် တရားရုံးမှ စွဲချက်မတင်ခင် ပလပ်ကြောင်း အမိန့်ချမှတ်ခဲ့သည့် အပေါ် မကျေနပ်သဖြင့် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့တွင် တရားလိုဖြစ်သူ ဦးကျော်မျိုးရွှေမှ ထိုအမှုအား မန္တလေးခရိုင် တရားရုံး သို့ ရာဇဝတ်ပြင်ဆင်ချက်အယူခံတင်ခဲ့ရာ တရားရုံးကလက်ခံခဲ့ပြီး သက်ဆိုင်ရာမြို့နယ်တရားရုံးမှ ရောက်သည့် နေရာတွင် ပြန်လည်စစ်ဆေးရန် ခရိုင်တရားရုံးက အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

## ၄.၇။ ကျည်ထောင်စုသစ္စာ သရော်စာရေးသူ တရားစွဲခံရခြင်း

တော်လှန်ရေးနေ့ (တပ်မတော်နေ့) အထိမ်းအမှတ်အဖြစ် တပ်မတော်မှ ထုတ်လွှင့်သော 'ပြည်ထောင်စုသစ္စာ' ဇာတ် လမ်းအား သရော်စာအဖြစ်ရေးသားထားသည့် 'ကျည်ထောင်စုသစ္စာ' သရော်စာကို အွန်လိုင်းပေါ်တွင်

ဖော်ပြမှုဖြင့် The Voice Daily သတင်းစာအယ်ဒီတာချုပ် ဦးကျော်မင်းဆွေနှင့် ကလောင်ရှင် ဗြိတိသျှကိုကိုမောင် တို့ကို တပ်မတော်က ၂၀၁၇ ခုနှစ်၊ မေလတွင် ဆက်သွယ်ရေးပုဒ်မ ၆၆(ဃ) ဖြင့် အမှုဖွင့်တိုင်ကြားခဲ့သည်။ နောက်ပိုင်းတွင် ဗြိတိသျှကိုကိုမောင်သည် အွန်လိုင်းပေါ်တွင် လွှင့်တင်ခဲ့သူ မဟုတ်သောကြောင့် အမှုမှ တရားသေလွှတ်ပေးခဲ့ပြီး ဦးကျော်မင်းဆွေ တစ်ဦးတည်းသာ ဆက်လက်ရင်ဆိုင်ရန် အမိန့်ချမှတ်ခံသည်။ သို့သော် ဇူလိုင် ၂၁ ရက်နေ့ တွင် ၎င်းတို့ ၂ ဦး စလုံးကို သတင်းမီဒီယာ ဥပဒေပုဒ်မ ၂၅ (ခ) ဖြင့် တပ်မတော်က ထပ်မံတရားစွဲခဲ့သည်။ ဦးကျော်မင်းဆွေသည် ၈ ကြိမ်တိုင်တိုင် အာမခံပယ်ချခံရပြီးနောက် ဩဂုတ်လ ၄ ရက်နေ့၊ ၉ ကြိမ်မြောက် အာမခံလျှောက်ထားရာတွင် အာမခံရရှိခဲ့သည်။ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်တွင် တပ်မတော်ဘက်မှ အမှုကို ရုပ်သိမ်းပေးခဲ့သည်။

## ၄.၈။ သတင်းဖော်ပြမှုကြောင့် သတင်းထောက်များအား ဖမ်းဆီးနှိပ်စက်ခြင်းနှင့် တရားစွဲဆိုခြင်း

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၂၅ ရက်နေ့ထုတ် မြစ်ကြီးနားသတင်းဂျာနယ်တွင် တရားမဝင်ငှက်ပျောပင်များ စိုက်ပျိုးရန် သခင်စစ်ကုမ္ပဏီက စီစဉ်နေကြောင်း ရေးသားဖော်ပြခဲ့သောကြောင့် ဂျာနယ် အမှုဆောင်ဒါရိုက်တာများဖြစ်သော ဦးဘရန်မိုင်နှင့် ဦးဇော်ခွန်၊ သတင်းထောက် မမွန်းမွန်းပန်တို့ကို အသရေဖျက်မှုဖြင့် သခင်စစ်ကုမ္ပဏီ ဦးဒိန်ဆောင်မှ မတ်လ ၄ ရက်နေ့တွင် ဝိုင်းမော်မြို့နယ်တရားရုံး၌ တရားစွဲဆိုခဲ့သည်။ ဆောင်းပါးတွင် ဝိုင်းမော်မြို့နယ်အတွင်း ငှက်ပျောခင်းများ စိုက်ပျိုးရန် မြေယာရှင်းလင်းမှုများ လုပ်ကိုင်နေသဖြင့် ရွာသားများက စိုးရိမ်သောက ရောက်နေကြသည်ဟု ရွာသားများနှင့် တွေ့ဆုံမေးမြန်းထားမှုများပါရှိသည်။ ဆောင်းပါးဖော်ပြပါရှိပြီး နောက်တစ်နေ့တွင် သခင်စစ်ကုမ္ပဏီမှ ကိုယ်စားလှယ်တစ်ဦး မြစ်ကြီးနားမြို့နယ်ရှိ ဂျာနယ်ရုံးခန်းသို့ ရောက်ရှိလာခဲ့ပြီး မြစ်ကြီးနားမြို့ နှင့် မျက်နှာချင်းဆိုင် ဧရာဝတီမြစ်တစ်ဘက်ကမ်း ဝိုင်းမော်မြို့ရှိ သခင်စစ်ကုမ္ပဏီရုံးသို့ သတင်းထောက် မွန်းမွန်းပန် နှင့် အဂျယ်တို့အား စေလွှတ်ပေးရန် တောင်းဆိုခဲ့သည်။ ရုံးခန်းရောက်ချိန်တွင် သတင်းထောက် နှစ်ဦးကို သီးခြား တစ်ခန်းစီတွင် ထိန်းသိမ်းထားခဲ့ပြီး မွန်းမွန်းပန်အားပါးကို ဂျာနယ်လိပ်ဖြင့် အရိုက်ခံခဲ့ရကြောင်းနှင့် အဂျယ်ကိုမူ ထိုင်ထ အကြိမ်တစ်သိန်း လုပ်ခိုင်းခဲ့ကြောင်း၊ အကြိမ် ၃၀၀ လုပ်ပြီးချိန်တွင် ဂျာနယ်အမှုဆောင်ဒါရိုက်တာများ၊ ရဲတစ်ယောက်နှင့် ဒေသခံ အုပ်ချုပ်ရေးမှူးများ ရောက်လာသဖြင့် သတင်းထောက်နှစ်ဦးကို ပြန်လွှတ်ပေးခဲ့ကြောင်း သိရသည်။

# တားမြစ်ခြင်း၊ ကန့်သတ်ခြင်း၊ အမိန့် ညွှန်ကြားချက်များနှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်

## အခန်း (၅)

## တားမြစ်ခြင်း၊ ကန့်သတ်ခြင်း၊ အမိန့်ညွှန်ကြားချက်များနှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်

NLD အစိုးရသစ်လက်ထက် အစိုးရသက်တမ်း ၄ နှစ်တာကာလအတွင်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ချိုးဖောက်ရာတွင် တည်ဆဲဥပဒေပုဒ်မများကိုအသုံးချ၍ တရားစွဲဆိုခြင်းများသာမက သက်ဆိုင်ရာအစိုးရများမှ အမိန့်ညွှန်ကြားများပြုလုပ်ကာ ကန့်သတ်ခြင်းများ။ တားမြစ်ခြင်းများ၊ ပိတ်ပင်ခြင်းများ၊ ခွင့်မပြုခြင်းများ အပြင် အင်တာနက်များဖြတ်တောက်ခြင်းများထိပါပြုလုပ်၍ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အဘက် ဘက် မှ ဖိနှိပ်ကန့်သတ်ခဲ့သည်ကို တွေ့ရသည်။

## ၅.၁။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ရန် တားမြစ်ခြင်းများ ဆောင်ရွက်ခြင်း

### ထင်ရှားသောဖြစ်စဉ်များ

### ၅.၁.၁။ ကရင်နီအမျိုးသားလူငယ်နှီးနှောဖလှယ်ပွဲတားမြစ်ခံရခြင်း

ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ ရှားတောမြို့နယ်၊ ဈေးပိုင်းရပ်ကွက်၊ နှစ်ခြင်းခရစ်ယာန်အသင်း ကျောင်းဝန်းရှိ အစည်းအဝေးခန်းမဆောင်တွင် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့မှ ၂၈ ရက်နေ့အထိ ကရင်နီအမျိုးသားလူငယ်အစည်းအရုံးမှ ဦးစီးပြုလုပ်မည့် ၅ ရက်ကြာ ကရင်နီအမျိုးသားလူငယ်နှီးနှောဖလှယ်ပွဲ ပိတ်ပင်ခံခဲ့ရသည်။ "ယနေ့အချိန်ကာလသည် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)အဖွဲ့မှ NCA စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသောကာလဖြစ်သည့်အပြင် ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP)အဖွဲ့မှ ပါဝင်ပြုလုပ်မည့်ကိစ္စရပ်များနှင့်ပတ်သက်၍ နိုင်ငံတော်၏ညွှန်ကြားချက်အရ အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) သို့ တင်ပြညှိနှိုင်းပြီး ခွင့်ပြုချက်ရမှသာ ဆောင်ရွက်သင့်သည့်အတွက် တင်ပြသော ကရင်နီအမျိုးသားနှီးနှောဖလှယ်ပွဲကို ကျင်းပပြုလုပ်ခြင်းအား ပြည်နယ်အစိုးရအနေဖြင့် ဆောင်ရွက်ခွင့်မပြုနိုင်ကြောင်း" ၂၀၁၈ခုနှစ် ဩဂုတ်လ (၁၇) ရက်နေ့ ရက်စွဲဖြင့် ပြည်နယ်အစိုးရအဖွဲ့မှ အကြောင်းကြားစာ ပေးပို့ခဲ့သည်။

### ၅.၁.၂။ မဟာပညာကျော်စကားဝိုင်းတားမြစ်ခံရခြင်း

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့တွင် မီလီယာဟိုတယ်၌ ကျင်းပရန် စီစဉ်ထားသော "ရခိုင်အရေး ဘယ်လိုအဖြေရှာမလဲ" ခေါင်းစဉ်ဖြင့် မဟာပညာကျော်စကားဝိုင်းကို ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီး ဌာနမှ တားမြစ်သောကြောင့် ရွှေ့ဆိုင်းခဲ့ရပါသည်။ ထိုစကားဝိုင်းတွင် ပင်တိုင်ဆွေးနွေးမည့်သူများမှာ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) ဥက္ကဋ္ဌ ရဲဘော်သံခဲ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ SNLD အထွေထွေ အတွင်းရေးမှူး ဦးစိုင်းညွန့်လွင်၊ နိုင်ငံရေးနှင့် တိုင်းရင်းသားအရေး လေ့လာသုံးသပ်သူ ဦးမောင်မောင်စိုးတို့ ဖြစ်ကြသည်။

### ၅.၁.၃ ။ ရှမ်းပြည်ညီညွတ်ရေးကော်မတီအစည်းအဝေးတားမြစ်ခံရခြင်း

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၃ ရက် နှင့် ၄ ရက်နေ့များတွင် တောင်ကြီးမြို့၊ တောင်ကြီးဟိုတယ်တွင်ပြုလုပ်မည့် ရှမ်းပြည်ညီညွတ်ရေးကော်မတီ(CSSU) အစည်းအဝေးကို မပြုလုပ်ရန် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန(NRPC) မှ ကော်မတီအလှည့်ကျဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းထံ ဩဂုတ်လ ၂၇ ရက်နေ့တွင် တယ်လီဖုန်းဖြင့် ဆက်သွယ်ပြီး တားမြစ်ပိတ်ပင်ခဲ့ပါသည်။ ရှမ်းပြည်ညီညွတ်ရေးကော်မတီ CSSU တွင် ရှမ်းအမျိုးသားများဒီမိုကရေစီအဖွဲ့ချုပ်(SNLD)၊ ရှမ်းတိုင်းရင်းသားများပါတီ(SNDP)၊ ရှမ်းပြောက်တပ်မတော် (RCSS)၊ ရှမ်း တောင်ပိုင်းတပ်မတော်(SSA) မှ ကိုယ်စားလှယ်များနှင့် အရပ်ဘက်လူငယ်အဖွဲ့များ ပါဝင်သည်။

### ၅.၁.၄။ ကျောင်းသားနှင့် နိုင်ငံရေးဆွေးနွေးပွဲ တားမြစ်ခံရခြင်း

၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တက္ကသိုလ်၊ ဆရာများသမဂ္ဂ ရုံးခန်းရှေ့၌ ကျောင်းသားနှင့်နိုင်ငံရေး ခေါင်းစဉ်ဖြင့် ပြုလုပ်မည့် ဆွေးနွေးပွဲကို ရန်ကုန်တက္ကသိုလ်မှ တာဝန်ရှိသူများက တားမြစ် ပိတ်ပင်ခဲ့သည်။ ထိုဟောပြောပွဲတွင် နိုင်ငံလုံးဆိုင်ရာ ပညာရေးပြုပြင်ပြောင်းလဲမှုကွန်ရက် (NNER) မှ ဒေါက်တာသိန်းလွင်နှင့် တောင်ကုတ်တက္ကသိုလ်၊ အရှေ့တိုင်းပညာဌာနမှ ဒေါက်တာအာကာမိုးသူတို့ ဆွေးနွေးရန် စီစဉ်ထားခြင်းဖြစ်သည်။

### ၅.၁.၅။ တကျော့ပြန်ကချင်ဒေသစစ်ပွဲ ၇ နှစ်ပြည့်အခမ်းအနား တားမြစ်ခံရခြင်း

၂၀၁၈ ခုနှစ်၊ ဇွန်လ ၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ဒိုင်းမွန်းကွန်ဒိုအဲ ရန်ကုန်ရောက် ကချင်လူငယ်များ ဦးဆောင်ပြုလုပ်မည့် တစ်ကျော့ပြန်ကချင်စစ်ပွဲ ၇ နှစ်ပြည့် အခမ်းအနားကို အာဏာပိုင် များက ဖိအားအမျိုးမျိုးသုံးကာ တားဆီးပိတ်ပင်သောကြောင့် အခမ်းအနားပြုလုပ်မည့် အစီအစဉ်ကို ဖျက်သိမ်း ခဲ့ရသည်။

### ၅.၁.၆။ ကရင်အာဇာနည်နေ့ ဦးဆောင်ကျင်းပသူများကို အရေးယူမည်ဟုဆိုကာ တားဆီးခြင်း

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၌ ကျင်းပခဲ့သော ၆၈ နှစ်မြောက် ကရင်အာဇာနည်နေ့ အခမ်းအနားကို ခွင့်ပြုချက်မရှိဘဲကျင်းပသည်ဟုဆို ကရင်အမျိုးသား အစည်းအရုံး (KNU) ဗဟိုကော်မတီဝင် ဖဒိုမန်းငြိမ်းမောင်နှင့် အခမ်းအနားစီစဉ်သူ ဒေသခံ ၅ ဦးတို့အား ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၂၆ ဖြင့် အရေးယူမည်ဖြစ်ကြောင်း ဟင်္သာတခရိုင် ဒုတိယအုပ်ချုပ်ရေးမှူးက လာရောက်တားဆီးခဲ့သည်။

### ၅.၁.၇။ အမျိုးသမီးနှင့် စာပေဝါသနာစကားဝိုင်း တားဆီးခံရခြင်း

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ၆ ရပ်ကွက် ဓမ္မာရုံ၌ နိုင်ငံ တကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အဖြစ်ပြုလုပ်မည့် ‘အမျိုးသမီးနှင့် စာပေဝါသနာ စကားဝိုင်း’ ကို ပွဲကျင်းပခွင့် ကြိုတင် မတောင်းခံခဲ့သောကြောင့်ဟုဆိုကာ မရမ်းကုန်းမြို့နယ်၊ အမှတ် ၆ ရပ်ကွက် အုပ်ချုပ် ရေးမှူးက ပိတ်ပင်ခဲ့သည်။ ထိုစကားဝိုင်းကို HARP(Peace Process Improving Based On Public Activities)က ဦးစီးကျင်းပခြင်းဖြစ်ပြီး ဦးဆောင်ဆွေးနွေးမည့်သူများမှာ စာရေးဆရာမ ပန်ဒိုရာ၊ ဖန်တီးအိမ် အမျိုးသမီးအဖွဲ့ ဒါရိုက်တာ မခင်လေးငယ်တို့ဖြစ်သည်။

### ၅.၁.၈။ သတင်းစာရှင်းလင်းပွဲလက်ခံခဲ့သည့် ခန်းမကို အခမ်းအနားကျင်းပခွင့် တားမြစ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ ရွှေစည်းခုံရပ်ရှိ အမေထွေးခန်းမတွင် ခွင့်ပြုချက်မရှိသည့် သတင်း စာရှင်းလင်းပွဲ ပြုလုပ်ရန် လက်ခံခဲ့သောကြောင့်ဟုဆိုကာ ရမည်းသင်းမြို့နယ်၊ အထွေထွေ အုပ်ချုပ်ရေး ဦးစီး ဌာနက ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့မှ စတင်၍ ထိုခန်းမ၌ အခမ်းအနားများ ကျင်းပခွင့် ပိတ်ပင်ခဲ့သည်။ ၂၀၁၈ခုနှစ်၊ ဇွန်လတွင် ရမည်းသင်းခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ Community

Center ၌ W.COM ကုမ္ပဏီလီမိတက်က ပညာဒါန ကွန်ပျူတာသင်တန်းကို ဖွင့်လှစ်ခဲ့သည်။ ထို သင်တန်းပြီးရန် တစ်ပတ်အလို ဩဂုတ်လ ၁ ရက်နေ့တွင် သင်တန်းဖွင့်ခွင့်မပေးဘဲ ပိတ်သိမ်းခံရမှုနှင့် ပတ်သက်သည့် သတင်းစာ ရှင်းလင်းပွဲကို အမေထွေးခန်းမ၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ရမည်းသင်းမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ခန်းမပိုင်ရှင်များကို ဘာသာရေး၊ သာသနာရေးဆိုင်ရာပွဲတော်၊ အစည်းအဝေး၊ တရားပွဲ၊ စာပေဟောပြောပွဲ၊ အရောင်းမြှင့်တင်ရေးပွဲ၊ ဂီတဖျော်ဖြေရေးပွဲ၊ ပြည်သူ့စကားဝိုင်း၊ လမ်း၊ တံတားဖွင့်ပွဲနှင့် အခြားပွဲများကို ခွင့်ပြုချက်မရှိဘဲ မလုပ်ဆောင်ရန်၊ ဟိုတယ်နှင့် ခန်းမများ ငှားရမ်းအသုံးပြုပါက ခွင့်ပြုချက်မရှိဘဲ မငှားရန်နှင့် မလိုက်နာပါက ဥပဒေနှင့်အညီ အရေးယူမည် ဖြစ်ကြောင်း ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့ ရက်စွဲဖြင့် အကြောင်းကြားစာ ပေးပို့ခဲ့သည်။ ပြည်သူများအနေဖြင့် နိုင်ငံရေးလှုပ်ရှားမှုများပင်မဟုတ်ဘဲ ထိုကဲ့သို့ ဘာသာရေး၊ လူမှုရေး စုဝေးမှုများကိုပင် ဒေသန္တရအစိုးရထံသို့ အဆင့်ဆင့် ခွင့်ပြုချက်တောင်းခံနေရခြင်းသည် ဒီမိုကရေစီစံနှုန်းနှင့် သွေဖယ်ကာ ယခင်စစ်အစိုးရကာလ အုပ်ချုပ်ရေးပုံစံနှင့် ထူးမခြားနားပင်ဖြစ်သည်။

## ၅.၂။ လူမှုကွန်ရက်တွင် အစိုးရခေါင်းဆောင်များအား အကြည်ညိုပျက်စေရန်ပြုလုပ်လျှင် တရားစွဲဆိုရန် ညွှန်ကြား

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များကို လူမှုကွန်ရက် ဖေ့စ်ဘွတ် နှင့် အင်တာနက်စာမျက်နှာများပေါ်တွင် အကြည်ညိုပျက်စေရန် လုပ်ဆောင်သူများကို ဥပဒေကြောင်းအရ တရားစွဲဆိုမှုများ ပြုလုပ်ရန် မကွေးတိုင်းဒေသကြီး NLD ပါတီက ပါတီတွင်း အသိပေးစာထုတ်ပြန်ခဲ့ပါသည်။ မကွေးတိုင်းဒေသကြီးအတွင်း နေထိုင်သူများမှ အစိုးရအား အကြည်ညိုပျက်စေရန် မတရားစွပ်စွဲရေးသားသူများကို ဟန့်တားနိုင်ရန်အတွက် တရားစွဲဆိုမှုများ ဆောင်ရွက်ရန် ပါတီတွင်း အသိပေးစာ ပေးပို့ခဲ့ခြင်းဖြစ်ကြောင်း မကွေးတိုင်း NLD ပါတီဥက္ကဋ္ဌ ဦးသိန်းဇော်က ပြောကြားခဲ့သည်။ အစိုးရအား အကြည်ညိုပျက်စေရန် ပြောဆိုမှုတိုင်းကို တရားစွဲဆိုရန် သင့်၊ မသင့် ဥပဒေပညာရှင်များနှင့် တိုင်ပင်ဆောင်ရွက် သွားမည့်အပြင် တရားစွဲဆိုရေးကိစ္စများကို သက်ဆိုင်ရာ NLD ပါတီ မြို့နယ် အလုပ်အမှုဆောင်များမှ ဆုံးဖြတ်သွား မည်ဟု ဖော်ပြထားသည်။

## ၅.၃။ ဆန္ဒထုတ်ဖော်ခြင်းနှင့်ပတ်သက်၍ နယ်မြေဒေသကန့်သတ်ခြင်း

### ၅.၃.၁။ ရန်ကုန်တိုင်းဒေသကြီး ၁၁ မြို့နယ်တွင် ဆန္ဒထုတ်ဖော်ခွင့်ပိတ်ပင်ခဲ့ခြင်း

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရန်ကုန်မြို့တွင်း ၁၁ မြို့နယ်၌ ဆန္ဒထုတ်ဖော်ခွင့်ပိတ်ပင်ခဲ့သည်။ ထို ၁၁ မြို့နယ်မှာ ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်၊ ဗိုလ်တထောင်၊ ဗဟန်း၊ စမ်းချောင်း၊ ဒဂုံ၊ အလုံ၊ မင်္ဂလာတောင်ညွန့်နှင့် ပုဇွန်တောင်မြို့နယ်တို့ဖြစ်ကြပြီး ယင်းမြို့နယ်များတွင် လူသွားလူလာ ထူထပ်များပြားခြင်း၊ ယာဉ်ကြောပိတ်ဆို့ခြင်းနှင့် အများပြည်သူများကို အနှောင့်အယှက်ဖြစ်စေနိုင်ခြင်းဟူသော အကြောင်းပြချက်များဖြင့် ဝန်ကြီးချုပ်ကိုယ်စား လုံခြုံရေးနှင့် နယ်စပ်

ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်စိုးမိုးက နိုဝင်ဘာ ၇ ရက်ရက်စွဲဖြင့် လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလတွင် ပြဋ္ဌာန်းခဲ့သော ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ဆိုင်ရာဥပဒေအရ စီတန်းလှည့်လည်ခြင်းမပြုမီ ၄၈ နာရီ ကြိုတင်ကာသက်ဆိုင်ရာ မြို့နယ်ရဲစခန်းများသို့ အကြောင်းကြားရန်သာလိုအပ်သည်။ ထို့ကဲ့သို့ ပြည်ထောင်စုအဆင့် ဥပဒေတစ်ရပ်အပေါ် ရန်ကုန်တိုင်းဒေသကြီးအဖွဲ့မှ အမိန့်ညွှန်ကြားချက် ထုတ်ပြန်ကာပိတ်ပင်ခြင်းသည် ဥပဒေကိုချိုးဖောက်ခြင်းဖြစ်ကြောင်းနှင့် ဆန္ဒပြသည့် နေရာများကန့်သတ်ခြင်းသည် ထုတ်ပြန်ထားသောဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို တားဆီးခြင်းဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ လွှတ်တော်ကိုယ်စားလှယ်များနှင့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများက ဝေဖန်ခဲ့ကြသည်။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဦးနိုင်ငံလင်းမှ ယင်းသို့ထုတ်ပြန်ရခြင်းမှာ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်၏ခရီးစဉ်အတွင်း လုံခြုံရေးအရ ကန့်သတ်ခြင်းဖြစ်ကြောင်း ရှင်းလင်း ပြောကြားခဲ့သည်။ သို့သော် ပုပ်ရဟန်းမင်းကြီး ပြန်သွားသည့် နောက်ပိုင်းတွင်လည်း အဆိုပါ ကန့်သတ်ချက်များကို ရုတ်သိမ်းခဲ့ခြင်း မရှိပေ။ ထို အမိန့်ညွှန်ကြားချက်ဖြင့် ရန်ကုန်မြို့ရှိ ဆန္ဒပြပွဲများကို ထိန်းချုပ်ကန့်သတ်ခဲ့ပြီး တရားစွဲဆိုမှုများ ဆက်တိုက်ပြုလုပ်ခဲ့သည်။

### ၅.၃.၂။ ကယားပြည်နယ်အစိုးရမှ ဆန္ဒထုတ်ဖော်သည့်နေရာများ ကန့်သတ်မိန့်ထုတ်ပြန်ခြင်း

ငြိမ်ချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၃၈)၊ ပုဒ်မ ၄ (စ) အရ ငြိမ်ချမ်းစွာစုဝေးခြင်းနှင့်ငြိမ်းချမ်းစွာစီတန်းလှည့်လည်မှုများနှင့် စပ်လျဉ်း၍ ပြည်နယ်အစိုးရအဖွဲ့ရုံး၊ အခြားအရေးကြီးဌာနများ၊ အထင်ကရနေရာ၌ ဆောင်ရွက်ပါက ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အနှောင့်အယှက်ဖြစ်ခြင်း၊ အများပြည်သူ စိတ်အနှောင့်အယှက်ဖြစ်ခြင်း၊ လုံခြုံရေး ကိစ္စရပ်များနှင့် အခြားမလိုလားအပ်သော ပြဿနာများ မဖြစ်ပွားစေရန်အတွက်ဟုဆိုကာ လွိုင်ကော်မြို့တွင် နေရာအချို့ကို ငြိမ်ချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း မပြုလုပ်ရန် ကန့်သတ်ကြောင်း အမိန့်ထုတ်ခဲ့သည်။ ကန့်သတ်လိုက်သည့် နေရာများမှာ ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့၊ ပြည်နယ်အစိုးရအဖွဲ့ရုံး အနောက်၊ ပြည်သူ့ဆေးရုံရှေ့၊ ခရိုင်စုပေါင်းရုံးရှေ့၊ မြို့နာမ်ဘုရား၊ တောင်ကွဲစေတီ၊ လွိုင်ကော် - ရှားတောလမ်းစသည်ဖြင့် ဖြစ်ကြသည်။ ထိုသို့ကန့်သတ်ရာတွင် နေရာအလိုက် သတ်မှတ်ထားသည့် အတိုင်းအတာများ ပါရှိသည်။ ထိုအမိန့်ကို လိုက်နာခြင်းမရှိဘဲ ကျူးလွန်ပါက ရာဇသတ်ကြီးပုဒ်မ (၁၁၈) အရသော်လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း ထိရောက်စွာ အရေးယူခံရမည်ဟူ၍ လွိုင်ကော်မြို့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့ တွင် အမိန့်ထုတ်ပြန်ခဲ့ပါသည်။

### ၅.၄။ ဒီးမော့ဆိုမြို့နယ်၌ ခွင့်ပြုချက်မရှိဘဲ ဆွေးနွေးပွဲ၊ ဟောပြောပွဲ၊ သင်တန်းများမလုပ်ရန် သတိပေးခြင်း

၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ မြလဲကျေးရွာ၌ ကယန်း အမျိုးသမီး အစည်းအရုံး (KYWO) မှ ဦးဆောင်ကာ အမျိုးသမီးနှင့်ငြိမ်းချမ်းရေး အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခဲ့ပါသည်။ ထို အလုပ်ရုံ ဆွေးနွေးပွဲပြုလုပ်သည်ကို ခွင့်ပြုချက်တစုံတရာ တောင်းခံမှုမရှိသည့်အတွက်ဟုဆိုကာ ဒီးမော့ဆိုမြို့နယ် အုပ်ချုပ်ရေးမှူးမှ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံသို့ သတိပေးစာ ပေးပို့ခဲ့ပါသည်။ ဆွေးနွေးပွဲ၊ ဟောပြောပွဲ၊ သင်တန်းများပြုလုပ်ရာတွင် အထက်ဌာနအဆင့်ဆင့်သို့ ခွင့်ပြုချက်တင်ပြ တောင်းခံသွားရန်နှင့် ခွင့်ပြုချက်ရှိမှသာ ဆောင်ရွက်ရန် ညွှန်ကြားထားခဲ့သည်ဟုဆိုပါသည်။ ဆွေးနွေးပွဲအခမ်းအနား၊

ဟောပြောပွဲ၊ သင်တန်းများကို ခွင့်ပြုချက်မရရှိဘဲ ပြုလုပ်နေကြောင်း စစ်ဆေးတွေ့ရှိပါက သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် စာရေးအား ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်မှ သတိပေးစာပေးပို့ခဲ့ခြင်း ဖြစ်ပါသည်။ ပြီးခဲ့သော၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ဘောလခဲမြို့နယ်၌ ကရင်နီအမျိုးသမီးအစည်းအရုံးက ဦးဆောင်၍ ကျား၊ မ တန်းတူရေးနဲ့ လိင်ကွဲပြားမှုအပေါ်အကြမ်းဖက်မှု ဆန့်ကျင်ရေး အခမ်းအနားကို ခွင့်ပြုချက်မရှိဟုဆိုကာ ရဲတပ်ဖွဲ့က လာရောက်ဖျက်သိမ်းခဲ့ခြင်းများရှိခဲ့ပါသည်။

## ၅.၅။ လူ့အခွင့်ရေးဆိုင်ရာ ပညာပေးပွဲအား တောင်ကြီးစည်ပင်ခွင့်မပြု

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကျရောက်မည့် နိုင်ငံတကာ လူ့အခွင့်အရေးနေ့၌ လူ့အခွင့်အရေးဆိုင်ရာ ပညာပေးပွဲကို တောင်ကြီးမြို့ရှိ ဗိုလ်ချုပ်ပန်းခြံတွင် ပြုလုပ်ရန်အတွက် ခွင့်ပြုမိန့် တောင်ခံထားခြင်းကို တောင်ကြီးမြို့စည်ပင်မှ ခွင့်မပြုခဲ့ကြောင်း သိရသည်။ အနားယူအပန်းဖြေသည့် ပန်းခြံဖြစ်သည့်အတွက် ပန်းခြံအတွင်း ဖျော်ဖြေခွင့်တောင်းခံလာခြင်းကို ခွင့်မပြုနိုင်ကြောင်း စီစဉ်သူ Human Right Educator Network မှ ဒေါ်နှင်းနန္ဒာအောင်ထံသို့ အကြောင်းပြန်ခဲ့ခြင်းဖြစ်သည်။ အဆိုပါပွဲတွင် လူ့အခွင့်ရေးနှင့် သက်ဆိုင်သည့် လက်ကမ်းစာစောင်များ ပေးဝေခြင်း၊ ပညာပေးမှတ်တမ်း ရုပ်ရှင်ပြသခြင်း၊ လူ့အခွင့်ရေးဆိုင်ရာ ပညာပေးသီချင်း များဖြင့် ဖျော်ဖြေခြင်းနှင့် မေးခွန်းများ မေးမြန်းခြင်းစသည့် အစီစဉ်များသာပါဝင်သည် ဟုဆိုသည်။ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ(၂၇)ရက်နေ့တွင် အဆိုပါပွဲကို ခွင့်ပြုမိန့် ပြန်လည်ပေးရန်အတွက် ရှမ်းပြည်နယ် ဝန်ကြီးချုပ်ထံသို့ စာတင်ခဲ့ပြီး မိတ္တူကို ဗမာတိုင်းရင်းသားရေးရာဝန်ကြီး၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့နှင့် စည်ပင်သာယာရေးဝန်ကြီး တို့ထံ ပေးပို့ခဲ့သည်ဟု သိရပါသည်။

## ၅.၆။ ရခိုင်ပြည်နည်နှင့် ချင်းပြည်နယ်ရှိ ဒေသအချို့တွင် အင်တာနက်ဝန်ဆောင်မှုများ ရပ်ဆိုင်းခြင်း

ပဋိပက္ခများဖြစ်ပွားလျက်ရှိသော ရခိုင်နှင့် ချင်းပြည်နယ်များရှိ မြို့နယ် (၉) မြို့နယ်တွင် ၂၀၁၉ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့ကစ၍ မိုဘိုင်းအင်တာနက်ဆက်သွယ်မှုကို အစိုးရက ကြိုတင်အသိပေးတိုင်ပင်ခြင်း မရှိဘဲ ဖြတ်တောက်ခဲ့သည်။ အင်တာနက်လိုင်းဖြတ်တောက်ခံခဲ့ရသည့် ဒေသများမှာ ရခိုင်ပြည်နယ်တွင် မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်း၊ မြောက်ဦး၊ ကျောက်တော်၊ မင်းပြား၊ မြေပုံမြို့နယ် တို့ဖြစ်ကြပြီး ချင်းပြည်နယ်တွင် ပလက်ဝ မြို့နယ် တို့ဖြစ်ပါသည်။ အင်တာနက်ဖြတ်တောက်ခံရမှုကြောင့် ဒေသခံများ၏ လူ့အခွင့်အရေး၊ စီးပွားရေး၊ လူမှုရေး၊ ဖွံ့ဖြိုးရေး၊ နိုင်ငံရေးအပါအဝင် အများပြည်သူနှင့်ဆိုင်သည့် ကိစ္စရပ်များအပေါ် ဆိုးရွားစွာ သက်ရောက်မှုရှိသည်။ အဆိုပါအင်တာနက်ဖြတ်တောက်မှုကိုပြုလုပ်ရန် အစိုးရသည် သက်ဆိုင်ရာ အော်ပရေတာများထံ ဆက်သွယ်ရေး ဥပဒေ ပုဒ်မ ၇၇ အရ အမိန့်ညွှန်ကြားချက် ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

## ၅.၇။ ပညာရေးဝန်ကြီးအား ဝေဖန်သူများကို အရေးယူရန် စောင့်ကြည့်မည်ဟု ပညာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ပြောဆိုခြင်း

ပညာရေးဝန်ကြီးဌာနသည် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်၏ စာမေးပွဲအချိန်စာရင်းများ ပြောင်းလဲခဲ့ပြီး ကျောင်းတက်ရက်များကို မတ်လကုန်အထိ သတ်မှတ်ခဲ့ရာ အဖွဲ့အစည်းအသီးသီး၏ ဝေဖန်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ ပညာရေးဝန်ကြီးဌာန၏ ဝန်ကြီးအပါအဝင် အကြီးအကဲများကို စော်ကားပြောဆိုနေသည့် Facebook အကောင့်များ၊ ပညာရေး သတင်းအမှားတင်နေသည့်အကောင့်များကို အရေးယူရန်စောင့်ကြည့်သွားမည်ဟု အခြေခံပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက ပြောကြားခဲ့သည်။ Facebook အကောင့်အချို့မှ ပညာရေးဝန်ကြီးနှင့် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့၏ပုံများကို ဆိုရှယ်မီဒီယာပေါ်၌ ဖြတ်ညှပ်ကပ်များပြုလုပ်ကာ ဝေဖန်မှုများပြုလုပ်ခဲ့ကြသည်။ ထိုသို့ပြုလုပ်ဝေဖန်မှုများသည် လွန်ကဲလာပြီး ပုဂ္ဂိုလ်ရေးအရ တိုက်ခိုက်လာလျှင် ဥပဒေအရ အရေးယူနိုင်ရန်ဆောင်ရွက်သွားမည်ဟုလည်း ပြောကြားခဲ့ပါသည်။

## ၅.၈။ မွန်တော်လှန်ရေးနေ့အထိမ်းအမှတ်ဆိုင်းဘုတ်များစိုက်ထူခြင်းနှင့်ပက်သက်၍ မွန်ပြည်နယ်အစိုးရအဖွဲ့က ခေါ်ယူတွေ့ဆုံခြင်း

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်တွင် မွန်ပြည်နယ် အစိုးရအဖွဲ့ရုံး၌ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ရန်ကြီးအောင်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းရှိ ပြည်သူ့ရင်ပြင်နှင့် မွန်ဓမ္မာရုံတို့တွင် ၇၁ ကြိမ်မြောက်မွန်တော်လှန်ရေးနေ့ အထိမ်းအမှတ် အဖြစ် 'တော်လှန်မှ လွတ်လပ်မည်' ဟူ၍ အဓိပ္ပာယ်ရသည့် မွန်ဘာသာဖြင့်ရေးသားထားသော ဆိုင်းဘုတ်စိုက်ထူ ခြင်းနှင့်ပက်သက်၍ မွန်ပြည်နယ် အစိုးရအဖွဲ့က မွန်ပြည်သစ်ပါတီကို ခေါ်ယူတွေ့ဆုံခဲ့သည်။ ထိုဆိုင်းဘုတ်များကို ဩဂုတ်လ ၂၆ ရက်တွင် ကျရောက်မည့် ၇၁ ကြိမ်မြောက် မွန်တော်လှန်ရေးနေ့ အထိမ်းအမှတ်အဖြစ် ရေးမြို့နယ်၊ မွန်ဒေသခံများအဖွဲ့မှ အခမ်းအနားကျင်းပရေး ကော်မတီဝင် နိုင်မြင့်ထွန်း ဦးဆောင်သည့် အဖွဲ့က ဩဂုတ်လ ၁၇ ရက်တွင် စိုက်ထူခဲ့ခြင်းဖြစ်သည်။

## ၅.၉။ ငြိမ်းချမ်းရေးလူထုနှီးနှောဖလှယ်ပွဲ သတိပေးခံရခြင်း

၂၀၁၈ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မျက်မမြင်ကျောင်း (ခဝဲခြံ) ၌ ပြုလုပ်မည့် ငြိမ်းချမ်းရေးလူထုနှီးနှောဖလှယ်ပွဲ (ရန်ကုန်) ကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ ဥပဒေအရ ခွင့်ပြုမိန့်တင်ပြီး နှစ်ပတ်အကြာ ခွင့်ပြုချက်ရမှ ပွဲပြုလုပ်ခွင့်ရှိသည်ဟု ဆိုကာ မရမ်းကုန်း မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး စောညီညီဝင်းနှင့် မရမ်းကုန်းရဲမှူးတို့က ရန်ကုန်မျက်မမြင်ကျောင်း(ခဝဲခြံ) ကျောင်းအုပ်၊ ဒေါက်တာသိန်းလွင်၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီမှ ဦးငွေလင်းနှင့် ဒေါ်နှင်းနှင်းမွှေး၊ သခင်ကိုယ် တော်မှိုင်း ဂုဏ်ရည်စောင့်ရှောက်ရေးအဖွဲ့မှ ဦးထွန်းဝင်းငြိမ်း၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်မှ ကိုမင်းထက်စိုးနှင့် ကိုမင်းသွေးသစ်တို့ကို သတိပေးခဲ့ခြင်းဖြစ်သည်။ သို့သော် အဆိုပါပွဲကို ကြေညာထားသည့် နေ့ရက်တွင်ပင်ပြုလုပ်ခဲ့ကြသည်။

## ၅.၁၀။ ရွှေဝါရောင်တော်လှန်ရေး ၁၁နှစ်ပြည့် အခမ်းအနားကို ပြောင်းရွှေ့ကျင်းပခဲ့ရခြင်း

၂၀၀၈ အခြေခံဥပဒေ ဖွဲ့စည်းပုံဖျက်သိမ်းရေး၊ ပြည်တွင်းစစ်ရပ်တန့်ရေး၊ ပြည်သူများစားဝတ်နေရေး ပြေလည်ရေး၊ ပြည်သူ့ဘဝလုံခြုံရေး စသည့် ရည်ရွယ်ချက်များဖြင့် ရွှေဝါရောင်တော်လှန်ရေး ၁၁ နှစ်ပြည့် အခမ်းအနားကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ၊ ၁၈ ရက်တွင် ရန်ကုန်မြို့ရှိ တော်ဝင်နှင်းဆီခန်းမ၌ ပြုလုပ်ရန် ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေးတွင် ပါဝင်ခဲ့သည့် နိုင်ငံရေးသမားများ၊ တက်ကြွလှုပ်ရှားသူများက စီစဉ်ထားခဲ့သည်။ သို့သော် အာဏာပိုင်များက ခန်းမပိုင်ရှင်ထံ ဖိအားပေးမှုများ ရှိခဲ့သည့်အတွက် ပွဲစီစဉ်သူများက သဃ်န်းကျွန်းမြို့နယ်ရှိ ဓမ္မပီယကျောင်းတိုက်သို့ ပြောင်းရွှေ့ပြုလုပ်ခဲ့ရသည်။၂၀၀၇ ခုနှစ်တွင် ကုန်ဈေးနှုန်းနှင့် လောင်စာဆီဈေးနှုန်း မြင့်တက်မှုကြောင့် ဘုန်းတော်ကြီးများ ဦးဆောင်သော ဆန္ဒပြပွဲများ ဖြစ်ပွားခဲ့ပြီး ရွှေဝါရောင်တော်လှန်ရေး ပေါ်ပေါက်လာခြင်းဖြစ်သည်။

## ၅.၁၁။ ဒုစရိုက်မှုများ လျော့ကျရေး လူထုဆွေးနွေးပွဲကို ဖျက်သိမ်းခြင်း

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်တွင် မန္တလေးမြို့၊ သကျသီဟ ဘုရားဝင်းရှိ ဝေဇယန္တာ မဟာဗန္ဓုလ ဓမ္မာရုံ၌ မူခင်းဖြစ်စဉ်များနှင့် ပတ်သက်၍ လူထုယုံကြည်မှုရေးရာ ဆွေးနွေးပွဲကို မန္တလေးမြို့ခံနှင့် အရပ်ဘက် အဖွဲ့အစည်းများက ဦးဆောင်စီစဉ်ခဲ့သည်။ ထိုဆွေးနွေးပွဲပြုလုပ်ရန် စက်တင်ဘာလ ၁၁ ရက် နှင့် ၁၂ ရက်တွင် သက်ဆိုင်ရာမြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး အုပ်ချုပ်ရေးပိုင်း အဆင့်ဆင့်သို့ ခွင့်ပြုမိန့်တောင်းခံခဲ့သော်လည်း အကြောင်းပြန်ခြင်း မရှိသောကြောင့် ပွဲကိုဖျက်သိမ်းခဲ့ရသည်။ ထိုဆွေးနွေးပွဲကို ဒုစရိုက်မှုများ လျော့နည်းစေရန် လုပ်ဆောင်ရာတွင် မြို့နေလူထု တက်ကြွစွာပါဝင်လာနိုင်ရန်၊ ဒုစရိုက်မှုမဖြစ်စေရန် ကြိုတင်ကာကွယ် တားဆီးနိုင်မည့်နည်းလမ်းများ ရှာကြံနိုင်ရန်စသည့် ရည်ရွယ်ချက်ကောင်းများဖြင့် ကျင်းပရန်ပြင်ဆင်သော်လည်း အုပ်ချုပ်ရေးယန္တရားရှိ တာဝန်ရှိသူများထံ အဆင့်ဆင့်တင်ပြရခြင်း၊ ထိုသို့တင်ပြသော်လည်း အကြောင်းပြန်ခြင်းမရှိခြင်းတို့ကြောင့် ဆွေးနွေးပွဲအား ဖျက်သိမ်းလိုက်ရခြင်းမှာ နိုင်ငံတွင်း ပြည်သူအများ၏ လွတ်လပ်စွာထုတ်ဖော်ခွင့်များကို အဟန့်အတားပြုလုပ်ထားခြင်းပင်ဖြစ်သည်။

## ၅.၁၂။ တောင်သူမြေယာနှင့် သယံဇာတ ဆွေးနွေးပွဲတွင် ဝင်ရောက်ဆွေးနွေးခွင့် ကန့်သတ်ခံရ

၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်တွင် ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ ရွှေအမ်းတောင်ခန်းမ၌ တောင်သူမြေယာနှင့် သယံဇာတဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။ ထိုဆွေးနွေးပွဲကို သက်ဆိုင်ရာ၏ ခွင့်ပြုချက်ဖြင့်ပြုလုပ်ခဲ့ခြင်း ဖြစ်သော်လည်း ထိုဆွေးနွေးပွဲအတွက် ခွင့်ပြုမထားသူများ တက်ရောက်ဆွေးနွေးသည်ဟုဆိုကာ အမ်းမြို့မရဲစခန်းက လာရောက်တားမြစ်ခဲ့သဖြင့် ဆွေးနွေးပွဲကို ဖျက်သိမ်းခဲ့ရသည်။ ဆွေးနွေးပွဲတစ်ခုတွင် မည်သူတစ်ဦး တစ်ယောက်ကို ဆွေးနွေးခွင့်ပြုပြီး မည်သူတစ်ဦးတစ်ယောက်ကိုသော် ခွင့်မပြုခြင်းသည် အခြေခံလူ့အခွင့်အရေးကို ချိုးဖောက်ရုံ သာမက နိုင်ငံသားအချင်းချင်းကြား ခွဲခြားဆက်ဆံမှုပြုခြင်းလည်းဖြစ်သည်။

# အစီရင်ခံစာအနှစ်ချုပ်

## အခန်း (၆) ။ အစီရင်ခံစာအနှစ်ချုပ်

### ၆.၁ ။ အဓိကတွေ့ရှိချက်များ

၂၀၁၆ ခုနှစ်၊ ဧပြီလတွင် တာဝန်လွှဲပြောင်းယူခဲ့သော NLD အစိုးရ ၄ နှစ်တာကာလ သက်တမ်းအတွင်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ သတင်းမီဒီယာလွတ်လပ်ခွင့်၊ လွတ်လပ်စွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်တို့ကို ချိုးဖောက်ကာ ဖိနှိပ်ကန့်သတ်မှုများ ပြုလုပ်နေဆဲဖြစ်သည်ကိုတွေ့ရသည်။ NLD အစိုးရလက်ထက်တွင် ပြည်သူများ၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အစိုးရနှင့်တပ်မတော်အပြင် ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည့် လွှတ်တော်ကိုယ်စားလှယ်များမှလည်း အများအပြားချိုးဖောက်မှုများရှိလာသည်။ ပြည်သူတစ်ယောက် အနေဖြင့် မိမိတို့၏ကိုယ်စား တင်မြှောက်ထားသော လွှတ်တော်ကိုယ်စားလှယ်များအား စောင့်ကြည့်၍ ဝေဖန်ပိုင်ခွင့်ရှိသည်။ ထိုသို့ ပြည်သူများမှစောင့်ကြည့်ဝေဖန်မှုများ ပြုလုပ်မှသာလျှင် သန့်ရှင်းသောအစိုးရ၊ ကောင်း မွန်သောအုပ်ချုပ်မှုစနစ်များ ရရှိလာမည်ဖြစ်သည်။ ထို့ပြင် နိုင်ငံတကာစံနှုန်းများနှင့် ချိန်ညှိရမည်ဆိုလျှင် ခိုင်မာသောဒီမိုကရေစီစနစ် ကျင့်သုံးနေသောနိုင်ငံများမှ နိုင်ငံရေးခေါင်းဆောင်များ၊ လွှတ်တော် ကိုယ်စားလှယ်များနှင့် ပါတီဝင်များသည် မိမိတို့အား ဝေဖန်ပြောဆိုမှုများကို တရားပြန်လည် စွဲဆို၍ဖြေရှင်းခြင်း

မရှိပေ။ ဂုဏ်သတင်း ထင်ပေါ်ကျော်ကြားသူများအနေဖြင့် မှားယွင်းသောစွပ်စွဲမှုများရှိလာလျှင် သတင်းမီဒီယာများ (သို့မဟုတ်) လူအများသိစေနိုင်မည့် အခြားနည်းလမ်းများ အသုံးပြုကာ ပြန်လည် တုံ့ပြန်ဖြေရှင်းနိုင်သည်။ ထို့ကြောင့် ပြည်သူ့ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ရရှိထားသော လုပ်ပိုင်ခွင့်အာဏာဖြင့် ပြည်သူများ၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အားချိုးဖောက်ခြင်း၊ ဟန့်တားခြင်းများ ပြုလုပ်ခြင်းထက် ပိုမိုရင့်သန်သော ဒီမိုကရေစီစနစ်ရရှိရန် ဥပဒေများပြင်ဆင်နိုင်ရန် ကြိုးစားအားထုတ်ခြင်းနှင့် လူ့ရပိုင်ခွင့်များအား ကိုယ်တိုင်လေးစားလိုက်နာပြခြင်း တို့ကို ဆောင်ရွက်သင့်သည်။

## ဥပဒေများကို ထိရောက်စွာမပြင်ဆင်ခဲ့ခြင်း

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ချိုးဖောက်၍ အသုံးပြုနေသော ဥပဒေပုဒ်မများကို NLD အစိုးရ လက်ထက်တွင် ထိရောက်သော ဖျက်သိမ်းခြင်း၊ ပြင်ဆင်ခြင်းများ မလုပ်ဆောင်နိုင်ခဲ့ပေ။ အသစ်ပြဋ္ဌာန်းလိုက်သည့် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို အကာကွယ်ပေးရေးဥပဒေနှင့် အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေတို့မှာလည်း  လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက်ရပိုင်ခွင့်ကို ချိုးနှိမ် ကန့်သတ်ထားပြန်သည်။ ထို့ပြင် အခြားဖျက်သိမ်းသင့်သည့် ဥပဒေ၊ ပုဒ်မများဖြစ်သော ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၅၀၅ (က)၊ (ခ)၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၂၄ (က)၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေ၊ မတရားအသင်းများအက်ဥပဒေပါ ပုဒ်မ ၁၇ (၁)၊ ဆက်သွယ်ရေးဥပဒေပါ ပုဒ်မ ၆၆ (ဃ)၊ ၆၈ (က)၊ ပုဒ်မ ၇၇ နှင့် ၇၈ တို့ကိုလည်း လွှတ်တော်ဘက်က လျစ်လျူရှုခဲ့သည်။

ပြင်ဆင်ရမည့်ဥပဒေများဖြစ်သော ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေ၊ သတင်းမီဒီယာဥပဒေနှင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေတို့ကို လူ့ရပိုင်ခွင့်၊ ဒီမိုကရေစီစံနှုန်းများနှင့်အညီ ပြင်ဆင်နိုင်ခြင်းမရှိခဲ့ချေ။

ထို့အပြင် သတင်းမီဒီယာများနှင့် အရပ်ဘက်အဖွဲ့အစည်းများ တောင်းဆိုလျှက်ရှိသော သတင်းအချက်အလက်ရပိုင်ခွင့်ဥပဒေသည် ယနေ့ထက်တိုင် လွှတ်တော်သို့ ဥပဒေကြမ်းအဖြစ်ပင် ရောက်ရှိလာခဲ့ခြင်းမရှိပေ။

## အင်တာနက်ဖြတ်တောက်ခံရခြင်း နှင့် ဝက်ဘ်ဆိုက်များပိတ်သိမ်းခြင်း

ဒီမိုကရေစီအစိုးရဟုခေါ်သော NLD အစိုးရလက်ထက်တွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်များဖြစ်သော ပြည်သူများ၏ သတင်းအချက်အလက်များ ရှာဖွေခွင့်၊ ရယူပိုင်ခွင့်နှင့် သိရှိခွင့် များအပြင် သတင်းမီဒီယာလွတ်လပ်ခွင့်များပါ ချိုးဖောက်ခံနေရသည်။ ထိုအခြေအနေများကို ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တွင် အင်တာနက်ဖြတ်တောက်ထားခံရသည့် ဖြစ်ရပ်များကို ကြည့်ခြင်းအားဖြင့် သိနိုင်သည်။ ယခု ကဲ့သို့  ပြည်တွင်းစစ် ပဋိပက္ခဖြစ်ပွားနေသည့် ပြည်နယ်များတွင် နိုင်ငံတော်လုံခြုံရေးအကြောင်းပြကာ အင်တာနက် ဖြတ်တောက်ထားခြင်းသည် ယင်းပြည်နယ်တွင်နေထိုင်သော ပြည်သူတစ်ဦးချင်းစီ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးများအပြင် ပညာသင်ယူလေ့လာခွင့်များပါ ဆုံးရှုံးနေသည်ကို အချက်အလက်စစ်တမ်းများအရ တွေ့ရှိရသည်။ ထိုကဲ့သို့ အင်တာနက် ဖြတ်တောက်ခြင်းများအပြင် အစိုးရ၏ညွှန်ကြားချက်ဖြင့် ဆက်သွယ်ရေးအော်ပရေတာများမှ သတင်းဝက်ဘ်ဆိုက်ပေါင်း နှစ်ရာကျော်ကို ပိတ်ချခဲ့သည်။ ထိုပိတ်ချခဲ့သော ဝက်ဘ်ဆိုက်နှစ်ရာကျော်၏ အမည်စာရင်းကို အစိုးရနှင့် ဆက်သွယ်ရေးအော်ပရေတာများမှ ထုတ်ပြန်ခဲ့ခြင်းမရှိသော်လည်း တရားဝင်သတင်းဌာနတချို့ ပါဝင်လျက်ရှိသည်ကို တွေ့ရှိခဲ့ရသည်။ အဆိုးရွားဆုံးမှာ Covid-19 ကမ္ဘာ့ကပ် ရောဂါ ဖြစ်ပွားနေချိန်တွင် နိုင်ငံနှင့်အဝန်း ပြည်သူများအားလုံး ကျန်းမာရေးပညာပေးနှင့် သတင်းအချက်အလက်များ မြန်မြန်ဆန်ဆန်

ရရှိနိုင်ရန် အရေးကြီးသောကြောင့် အရပ်ဘက်အဖွဲ့အစည်းများမှ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် အင်တာနက် ဖြတ်တောက်ထားခြင်းများ ပြန်လည်ဖွင့်ပေးရေးကို တစိုက်မတ်မတ်တောင်း ဆိုသော်လည်း အစိုးရမှ လျစ်လျူရှုထားပြီး ဆက်လက် ပိတ်ဆို့ထားခြင်းဖြစ်သည်။

## မတရားဥပဒေများကို အသုံးပြုပြီး အရေးယူဖမ်းဆီးမှုများ ဆက်လက်လုပ်ဆောင်နေခြင်း

ဒီမိုကရေစီအစိုးရလက်ထက်တွင် ဆန္ဒထုတ်ဖော်သော ပြည်သူများအား ဆက်လက်ဖမ်းဆီးနေခြင်းသည် ယခင်စစ်အစိုးရလက်ထက်နှင့် ထူးမခြားနား ဖိနှိပ်နေဆဲဖြစ်သည်ကိုတွေ့ရသည်။ ရခိုင်ပြည်နယ်တွင် အင်တာနက်ဖြတ်တောက်မှု ရပ်ဆိုင်းပေးရေးတောင်းဆိုသော ကျောင်းသားများအား ဖမ်းဆီးခြင်း၊ ပြည်တွင်း အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးတောင်းဆိုသောလူငယ်များအား ခွင့်ပြုချက်မပေးဘဲအရေးယူခြင်း၊ အစိုးရနှင့် တပ်မတော်အား ဆန့်ကျင်ဆန္ဒပြသူများအား ဖမ်းဆီးအရေးယူခြင်းစသည်တို့ကို ပြင်းပြင်းထန်ထန် လုပ်ဆောင် နေဆဲဖြစ်ကြောင်းတွေ့ရသည်။ ထို့ပြင် တိုင်းရင်းသားအရေးပြောဆိုရာတွင်လည်း ယခင်အစိုးရ လက်ထက်ကဲ့သို့ ထိလွယ်ရှလွယ် ဖြစ်နေဆဲဖြစ်ကြောင်းကို ‘ကရင့်အာဇာနည်နေ့’ ဟုသုံးစွဲခဲ့သဖြင့် ဖမ်းဆီးခံရသော နော်အုန်းလှအမှုတွင် တွေ့နိုင်သည်။

အလားတူ သတင်းမီဒီယာလွတ်လပ်ခွင့်တွင်လည်း သတင်းရယူခြင်းအတွက် သတင်းသမားများကို မတရားအသင်းများအက်ဥပဒေ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ တို့အပါအဝင် ပုဒ်မအမျိုးမျိုးဖြင့်ဖမ်းဆီး အရေးယူခြင်း၊ ရခိုင်ပြည်နယ် အင်းဒင်ကျေးရွာလူသတ်မှုထုတ်ဖော်မှုကြောင့် ရိုက်တာသတင်းထောက် ၂ ဦး နိုင်ငံတော် လျှို့ဝှက်အက်ဥပဒေဖြင့် တရားစွဲဆိုခံရခြင်းတို့သည် ဒီမိုကရေစီ၏ ပင်မ အခြေခံအုတ်မြစ်ကို ရိုက်ချိုးနေသကဲ့သို့ ဖြစ်နေသည်။

အထက်ပါအချက်အလက်များကို ကြည့်ခြင်းအားဖြင့် ယခုလက်ရှိတာဝန်ယူနေသော NLD အစိုးရသည် လူ့ရပိုင်ခွင့်၏ အခြေခံဖြစ်သော လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်၏ အဓိက အစိတ်အပိုင်းဖြစ်သော လွတ်လပ်စွာစုဝေးခွင့်၊ လွတ်လပ်စွာစီတန်းလှည့်လည်ခွင့်နှင့် သတင်းမီဒီယာလွတ်လပ်ခွင့်တို့အပေါ် အရေးကြီးသည်ဟု သဘောမထားဘဲ လျစ်လျူရှု ဖိနှိပ်နေဆဲဖြစ်ကြောင်းတွေ့ရှိရပေသည်။

## ၆.၂ ။ အကြံပြုချက်များ

**လွှတ်တော်သို့**

၁။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကို လူ့ရပိုင်ခွင့်စံချိန်စံညွှန်းများနှင့် အညီ ထပ်မံပြင်ဆင်သင့်ပါသည်။

၂။ ဆက်သွယ်ရေးဥပဒေပါ ပုဒ်မ ၆၆ (ဃ) ၊ ၆၈ (က) ၊ ပုဒ်မ ၇၇ နှင့် ပုဒ်မ ၇၈၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅ (က) ၊ (ခ)၊ နှင့် ၁၂၄ (က) ၊ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို အကာအကွယ်ပေးရေးဥပဒေ ပုဒ်မ ၈ (စ) နှင့် မတရားအသင်းများအက်ဥပဒေ ပုဒ်မ ၁၇(၁) တို့ကို အပြီးတိုင် ပယ်ဖျက်သင့်ပါသည်။

၃။ သတင်းအချက်အလက်ရပိုင်ခွင့်ဥပဒေ (Right to Information Law) ကို ပြဋ္ဌာန်းပြီး မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်အက်ဥပဒေနှင့် အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေတို့ကို ဖျက်သိမ်းသင့်ပါသည်။

၄။ ဥပဒေအရပ်ရပ်ရှိ အသရေဖျက်မှုများကို ရာဇဝတ်မှုမှ တရားမမှုပုံစံသို့ ပြောင်းလဲသင့်ပါသည်။

၅။ ပြည်သူများ၏ ရပိုင်ခွင့်နှင့်ဆိုက်ဘာလုံခြုံရေးကို အကာအကွယ်ပေးနိုင်သော ဆိုက်ဘာရာဇဝတ်မှု ဥပဒေကို ပြဋ္ဌာန်းသင့်ပါသည်။

၆။ ဆက်သွယ်ရေးကွန်ရက်များအား စောင့်ကြည့်လေ့လာခြင်းများ၊ ကြားဖြတ်နားထောင်ခြင်းများကို ပြုလုပ်ရာတွင် တရားဥပဒေနှင့်ညီသော ကြားဖြတ် နားထောင်မှုဝါဒ (Law interception framework) ချမှတ်ပြီးမှသာ ပြုလုပ်ဆောင်ရွက်သင့်ပါသည်။

၇။ ဥပဒေသစ်တစ်ခု ပြဋ္ဌာန်းရာတွင်၊ သို့မဟုတ် ပြင်ဆင်ရာတွင် လွှတ်တော်အနေဖြင့် အရပ်ဘက် အဖွဲ့အစည်းများနှင့် ထိရောက်သောတွေ့ဆုံမှုများ၊ အကြံပြုချက်ရယူမှုများ လုပ်ဆောင်သင့်ပါသည်။

**အစိုးရနှင့် တပ်မတော်သို့**

၁။ အစိုးရနှင့် တပ်မတော် အနေဖြင့် မိမိတို့အပေါ် ဝေဖန်ပြောကြားမှုများကို တရားစွဲဆိုခြင်း မပြုလုပ်သင့်ဘဲ လက်ရှိစွဲဆိုထားသောအမှုများကိုလည်း အမြန်ဆုံးပြန်လည်ရုပ်သိမ်း ပေးသင့်ပါသည်။

၂။ သတင်းမီဒီယာနှင့် ပတ်သက်သော အငြင်းပွားမှုကိစ္စရပ်များကို ရှေးဦးစွာ သတင်းမီဒီယာကောင်စီသို့ တိုင်ကြားခြင်းမျိုးကိုသာ ပြုလုပ်သင့်သည်။

၃။ အစိုးရအနေဖြင့် ပြည်သူများ ဒစ်ဂျစ်တယ်နှင့်မီဒီယာစာတတ်မြောက်ရေးအတွက် နိုင်ငံတော်အဆင့် မဟာဗျူဟာ စီမံကိန်းများချမှတ်ကာ သင်တန်းများပို့ချခြင်း၊ ပညာပေးဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်သင့်ပါသည်။

**တရားစီရင်ရေးနှင့် တရားရုံးများသို့**


၁။ တရားဥပဒေ စိုးမိုးရေး နှင့် လွတ်လပ်စွာ တရားစီရင်ရေးကို အလေးပေးကိုင်တွယ်သင့်သည်။

၂။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အကြောင်းကို နိုင်ငံတကာစံနှုန်းများနှင့်အညီ တရားသူကြီးများအား သင်တန်းပို့ချသင့်ပါသည်။

**မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသို့**

၁။ သတင်းမီဒီယာဥပဒေ၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေတို့ကို ပြင်ဆင်နိုင်ရေးအတွက် ကြိုးစားလုပ်ဆောင်သင့်ပါသည်။

၂။ သတင်းမီဒီယာလွတ်လပ်ခွင့် အပြည့်အဝရရှိနိုင်ရန် အစိုးရ၊တပ်မတော်၊ လွှတ်တော်တို့အပြင် သတင်းမီဒီယာ လွတ်လပ်ခွင့်အတွက် ဆောင်ရွက်နေသော အရပ်ဘက်အဖွဲ့အစည်းများနှင့်လည်း ဆွေးနွေးညှိနှိုင်းမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သင့်ပါသည်။



# “အချိန်မီပြင်ဆင်ခွင့်”

## အစိုးရသက်တမ်း ၄ နှစ် အတွင်း
## လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ဆန်းစစ်ခြင်း

သုတေသနအစီရင်ခံစာ

အသံ - လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်လှုပ်ရှားမှုအဖွဲ့